ဦးဇခုန်တိန့်ယိမ်းအား အသရေဖျက်စေမှု ပုဒ်မဖြင့် ဒဏ်ငွေ၅သိန်း ပေးဆောင်ရန် တရားရုံးက အပြီးသတ် အမိန့်ချမှတ်

စာ .. ၅ သို့ »

"ငှက်ပျောပင် စိုက်ပျိုးခြင်းနှင့် အမျိုးသမီးတို့၏ ဘဝများစွာ" သုတေသနစာအုပ်ကိုဆွေးနွေးတင်ပြခြင်းပြုလုပ်

စာ .. ၂၄ သို့ »


# မြစ်ကြီးနားသတင်း ဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်ကို KBZ Pay ဖြင့် ငွေပေးချေပြီး ဝယ်ယူဖတ်ရှုနိုင်ပြီ

KBZ Pay

အတွဲ (၆) အမှတ် (၃၁) | 'ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ' | (အောက်တိုဘာ ၃၀၊ ၂၀၁၉)

၁၅ရက် တစ်ကြိမ် ထုတ်ဝေသည် | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


## မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆဲရေးအတွက် ထာဝရတားဝရမ်း ထုတ်ပေးရေးအတွက် အမှုလျှောက်ထား




စာ .. ၃ သို့ »

လာမည့် စာသင်နှစ်တွင် အဝေးသင်တက်ရောက်သူများ အနီးကပ် ၂ ကြိမ် တက်ရောက်ရတော့မည်

စာ .. ၁၉ သို့ »

## ကချင်ပြည်နယ် မြေယာဥပဒေ ပြန်လည်ပြင်ဆင်ရေး အစပြုကော်မတီတစ်ရပ်ဖွဲ့စည်း

အပစ်အခတ် ရပ်စဲရေးအတွက် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့နှင့် အစိုးရ နိုဝင်ဘာလ လဆန်းပိုင်းတွင်သာ တွေ့ဆုံနိုင်တော့မည်

စာ .. ၄ သို့ »




Little Miss Earth Myanmar Winnner

ဂရေ့(စ်)နား

"သမီးဆုရတာ အရမ်းပျော်တယ်။ ဝမ်းသာပြီး စင် အောက်ဆင်းလာပြီး မာမားဆီ ဖုန်းဆက်မယ်။ ပါပါးဆီဖုန်းဆက်မယ်လို့ အဒေါ်ကို ပြောခဲ့တယ်"

စာ .. ၂၇ သို့ »

အစိုးရသက်တမ်း ၃ နှစ်ကျော်အတွင်း စည်ပင်ဝန်ကြီးဌာနမှ ပထမဦးဆုံးအကြိမ် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ




စာ .. ၇ သို့ »


စည်ပင်သာယာရေးအဖွဲ့ ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော
လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု Infograph
ကချင်ပြည်နယ် အစိုးရသစ် တက်လာသည့် ၃ နှစ်ကျော်ကာလ အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြစ်သော လမ်း၊တံတား၊ရေးပေးဝေရေး၊ ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အထိ လမ်းဆောက်လုပ်ပြီးစီးမှု အခြေအနေ
၂၀၁၆ -၁၇
မိုင်ပေါင်း (၂၈)မိုင်
လမ်းအရေအတွက် - ၁၈၄
ခွင့်ပြုငွေ - ၂၁၅၅ သန်း
၂၀၁၇ -၁၈
မိုင်ပေါင်း (၃၂)မိုင်
လမ်းအရေအတွက် - ၂၁၀
ခွင့်ပြုငွေ - ၃၃၁၈.၄၂သန်း
၂၀၁၈ Mini
မိုင်ပေါင်း (၈)မိုင်
လမ်းအရေအတွက် - ၉၉
ခွင့်ပြုငွေ -၉၀၇.၇၄သန်း
၂၀၁၈ -၁၉
မိုင်ပေါင်း (၂၉)မိုင်
လမ်းအရေအတွက် - ၂၂၁
ခွင့်ပြုငွေ -၂၉၇၃.၁၉၅သန်း
ဆောက်လုပ်ပြီးစီးခဲ့သော လမ်းအမျိုးအစားများ
နိုင်လွန်ကတ္တရာ
ကွန်ကရစ်လမ်း
ကတ္တရာလမ်း
ကျောက်ချောလမ်း
သဲကျောက်လမ်း
ကတ္တရာလမ်းပေါက်ဖာ
မြေလမ်း
မြစ်ကြီးနားသတင်းဂျာနယ်


AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)
Vip 1+1+1 TABLET အထူးကားသစ်ကြီးများဖြင့်
နေ့စဉ် နံနက် ၁၁း၀၀နာရီ ပြေးဆွဲနေပါပြီ ...
✓ မြစ်ဖျားရောအဝေးပြေးယာဉ်ရပ်နားစခန်း
✓ အဝင်လမ်း၊ အခန်းနံပါတ် (၂၉) တွင်လာရောက်စီးနင်းနိုင်ပါသည်။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777, 09420225888, 09793211170, 09793211180

# မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်စဲရေးအတွက်

## ထာဝရတားဝရမ်း ထုတ်ပေးရေးအတွက် အမှုလျှောက်ထား




အောက်တိုဘာ ၂၅

မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကို ရပ်စဲရန်အတွက် ထာဝရတားဝရမ်း ထုတ်ပေးရန်အတွက် မြစ်ကြီးနားခရိုင်တရားရုံးသို့ အောက်တိုဘာ ၂၅ ရက်နေ့က အထက်တန်းရှေ့နေ ဦးဖိုးဖြူက တရားလိုပြုလုပ်ကာ အမှုလျှောက်ထား တရားစွဲဆိုမှုတစ်ခု ပြုလုပ်ခဲ့သည်။

“ကျွန်တော်တို့ လျှောက်ထားတဲ့ အကြောင်းအရာကတော့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဆိုင်းဘုတ်ကို ဖြုတ်လိုက်တယ်။ ဒါပေမဲ့လို့ စီမံကိန်းက ဆက်လက်အကောင်ထည်ဖော်နေဆဲဘဲ ဆောင်ရွက်နေဆဲဖြစ်တယ်လို့ ဒေသခံတွေရဲ့ ပြောကြားချက်အရ သိရှိရတယ်။ ဒါကြောင့်မို့ တိုင်းရင်းသူ/သားတွေအနေနဲ့ရော ပြည်သူတစ်ရပ်လုံး အနေနဲ့ရော မြစ်ဆုံစီမံကိန်းရပ်စဲဖို့၊ ဒီဆည်ကြီး တည်ဆောက်နေမှုကို ရပ်ဆိုင်းဖို့၊ ဆန္ဒရှိကြတယ်။ ဒါကြောင့် မြစ်ကြီးနားခရိုင်တရားရုံးမှာ မြစ်ဆုံစီမံကိန်း ရပ်စဲဖို့အတွက် ထာဝရတားဝရမ်းကို လာရောက်လျှောက်ထား တရားစွဲဆိုတာဖြစ်ပါတယ်”ဟု အထက်တန်းရှေ့နေ ဦးဖိုးဖြူကပြောသည်။

၎င်းသည် မြစ်ဆုံဒေသရှိ ဒေသခံ ၃၀၂ ဦး၏ ကိုယ်စားလှယ်တစ်ဦး အနေဖြင့် မြစ်ဆုံစီမံကိန်း ဆောင်ရွက်နေသည့် ကုမ္ပဏီ ၂ ခုကို တရားလိုပြုလုပ်ကာ အမှုလျှောက်တရားစွဲဆို ထားကြောင်း၊ တားဆီးမှုမပြုလုပ်ပါက တရားလိုများနှင့် ပြည်သူလူထု တစ်ရပ်လုံး အကြီးအကျယ် ထိခိုက်နစ်နာမည်ဖြစ်သောကြောင့် မြစ်ဆုံစီမံကိန်းရပ်စဲရန် ထာဝရတားဝရမ်း ထုတ်ပေးရန် လျှောက်ထားရခြင်း ဖြစ်ကြောင်း ၎င်းကပြောသည်။

“လျှောက်ထားခံရတဲ့လူတွေကတော့ မြစ်ဆုံစီမံကိန်းကို အကောင်အထည်ဖော်နေတဲ့ SPIC ကုမ္ပဏီရယ်၊ နောက်ပြီး တရားစွဲဆိုခံထားရတဲ့ထဲမှာ အေးရှားဝေါကုမ္ပဏီရောပါတယ်။ ဒီစီမံကိန်းကြီးကို အကောင်အထည်ဖော်နေတဲ့ ကုမ္ပဏီနှစ်ခုကို ကျွန်တော်တို့တရားစွဲဆိုတာဖြစ်ပါတယ်”ဟု အထက်တန်းရှေ့နေဦးဖိုးဖြူက ရှင်းပြပြောဆိုသည်။

ထိုသို့ အမှုလျှောက်ထားမှုအပေါ် မြစ်ကြီးနားခရိုင်တရားရုံးမှ တရားသူကြီးမှ ၎င်းအားဆင့်ခေါ်ကာ ယင်းအမှုကို လက်ခံရန်သင့်၊ မသင့် လာမည့်နိုဝင်ဘာ ၈ ရက်နေ့တွင် ဆုံးဖြတ်ရန် ရုံးချိန်း ချိန်းဆိုခဲ့ကြောင်း ၎င်းမှ သိရသည်။

“ဒီလိုတရားစွဲဆိုတဲ့အမှုကို ခရိုင်တရားသူကြီးက ဒီနေ့ပဲ ကျွန်တော်ကိုဆင့်ခေါ်ပါတယ် ဆင့်ခေါ်ပြီးတဲ့အခါမှာ အဆိုလွှာကို စိစစ်မယ်လို့ အကြောင်းပြန်ပါတယ်။ အဆိုလွှာစိစစ်တာအတွက်ကို နောက်တစ်ပတ်ရုံးချိန်းမှာထုတ်ပြန်ပေးမယ် တစ်နည်းအားဖြင့်တော့ အမှုလက်ခံမယ်၊ လက်မခံဘူးဆိုတာနဲ့ ပတ်သက်ပြီးတော့ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျွန်တော်တို့ တရားစွဲဆိုတဲ့ မြစ်ဆုံစီမံကိန်း ထာဝရ ရပ်စဲရေးအတွက် ထာဝရ တားဝရမ်းထုတ်ပေးရေး တရားစွဲဆိုမှုကို လက်ခံမယ် လက်မခံဘူး အမိန့်တစ်စုံတစ်ရာကို ထုတ်ပြန်ဖို့အတွက် ရုံးချိန်းလိုက်ပါတယ်”ဟု ဦးဖိုးဖြူက ပြောသည်။

မြစ်ဆုံစီမံကိန်း ရပ်စဲရေးအတွက် ထာဝရ တားဝရမ်း ထုတ်ပေးရေးအတွက် ဒေသခံများက ဆန္ဒရှိနေကြပြီး ထိုသို့ ထုတ်ပေးအရေးအတွက်လည်း တောင်းဆိုကြောင်း ဒေသခံများက ပြောသည်။

မြစ်ဆုံစီမံကိန်း ဆိုင်းဘုတ်ဖြုတ်သွားသော်လည်း စီမံကိန်းရပ်ဆိုင်းသည်၊ မရပ်ဆိုင်းသည်ကို တိတိကျကျ မသိရှိရသေးကြောင်းနှင့် ဒေသခံပြည်သူလူထုအနေဖြင့် ထာဝရ တားဝရမ်းထုတ်ပေးရန် တောင်းဆိုလိုခြင်းကြောင့် ပါဝင်ရခြင်းဖြစ်ကြောင်း မြစ်ဆုံ၊ တန်ဖရဲကျေးရွာမှ ဒေသခံ ဦးဇော်လွမ်က ပြောသည်။

“ကျွန်တော်တို့ ရွှေ့ပြောင်းခံရတဲ့လူတွေက အရမ်းကို အခက်အခဲဖြစ်နေပါတယ်၊ စားဝတ်နေရေးတွေ ကြပ်တည်းလာတယ်။ ကိုယ်လုပ်ချင်တာတွေ လုပ်လို့မရဘူး၊ နဂိုနေရာကို လွတ်လွတ်လပ်လပ် လုပ်ကိုင်လို့မရဘူး။ အသွားအလာတွေ အရမ်းခက်ခဲလာတယ်။ မြစ်ဆုံဆိုင်းဘုတ်သာဖြုတ်သွားတာ အထဲမှာက ဝင်ကြည့်လို့လည်း မရဘူး။ လုပ်နေဆဲလား၊ မလုပ်နေဆဲလား ပြည်သူတွေက လုံးဝမသိရဘူး။ ဖြစ်ချင်တာက ထာဝရတားဝရမ်းထုတ်ပြီဆိုလို့ ရှိရင် ကျွန်တော်တို့ လွတ်လွတ်လပ်လပ် နေခွင့်ပေးပါလို့ တောင်းဆိုချင်တယ်”ဟု ဦးဇော်လွမ်က ပြောသည်။

ပြန်လည် နေရာချပေးသည့် အောင်မြင်သာ ကျေးရွာတွင် နေထိုင်ရသော်လည်း စားရေးသောက်ရေး၊ လယ်ယာ လုပ်ငန်းရေးနှင့် ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေး များစွာအခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟုလည်း အောင်မြင်သာကျေးရွာနေ ဒေါ်ဂျာတန်က ပြောသည်။

“အောင်မြင်သာမှာ နေရတာက ခုလောလောဆယ်က ထွက်ပေါက်မရှိတဲ့ သဘောဖြစ်နေတယ်။ ကျွန်မ ဆိုရင် အိမ်ထောင်ထဲမှာလည်း ကျွန်မပဲ ဦးဆောင်နေရတာဆိုတော့ ကလေးတွေကို ရောဘွဲ့တွေရတဲ့အထိမသင်ပေးနိုင်ဘူးပေါ့။ ၁၀ တန်းတောင်မဖြေနိုင်ဘူးပေါ့ အဲဒါကြောင့် အရမ်းဒုက္ခရောက်ရတယ်၊ သားသမီးတွေလည်း ပညာရေး ဆုံးခန်းတိုင်အောင် မသင်ရဘူး ကျွန်မရော ကျန်းမာရေးမကောင်းဘူး။ ဒါကြောင့် ဘာစီးပွားရေးမှ မလုပ်နိုင်ဘူး။ အတတ်နိုင်ဆုံးတော့ အခုတင်ပြထားတဲ့ တရားစွဲချက်ကို သဘောတူပါတယ်။ တကယ်ပဲ ဒီ မြစ်ဆုံရေကာတာက ထာဝရ ရပ်ဆိုင်းသွားပါစေလို့ ကျွန်မဆန္ဒရှိပါတယ်” ဟု မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

မြစ်ဆုံစီမံကိန်း တည်ဆောက်ပြီးပါက ခန့်မှန်းခြေထွက်ရှိမည့် လျှပ်စစ်မီဂါဝပ် ၆၀၀၀ မှ ၉၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ရရှိမည်ဖြစ်ပြီး၊ ကျန် ၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံက ရရှိမည်ဟု သဘောတူညီထားကြောင်းလည်း သိရှိရသည်။

အဆိုပါ မြစ်ဆုံစီမံကိန်းကို ယခင်အစိုးရ သမ္မတ ဦးသိန်းစိန်က ၎င်းသမ္မတသက်တမ်းအတွင်း စီမံကိန်းကို ရပ်ဆိုင်းပေးခဲ့သော်လည်း လက်ရှိအစိုးရ လက်ထက်တွင် စီမံကိန်းပြန်လည်စတင်မည်ကို ဒေသခံများက စိုးရိမ်လျက် ရှိနေသည်။

မြစ်ဆုံရေကာတာ စီမံကိန်းကို ၂၀၁၂ ခုနှစ်မှ စတင်ကာ ယာယီရပ်ဆိုင်းခဲ့ခြင်း ဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်နေ့က ၈ နှစ်ပြည့်ခဲ့ပြီး ဖြစ်သည်။

မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း ဆိုင်းဘုတ်ကို ပြီးခဲ့သည့် စက်တင်ဘာ ၂၀ ရက်နေ့ ညနေပိုင်းက တရုတ်ကုမ္ပဏီမှ လာရောက်ဖြုတ်သိမ်းသွားခဲ့ကြောင်းလည်း ဒေသခံများမှ သိရသည်။ ■

Salai ၊ Ah je



မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်

**ဦးဆောင်ညွှန်ကြားရေးမှူး**
ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊
အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီစာရိုက်**
ဝေဝေ

**Website**
La Tawng

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**Researcher & Advertorial**
ဆိုင်းတူး

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်နောင်တူး

**တန်ဖိုး**
၈၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊
တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄

၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်၏
တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင်
ဖော်ပြပါရှိသော သတင်းများအတွက်
ငွေကြေးသော်လည်းကောင်း၊
တံစိုးလက်ဆောင်သော်လည်းကောင်း၊
လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ
မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ်
ရင်ထိုးတပ်ဆင်ထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်
သတင်းထောက်ဖြစ်ပါသည်။

# အပစ်အခတ် ရပ်စဲရေးအတွက် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့နှင့် အစိုးရ နိုဝင်ဘာလ လဆန်းပိုင်းတွင်သာ တွေ့ဆုံနိုင်တော့မည်



အောက်တိုဘာ ၂၅

မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့နှင့် အစိုးရနိုဝင်ဘာလဆန်းပိုင်းတွင်သာ တွေ့ဆုံနိုင်တော့မည် ဖြစ်ကြောင်း ငြိမ်းချမ်းရေး ဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG) အဖွဲ့မှ သိရသည်။

မြောက်ပိုင်းမဟာမိတ်အဖွဲ့ ၄ ဖွဲ့ ကချင်လက်နက်ကိုင်အဖွဲ့ (KIA)၊ ရခိုင်လက်နက်ကိုင်အဖွဲ့ (AA)၊ တအောင်းလက်နက်ကိုင်အဖွဲ့(TNLA)၊ ကိုးကန့်လက်နက်ကိုင်အဖွဲ့ (MNDAA) တို့နှင့် အစိုးရဘက်မှ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)နှင့် ငြိမ်းချမ်းရေးကော်မရှင်(PC)တို့သည် ပြီးခဲ့သည့် စက်တင်ဘာ ၁၇ ရက်နေ့တွင်လည်း ကျိုင်းတုံမြို့တွင် တွေ့ဆုံခဲ့ကြပြီး နောက်အောက်တိုဘာလအတွင်း သီတင်းကျွတ်နောက်ပိုင်းမှတွေ့ဆုံရန် သဘောတူခဲ့ကြသော်လည်း နိုဝင်ဘာလတွင်သာ တွေ့ဆုံနိုင်တော့မည်ဖြစ်ကြောင်း ဦးလမိုင်ဂွန်ဂျာက ပြောသည်။

"သီတင်းကျွတ်နောက်ပိုင်းမှာ တွေ့ဆုံဖို့ပြောထားပေမယ့်လည်း NRPC အနေနဲ့ လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေနဲ့ NCA ၄ နှစ်ပြည့်အထိမ်းအမှတ်ကို ခုအောက်တိုဘာ ၂၆၊ ၂၇၊ ၂၈ မှာ တွေ့ဆုံဖို့ရှိတဲ့အတွက်ကြောင့်မို့ ဒီလကတော့ သူတို့အတွက် အချိန်မအားတော့ဘူးဖြစ်သွားလို့ နိုဝင်ဘာပထမအပတ်မဟုတ်ရင် ဒုတိယ အပတ်မှာတွေ့ဖို့ အတွက်ပြောထားတာရှိတယ်" ဟု ဦးလမိုင်ဂွန်ဂျာက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

ယခုကဲ့သို့ နိုဝင်ဘာလလဆန်းပိုင်းတွင် တွေ့ဆုံရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့ကိုလည်း အကြောင်းကြားထားပြီး ဖြစ်ကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

အစိုးရ ဘက်ပိုင်းတွင် NCA နှစ်ပတ်လည်ပွဲ၊ လက်မှတ်ရေးထိုးထားသည့် အဖွဲ့နှင့် ၂၁ ရာစုပင်လုံ ညီလာခံ လုပ်ငန်းစဉ်များ ပြန်လည်စတင်ရန် ဆွေးနွေးမှုများ ရှိနေခြင်း၊ UPDJC အတွင်းရေးမှူးအဖွဲ့များ ပြည်ပလေ့လာရေး ခရီးသွားရန်ရှိခြင်းများကြောင့် အချိန်၊နေ့ရက်များကို ပြန်လည်ညှိနှိုင်းကြမည်ဟု သဘောတူခဲ့ကြကြောင်း စက်တင်ဘာ ၁၇ ရက်နေ့ တွေ့ဆုံပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောဆိုထားခဲ့သည်။

စက်တင်ဘာ ၁၇ ရက်နေ့က ပြုလုပ်သည့် ကျိုင်းတုံ တွေ့ဆုံဆွေးနွေးပွဲသည် အစိုးရနှင့် မြောက်ပိုင်း ၄ ဖွဲ့၏ လေးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ယင်းတွေ့ဆုံပွဲတွင် Bilateral အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရန် ဆက်လက်ညှိနှိုင်းမည့် အချက်(၇)ချက်ကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

မြောက်ပိုင်း လက်နက်ကိုင်အဖွဲ့ ၄ ဖွဲ့နှင့် အစိုးရအဖွဲ့တို့သည် အပစ်ရပ်စဲရေး ဆောင်ရွက်ရန်အတွက်ပြီးခဲ့သည့် ဧပြီလ ၃၀ ရက်နေ့က မူဆယ်မြို့၊ ဇွန်လ ၃၀တွင် မိုင်းလားတွင် လည်းကောင်း၊ ကျိုင်းတုံမြို့တွင် ဩဂုတ်လ ၃၁ရက်နေ့တွင်နှင့် စက်တင်ဘာ ၁၇ ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ ■

Salai

# ကေအိုင်အိုနှင့် အစိုးရ ချင်းမိုင်တွင် အလွတ်သဘောတွေ့ဆုံ

အောက်တိုဘာ ၂၄

ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နှင့် အစိုးရအဖွဲ့ ငြိမ်းချမ်းရေး ကော်မရှင်(PC)ကိုယ်စားလှယ်တို့သည် အောက်တိုဘာ ၁၇ ရက်နေ့က ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် အလွတ်သဘောတွေ့ဆုံခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များနှင့် ငြိမ်းချမ်းရေးကော်မရှင်ဘက်တွင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦး၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦးတို့ ပါဝင်ကြောင်းလည်း သိရသည်။

တွေ့ဆုံပွဲတွင် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့လုံး Bilateral အပစ်အခတ်ရပ်စဲရေးလက်မှတ် ရေးထိုးနိုင်ရေးအတွက် အဓိကထား ဆွေးနွေးခဲ့ကြကြောင်းလည်း ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG) အဖွဲ့မှ တာဝန်ရှိသူ ဦးလမိုင်ဂွန်ဂျာက ပြောသည်။

"ချင်းမိုင်မှာ အလွတ်သဘောတွေ့တာပါ အကြောင်းအရာကတော့ ပြန်ပြီး တွေ့ဆုံဖြစ်ဖို့အတွက် ဘယ်နေ့ဘယ်ရက်မှာ ပြန်တွေ့နိုင်ဖို့အတွက် ပြောကြတာပေါ့။ လေးဖွဲ့စလုံး Bilateral အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ဖို့အတွက် ဒါတွေကို ဆွေးနွေးတယ်လို့ သိရတယ်။ အဓိကတော့ အပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ရေးထိုးနိုင်ဖို့အတွက်ပါ။ လက်မှတ်ရေးထိုးပြီးတဲ့ နောက်ပိုင်းမှ (၄)ဖွဲ့နှင့်လက်မှတ်ထိုးတဲ့အစီအစဉ်တွေ သူတို့လုပ်မယ် နောက်မှ တစ်ဖွဲ့ချင်းစီ ဆွေးနွေးသင့်ရင်လည်း ဆွေးနွေးကြမှာပေါ့လေ။ အဲ့လိုအကြောင်းအရာတွေ ဆွေးနွေးကြတယ်လို့ သိရပါတယ်"ဟု ဦးလမိုင်ဂွန်ဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ တွေ့ဆုံမှုနှင့်ပတ်သက်ပြီး ကချင်လွတ်လပ်ရေးအဖွဲ့(KIO) အဖွဲ့မှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူကို မေးမြန်းရန်အတွက် ဖုန်းဖြင့် ဆက်သွယ်ခဲ့သော်လည်း မရရှိခဲ့ပေ။

မြောက်ပိုင်းမဟာမိတ်အဖွဲ့ ၄ ဖွဲ့ဖြစ်သည့် ကချင်လက်နက်ကိုင်အဖွဲ့ ( KIA)၊ ရခိုင် လက်နက်ကိုင်အဖွဲ့ (AA)၊ တအောင်းလက်နက်ကိုင်အဖွဲ့(TNLA)၊ ကိုးကန့်လက်နက်ကိုင်အဖွဲ့ (MN-DAA) တို့နှင့် အစိုးရဘက်မှ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ငြိမ်းချမ်းရေးကော်မရှင် (PC)တို့သည် လာမည့် နိုဝင်ဘာလ လဆန်းပိုင်းတွင် တွေ့ဆုံနိုင်ရန် ရှိနေသည်။ ■

Salai

# လာမည့်ရွေးကောက်ပွဲတွင် ကချင်ပြည်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ




အောက်တိုဘာ ၂၆

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပါတီ တည်ထောင်ခြင်း ၃၁ နှစ်ပြည့် အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်နေ့ကမြစ်ကြီးနားမြို့ရှိရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဌာနချုပ်ရုံးခွဲ(ကချင်ပြည်နယ်)တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ၃၁ နှစ်ပြည့်အခမ်းအနားကို ပါတီ ဌာနချုပ်ရုံးခွဲ အခြေစိုက်သည့် ရှမ်းပြည်နယ်မြောင်းပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အမိက ကျင်းပရခြင်းဖြစ်ကြောင်း ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အတွင်းရေးမှူး ဦးစိုင်းကျော်သီဟက ပြောသည်။

လာမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင်လည်း ၎င်းတို့အနေဖြင့် ကချင်ပြည်နယ် အတွင်းရှိ အားကောင်းသည့် မြို့နယ် ၅မြို့နယ်ခန့်တွင်ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

"ကချင်မှာ ရှမ်းတွေအများကြီးရှိပါတယ်။ မြို့နယ်ရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း ရှမ်းစကား မပြောတတ်ကြလို့သာ ရှမ်းမှန်းမသိကြတာလည်းရှိတယ်။ ရှမ်းတွေကအများကြီးရှိပါတယ်။ ရှမ်းလူမျိုးတွေကို နိုင်ငံရေးအရ ပြန်စုစည်းဖို့ ပြန်စုစည်းပြီးမှ ရှမ်းလူမျိုး စည်းလုံးညီညွတ်ရေးကနေ ပြည်နယ်သူ/သား စည်းလုံးညီညွတ်ဖို့ စည်းလုံးညီညွတ်တဲ့ ပြည်နယ်ကနေ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုကိုသွားဖို့ အဲ့လို ရည်ရွယ်ပါတယ်"ဟု ဦးစိုင်းကျော်သီဟက ပြောသည်။

၁၉၉၀ ခုနှစ် နောက်ပိုင်းတွင် ကချင်ပြည်နယ်အတွင်းတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပါတီ ရပ်တန့်ခဲ့ပြီး ၂၀၁၅ နောက်ပိုင်း ပြန်လည်လှုပ်ရှားခဲ့ကြောင်းလည်း ဦးစိုင်းကျော်သီဟက ပြောသည်။

"၁၉၉၀ မှာ ကျွန်တော်တို့ လှုပ်ရှားခဲ့ပြီး ကြားထဲမှာ နိုင်ငံရေးပါတီတွေ ရွေးကောက်ပွဲ မရှိတဲ့အချိန်မှာ ကျွန်တော်တို့ ခေါင်းဆောင်တွေလည်း ဆုံးပါးသွားတာတွေကြောင့် ရပ်တန့်ခဲ့ရတာပါ။ ဒီနောက်ပိုင်း ၂၀၁၅ မှာ ရွေးကောက်ပွဲရှိမှ ပြန်လှုပ်ရှားဖြစ်ခဲ့တာပါ"ဟု ၎င်းက ရှင်းပြပြောဆိုသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပါတီကို ၁၉၈၈ ခုနှစ်တွင် တစ်ပါတီအာဏာရှင်စနစ်ပြုတ်ချကာ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲစနစ် ပြောင်းလဲခဲ့ချိန်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၆ ရက်နေ့တွင် ၃၁ နှစ် ပြည့်မြောက်ခဲ့ခြင်းလည်း ဖြစ်သည်။

အလားတူတိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီသည်လည်း ၃၁ နှစ် ပြည့်မြောက်သည့် အထိမ်းအမှတ်အနေဖြင့် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီရုံးတွင် အောက်တိုဘာ ၂၆ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ ■

Salai

# ဦးဇခုန်တိန့်ယိမ်းကို အသရေဖျက်စေမှု ပုဒ်မဖြင့် ဒဏ်ငွေ၅သိန်း ပေးဆောင်ရန် တရားရုံးက အပြီးသတ် အမိန့်ချမှတ်

အောက်တိုဘာ ၂၆

ကချင်အထူးဒေသ (၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိမ်းအား ပုဒ်မ-၅၀၀(အသရေဖျက်မှု) ဖြင့် တရားစွဲဆိုထားသည့် အမှုကို မြစ်ကြီးနားမြို့နယ်၊ တရားရုံးမှ နိုဝင်ဘာလ ၂၄ ရက်နေ့က အပြီးသတ်အမိန့် ချမှတ်လိုက်ကြောင်း သိရသည်။

၂၀၁၅ မဲဆွယ်ကာလအတွင်းက ဦးမုတ်ရင်ဒေါင်ဟောင်းနှင့် ၂ ဦးကို ဦးဇခုန်တိန့်ယိန်းက သရေပျက်စေရန် ရည်ရွယ်ပြီး မဟုတ်မမှန်ရေးသား ဖြန့်ဝေခဲ့သောကြောင့် ဦးမုတ်ရင်ဒေါင်ဟောင်းက တရားစွဲဆိုပြီး တိုင်တန်းချက် မှန်ကန်သဖြင့် ဦးဇခုန်တိန့်ကို ဒဏ်ငွေငါးသိန်း ပေးဆောင်ရန်စေပြီး၊ မပေးဆောင်ပါကထောင်ဒဏ်လေးလ ကျခံရမည်ကြောင်း တရားသူကြီးမှ အပြီးသတ်အမိန့် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

"ဒီအမိန့်နဲ့ ပတ်သက်ပြီးတော့ ဘာမှတ်ချက်မှတော့ မပေးလိုပါဘူးဗျ။ တရားရုံးကနေ သင့်တော်မျှတတဲ့ အမိန့်ချမှတ်တယ်လို့ပဲ မြင်ပါတယ်"ဟု တရားလိုဘက်မှ အမှုလိုက်ပါဆောင်ရွက်ပေးခဲ့သည့် တရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းက ပြောသည်။

ဦးဇခုန်တိန့်ယိန်း သည် ရွေးကောက်ပွဲများတွင်ဆော့လော်မြို့နယ်၊ မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပြီး၊ မဲဆွယ်ကာလက လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ဦးမုတ်ရင်ဒေါင်ဟောင်း၊ ဦးလယောက်ဇယ်လွမ်းနှင့် ဦးဘုတ်ထောခေါင်တို့သုံးဦးအား ဂုဏ်သိက္ခာထိခိုက်စေသည့် အသုံးအနှုန်းများ ပါဝင်သည်ဟုဆိုကာ ဦးမုတ်ရင်ဒေါင်ဟောင်းက တရားစွဲဆိုပေးရန် မြစ်ကြီးနားမြို့နယ် တရားရုံးသို့ ၂၀၁၆ ခုနှစ်အောက်တိုဘာလ ၁၉ ရက်နေ့က ဦးတိုက်လျှောက်ခဲ့ခြင်း ဖြစ်သည်။

ဦးဇခုန်တိန့်ယိန်း သည် အထက်ပါချမှတ်သည့် အမိန့်အတိုင်း ငွေကျပ်ငါးသိန်း ဒဏ်ငွေပေးဆောင်ခဲ့သည်ဟု သိရပြီး တရားစွဲဆိုချိန်မှ စတင်ပြီး အမိန့်ချမှတ်သည့်အချိန်အထိ ၃ နှစ်ကျော် တရားရင်ဆိုင်ခဲ့ရသည်။ ■

စည်သူ(မြစ်ကြီးနား)

## အယ်ဒီတာ့အာဘော် Editorial

### ခိုင်မာတဲ့ဒီမိုကရေစီစနစ်ဖြစ်တည်ဖို့အတွက် လိုအပ်ချက်

ရေရှည်တည်တံ့ခိုင်မာတဲ့ ဒီမိုကရေစီ စနစ်ကို ရရှိဖို့အတွက် ကဏ္ဍ ၃ ရပ်ကို မေ့ထားလို့ရမယ် မထင်ပါဘူး။ ပထမ နိုင်ငံရေးပါတီတွေ၊ ဒုတိယ အရပ်ဖက်အဖွဲ့အစည်းနဲ့ တတိယကတော့ နိုင်ငံရေးသမားတွေ စတဲ့ ကဏ္ဍတွေလို့ နိုင်ငံရေးပညာရှင်တစ်ချို့ ဆွေးနွေးထားတာတွေ့ရပါတယ်။

ဒီမိုကရေစီစနစ်ရဲ့ အပြောင်းအလဲ ပြုလုပ်ပေးရာမှာ နိုင်ငံရေးပါတီတွေဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်မှု မရှိနိုင်ပါဘူး။ သို့သော် ဒီ နိုင်ငံရေးပါတီတွေဟာ သိပ်အရေးကြီးပါတယ်။ နောက်ပြီး ဒီ နိုင်ငံရေးပါတီတွေ မရှိဘူးဆိုရင် ဒီမိုကရေစီ အပြောင်းအလဲတွေ လုပ်နိုင်မှာ မဟုတ်ပါဘူး။ အထူးသဖြင့် ရွေးကောက်ပွဲနိုင်ငံရေးတွေမှာပါ။ နိုင်ငံရေးပါတီတွေကမှတစ်ဆင့်သာ ကိုယ်စားပြုဒီမိုကရေစီကို လက်တွေ့အကောင်အထည်ဖော်နိုင်လို့ပါပဲ။

အခုလက်ရှိ ကျွန်တော်တို့နိုင်ငံမှာ တည်ဆဲအထက်တန်းလွှာလူတန်းစားအုပ်စုလို့ တင်စားလို့ရတဲ့ အုပ်စုတွေ စုဖွဲ့ထားတဲ့ ပါတီကြီးနဲ့ အင်အားစုအသစ်တွေကို စုဖွဲ့ထားတဲ့ ပါတီကြီးဆိုပြီး ပါတီနှစ်ခု ရှိနေပါတယ်။ ဒီ ပါတီကြီးနှစ်ခု ညီညွတ်လက်တွဲပြီး အားကောင်းတဲ့ ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်းတွေ တည်ထောင်နိုင်မယ်ဆိုင်ရင်တော့ ရေရှည်တည်တံ့ခိုင်မာတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှာ မလွဲပါဘူး။

ဒါမှမဟုတ် ဒီ ပါတီကြီးနှစ်ခု အချင်းချင်း နားလည်မှုလွဲပြီး တစ်လွဲလျှောက်လုပ်နေရင်တော့ ဒီမိုကရေစီရေး လမ်းပျောက်ပြီး နောက်ကြောင်းပြန်လှည့်သွားနိုင်ပါတယ်။ ဒါ့အပြင် ရှိပြီးပါတီတွေပျောက်၊ ပါတီသစ်တွေပေါ်လာ၊ ငါးနှစ်တစ်ကြိမ် အစိုးရသစ်တွေတက်လာပြီး ပါလီမန်အတွင်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ တစ်ဦးနဲ့တစ်ဦး အယုံအကြည်မရှိဆိုပြီး ဖြုတ်ချ စတဲ့ဆိုးရွားတဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်လာနိုင်ပါတယ်။

ဒုတိယဖြစ်တဲ့ အရပ်ဖက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ နိုင်ငံရေး ပညာရှင်တွေ သုံးသပ်ထားတာကတော့ ဒီမိုကရေစီအပြောင်းအလဲ ဖြစ်စဉ်ရော ဒီမိုကရေစီခိုင်မာစေရေးအတွက်ပါ လိုအပ်တယ်ဆိုတာပါ။ အရပ်ဖက်အဖွဲ့အစည်းတွေ အားကောင်းတဲ့ ဖိလစ်ပိုင်၊ တောင်ကိုးရီးယား၊ ပီရူးနဲ့ ချက်ကိုစလိုဗက်ကီးယား နိုင်ငံတွေရဲ့ ဒီမိုကရေစီအပြောင်းအလဲ အောင်မြင်ခဲ့တာကို တွေ့ရပါတယ်။

အရပ်ဖက် အဖွဲ့အစည်းတွေဟာ နိုင်ငံရေးဆုံးဖြတ်ချက်တွေ ချမှတ်ခွင့်အာဏာ မရှိပါဘူး သို့သော် ဒီမိုကရေစီအပြောင်းအလဲအတွက်နဲ့ ဒီမိုကရေစီခိုင်မာစေရေးအတွက် အထောက်အကူ အများကြီးပေးပါတယ်။

ဒါပေမဲ့ ဒီအရပ်ဖက်အဖွဲ့အစည်းတွေအားလုံးကို အမြဲတမ်း အပေါင်းလက္ခဏာဆောင်တယ်လို့ ဆိုလို့မရပါဘူး။ တချို့ လူမျိုးစု ပဋိပက္ခရှိတဲ့နိုင်ငံတွေမှာ အနုတ်လက္ခဏာဆောင်သွားတာကိုလည်း တွေ့ရပါတယ်။ ယူဂိုဆလားဗီးယားပြည်ထောင်စုမှာ သက်ဆိုင်ရာလူမျိုးစုကို အခြေခံတဲ့ အရပ်ဖက် အဖွဲ့အစည်းတွေကြောင့် မျိုးဖြုတ်စစ်ပွဲတွေ ဖြစ်ခဲ့ပါတယ်။ ဆိုဗီယက်ယူနီယံပြိုကွဲခဲ့တာလည်း ဒီသဘောတွေပါတာကို တွေ့ရပါတယ်။

တတိယကတော့ နိုင်ငံရေးသမားတွေရဲ့ အခန်းကဏ္ဍပါ။ ပညာရှင်တွေကတော့နိုင်ငံရေးသမား သုံးမျိုးသုံးစား ရှိတယ်လို့ ဆိုပါတယ်။ အဲ့ဒါတွေကတော့ နိုင်ငံရေးကို ရေဆုံးရေဖျားမဟုတ်ပဲ အချိန်ပိုင်းဝင်လုပ်တဲ့ အပျော်တမ်းနိုင်ငံရေးသမားရယ်၊ နိုင်ငံရေးအာဏာရဖို့အတွက် အဓိကထားပြီး လုပ်တဲ့ ပါဝါနိုင်ငံရေးသမားရယ်၊ နိုင်ငံရေးအတွက် တစ်ဘဝလုံးမြှုပ်နှံထားတဲ့ ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမားတွေပါပဲ။

ဒီမိုကရေစီအရေး ကြိုးပမ်းလုပ်ရှားသူတွေထဲမှာ အပျော်တမ်းနိုင်ငံရေးသမားနဲ့ ပါဝါနိုင်ငံရေးသမားတွေက ဦးဆောင်မှုကဏ္ဍကနေ ကြိုးစားလှုပ်ရှားတတ်ပြီး တစ်ချို့က ဦးဆောင်မှု နေရာတွေကို ရယူထားနိုင်တတ်ကြပါတယ်။ ဒါပေမဲ့ ကြာရှည်မခံသူတွေပါ။ ချွင်းချက်အနေနဲ့ တစ်ချို့ကတော့ ပရော်ဖက်ရှင်နယ်နိုင်ငံရေးသမား ဖြစ်လာကြတာ တွေ့ရပါတယ်။ သို့သော် အင်မတန်ရှားပါတယ်။

ရေရှည်တည်တံ့ခိုင်မာတဲ့ ဒီမိုကရေစီစနစ်တစ်ခု ဖြစ်တည်လာဖို့ နိုင်ငံရေးပါတီအုပ်စု၊ အရပ်ဖက်အဖွဲ့အစည်းအုပ်စုနဲ့ နိုင်ငံရေးသမားအုပ်စုတွေဟာ အရေးကြီးလှပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ကိုယ်စီ မည်သည့် အုပ်စုတွင်းမှာ ရောက်နေပါစေ ရေရှည်တည်တံ့ခိုင်မာတဲ့ ဒီမိုကရေစီဖြစ်တည်ဖို့အတွက် အရေးကြီးကြောင်းနှလုံးသွင်းဖို့ လိုပါတယ်။ ■

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၃၀၊ ၂၀၁၉)

# ကျောက်စိမ်းပန်းပုပညာရှင်များဖြင့် ဝါသနာရှင်အသင်းကို မန္တလေးမြို့တွင် စတင်ဖွဲ့စည်း



အောက်တိုဘာ ၈

မြန်မာ့ကျောက်စိမ်း အခြောထည်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာ့ကျောက်စိမ်း ပန်းပုပညာရှင်များနှင့် ဝါသနာရှင်အသင်းကို မန္တလေးမြို့ ဒိုင်းမွန်းပလာဇာရှိ MIC Park ခန်းမမှာ ဒီနေ့မနက်က စတင်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ယင်း အသင်းကို ကျောက်စိမ်းပန်းပုပညာရှင် ၅၀ ဦးခန့်ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဖားကန့်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနဲ့ တရုတ်နိုင်ငံ ရွှေလီမြို့မှာ သွားရောက်လုပ်ကိုင်နေတဲ့ ပညာရှင်တွေနဲ့ ဖွဲ့စည်းခဲ့ဖြစ်ကာ အသင်းဖွဲ့စည်းရခြင်းသည် ကျောက်စိမ်းပန်းပုလက်ရာများ အဆင့်အတန်းမြင့်မားလာပြီး ဈေးကွက် ထိုးဖောက်နိုင်ရန်၊ ကျောက်စိမ်းပန်းပု ပညာရှင်နဲ့ ပန်းပုပညာများ ပိုမိုကျယ်ပြောလာစေရန် စတဲ့ ရည်ရွယ်ချက် ၁၀ ချက်နဲ့ ဖွဲ့စည်းဖြစ်ခဲ့တာလို့ အသင်းဖြစ်မြောက်ရေး ဦးဆောင်သူများက ဆိုသည်။

"အခုလို ဖွဲ့စည်းရတာဟာ နိုင်ငံတွင်းမှာ ပြန့်ကျဲနေတဲ့ ကျောက်စိမ်းပန်းပုပညာရှင်တွေကို တစ်စုတစ်စည်းထဲဖြစ်အောင်နဲ့ ပြည်တွင်း ကျောက်စိမ်းအခြောထည်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖွဲ့စည်းရတာ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ တခြားအသင်းအဖွဲ့တွေလိုမျိုးပေါ့။ ဥပမာ စာရေးဆရာအသင်း၊ ပန်းချီဆရာအသင်း၊ ဆရာဝန်အသင်းတွေပေါ့။ အဲဒီလိုပဲ ရှိစေချင်တာရယ်ကြောင့် လုပ်တာပါ"ဟု အသင်းဖြစ်မြောက်ရေး ဦးဆောင်သူ ဦးကျော်သူရက ပြောသည်။

ဆက်လက်ပြီး ဦးကျော်သူရက မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းများကို ပန်းပုအနုလက်ရာတွေ အနေဖြင့် ထုဆစ်ရောင်းချနိုင်ရန်ရည်ရွယ်ပြီး ဖွဲ့စည်းခြင်းဖြစ်ပြီး ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမျိုး မလုပ်ဘဲ၊ ကုန်ချော အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အနုလက်ရာများ အပြင် ဝယ်သူကြိုက် အနုလက်ရာများကိုလည်း အနုပညာမြောက်အောင် ထုလုပ်ရောင်းချနိုင်ရန်လည်း ရည်ရွယ်ကြောင်း ဆက်လက်ရှင်းပြသည်။

ကျောက်စိမ်း အခြောထည်နှင့် ကျောက်စိမ်းပန်းပုလုပ်ငန်းများသည် တရုတ်နိုင်ငံရှိ ရွှေလီ၊ ဂျယ်ဂေါင်၊ ရင်ကျန်းနှင့် ဖျင်ကျိူး၊ ကျယ်ယန်၊ စစ်ဌေ့ စတဲ့မြို့များတွင် များစွာ တိုးတက်နေပြီး ကျောက်စိမ်းပန်းပု အသင်းလေးများကို မြို့အလိုက် စနစ်တကျ ထားကြတယ်လို့လည်း တရုတ်နိုင်ငံသို့ လေ့လာခရီး သွားရောက်လည်ပတ်ခဲ့သည့် မြန်မာကျောက်စိမ်း ပန်းပုပညာရှင်များက ဆိုသည်။

"ကျနော်တို့ တရုတ်ပြည်ကို လေ့လာရေးခရီး သွားဖြစ်တယ်။ သူတို့ဆီမှာက ကျောက်စိမ်းပန်းပုလုပ်ငန်းလုပ်ကိုင်သူတွေ တစ်စုတစ်စည်းထဲရှိတဲ့ အသင်းလေးတွေဖွဲ့စည်းထားတာကိုတွေ့ခဲ့ရတယ်။လုပ်ငန်းတိုးတက်ဖို့အဲဒီမှာပဲ တိုင်ပင်ဆွေးနွေးညှိနှိုင်းကြတယ်။ ကျွန်တော်တို့ဆီမှာလည်း အဲလိုဖြစ်ရင် ကောင်းမှာပဲဆိုတဲ့ စိတ်နဲ့ ဒီအသင်းလေး ဖြစ်ပေါ်လာအောင် ကိုကျော်သူရတို့နဲ့ တိုင်ပင်ပြီး လုပ်ခဲ့ကြတာ"လို့လည်း ကျောက်စိမ်းပန်းပုပညာရှင် ကိုချစ်ကို(ခ)ကိုငွေရာသိန်းက ဖြည့်စွက်ပြောကြားသည်။

ကျောက်စိမ်းပန်းပု လုပ်ငန်းသည် မြန်မာနိုင်ငံမှာ မဖြစ်မနေရှိသင့်တဲ့ လုပ်ငန်းဖြစ်ပြီး ပညာရှင်အများအပြား ပေါ်ပေါက်လာရန်လည်း လိုအပ်လျက်ရှိပြီး ပညာရှင်များမှ တစ်ဆင့် လက်ဆင့်ကမ်း သင်ပေးရင်းဖြင့် နောင်လာနောက်သားများအတွက် မျှော်မှန်းကြိုးစားကြရန်လည်း ကိုချစ်ကိုမှ တိုက်တွန်းပြောကြားသည်။

"ဒီအသင်းလေး ဖြစ်ပေါ်လာတာကို ကြိုဆိုပါတယ် ။ ရည်ရွယ်ချက်တွေကလည်း အရမ်း ကောင်းပါတယ်။ ပညာရှင်တွေဘက်ကရော ဝါသနာရှင်တွေဘက်ရော ဒီပွဲကို တက်တက်ကြွကြွ ပါဝင်လာတာကိုတွေ့ရလို့ ဝမ်းသာရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းအနေနဲ့လည်း အားလုံးနဲ့တိုင်ပင်ပြီး ဒီအသင်းကို ကူညီထောက်ပံ့နိုင်ဖို့ ကြိုးစားသွားမှာပါ"ဟုလည်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးလှစိုးက ထောက်ခံပြောကြားသည်။

အထက်ပါ ကျောက်စိမ်းပန်းပု ပညာရှင်များအသင်းသည် မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များ အသင်းမှ ဦးဆောင်ဖွင့်လှစ်ထားသည့် မြန်မာ့ကျောက်မျက်ရတနာ သင်တန်းကျောင်းနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပြီး သင်တန်းဆင်းများကို အလုပ်အကိုင် ရှာဖွေပေးခြင်း မိမိသင်ကြားမည့် ဘာသာရပ်များနှင့် ကိုက်ညီအောင်လည်း ချိတ်ဆက်လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

# ကချင်လူငယ်နှစ်ဦးအမှု ကချင်ပြည်နယ်တရားလွှတ်တော်က 'ပ'လပ်

အောက်တိုဘာ ၂၆

ငြိမ်းစုစီ ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၅ ရက်ကျခံခဲ့ရသည့် ကချင်လူငယ် ၂ဦး၏ အမှု ကချင်ပြည်နယ်တရားလွှတ်တော်သို့ အမှုပြင်ဆင်/အယူခံရန် တက်ရောက်ထားမှုကို ပြည်နယ်ကချင်တရားလွှတ်တော်က ပ'လပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုပြင်ဆင်/အယူခံ တက်ရောက်ထားမှုကို လက်ခံရန် သင့်၊မသင့်ကို အောက်တိုဘာ ၁၇ ရက်နေ့က ပြည်နယ်တရားလွှတ်တော်က ဆုံးဖြတ်ခဲ့ပြီးပ'လပ်ခဲ့ခြင်း ဖြစ်သည်။



"ပြည်နယ်က ပ'လပ်တဲ့အဆင့်ပေါ့ နေပြည်တော်အထိတော့ မတက်ဖြစ်သေးဘူး။ တက်ဖြစ် မတက်ဖြစ်တော့ သေချာမဆုံးဖြတ်ရသေးဘူး လောလောဆယ်တော့ မသိရသေးဘူး ကိုပေါလုနှင့်မဆိုင်းနူးပန်းရဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်မယ်"ဟု တရားလွှတ်တော်ရှေ့နေဦးမာခါးက ပြောသည်။

၎င်းတို့ ၂ဦး၏ အမှုကိစ္စနဲ့ပတ်သက်ပြီး ရှေ့ဆက်လုပ်ဆောင်ရမည့် ကိစ္စရပ်များအား ကိုပေါလုနှင့်တိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ချက်တစ်ခုချသွားမည်ဖြစ်ကြောင်းလည်း မဆိုင်းနူးပန်းကပြောသည်။

"ကိုပေါလုနဲ့ ကျွန်မက မတွေ့ဖြစ်သေးဘူး ကျွန်မနိုင်ငံခြားခရီးစဉ် ရောက်နေတဲ့အတွက် ပြန်လာမှ ကိုပေါလုနဲ့ ဆွေးနွေးပြီးမှ ဘာတွေဆက်လုပ်မလဲဆိုတာ သိနိုင်မှာဖြစ်တယ် အခု သူ့ဘက်က ဘယ်လို ဆုံးဖြတ်မလဲဆိုတာ ဘာမှမသိရသေးဘူးဆိုတော့၊ နေပြည်တော်အဆင့်ထိသွားဖို့တော့ စဉ်စားထားတယ် ဘယ်လောက်အထိသွားမလဲဆိုတာတော့ အတိအကျမသိသေးဘူး" ဟု မဆိုင်းနူးပန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ငြိမ်းစုစီ ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၅ ရက် ကျခံခဲ့ရသည့် အမှုနှင့် ယင်းပြစ်ဒဏ်ချမှတ်သည့် နေ့တွင် ကချင်လူငယ် ကိုပေါလုမှ မြို့နယ်တရားသူကြီးကို ကြိုးပြတ်နေသည့်ချိန်ခွင် ပေးခဲ့ခြင်းကြောင့် ထောင်ဒဏ် ၃ လ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းတို့အတွက် ကချင်ပြည်နယ်တရားလွှတ်တော်တို့ အမှုပြင်ဆင်/အယူခံ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ယင်းအမှုနှင့် ပတ်သက်၍ အမှုပြင်ဆင်ရန်နှင့် အယူခံတက်ရန်အတွက် ခရိုင်တရားရုံးသို့ တင်ပြခဲ့စဉ် တင်ပြသည့်နေ့တွင် လက်မခံသင့်ကြောင်းဟု ဆိုတာ ပ'လပ်ခဲ့သည့်အတွက် ပြည်နယ် တရားလွှတ်တော်သို့ ဆက်လက် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၉ ရက်နေ့က တစ်ကျော့ပြန်စစ်ပွဲ ၈ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် မြစ်ကြီးနားမြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံနှင့် စိမ်းမြဇရာပန်းခြံကြား၊ ပြည်သူ့ရင်ပြင် အားကစားကွင်း နေရာများ၌ တေးသရုပ်ဖော် (Street Performance) ပြသမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မြို့နယ်ယာယီရဲမှူးမင်းသန့်ဇော်မှ တရားလိုပြုလုပ်ကာဦးဆောင်သူ ကိုပေါလုနှင့် မဆိုင်းနူးပန်တို့ကို ငြိမ်းစုစီ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့ပြီး မြို့နယ်နရားရုံးမှ စက်တင်ဘာ ၂ ရက်နေ့က ထောင်ဒဏ် ၁၅ ရက် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ငြိမ်းစီစုပုဒ် ၁၉ ဖြင့် ပြစ်ဒဏ်ချခံခဲ့ရသည့် မဆိုင်းနူးပန်သည် မြစ်ကြီးနားအကျဉ်းထောင်မှ စက်တင်ဘာ ၁၆ ရက်နေ့က ပြန်လည်လွတ်မြောက်လာခဲ့ပြီး ကိုပေါလုမှာ တရားသူကြီးကို ကြိုးပြတ်နေသည့် ချိန်ခွင်ပေးခဲ့ခြင်းကြောင့် ထောင်ဒဏ်ဆက်လက် ကျခံနေရဆဲ ဖြစ်သည်။ ■

Salai

# အစိုးရသက်တမ်း ၃ နှစ်ကျော်အတွင်း စည်ပင်ဝန်ကြီးဌာနမှ ပထမဦးဆုံးအကြိမ် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ




အောက်တိုဘာ၂၆

အစိုးရသက်တမ်း ၃ နှစ်ကျော်လာတဲ့ အချိန်မှတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယားရေဝန်ကြီးဌာနကနေ ပထမဦးဆုံးအကြိမ်အဖြစ် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာလ ၂၂ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။

ကချင်ပြည်နယ် အတွင်းမှာ စည်ပင်သာယာရေး ဝန်ကြီးဌာနကနေ လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းဆောင်တာတွေနဲ့ ရှေ့ဆက်လုပ်ဆောင်သွားမယ့် အကြောင်းတွေကို ပြည်နယ်အခြေစိုက် သတင်းဌာနတွေနဲ့ မေး/ဖြေ ပြုလုပ်ပေးခဲ့တာပါ။

စည်ပင်သာယာရေး ဝန်ကြီး ဦးနော်လီက ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့ ခေါင်းဆောင်တွေနဲ့အတူ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂ ရက်တာ ပြုလုပ်ပြီး အဲဒီအခြေအနေကို ပြည်သူလူထုထံ တင်ပြချင်လို့ အခုလို ရှင်းလင်းပွဲလုပ်တာဖြစ်တယ်လို့ ပြောပါတယ်။

သတင်း မီဒီယာတွေဘက်က ပထမဦးဆုံးအနေနဲ့ စည်ပင်သာယာရေးအဖွဲ့က ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က ဘတ်ဂျတ်အများဆုံး အသုံးပြုပြီး ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေနဲ့ လာမယ့်ဘဏ္ဍာနှစ်အတွက် အများအသုံးပြုပြီး ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေကို သိရှိလိုကြောင်း မေးမြန်းခဲ့ပါတယ်။

> ❝ လယ်ခင်းတွေက
> ဘယ်လိုဖြစ်လာသလဲဆိုရင် ၊
> ခေတ်ကာလ ကြာမြင့်လာတဲ့အခါကျတော့
> လူနေရပ်ကွက်တွေဖြစ်လာတယ်။
> ဒီကျူးနေပြီးသား ကိစ္စကို
> ဘယ်လိုဖြေရှင်းမလဲ ဆိုတော့
> ဌာနပေါင်းစုံ ပူးပေါင်းပြီးတော့မှ
> ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ် ❞

မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွင်းက လျာထားငွေ ၁၁ ဘီလီယံ ရှိပြီးတော့ အခွန်ကောက်ခံရရှိငွေက ၁၃ ဘီလီယံထိရှိကြောင်း၊ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် အတွက်လည်း ၁၂ ဘီလီယံလျာထားကြောင်း ဖြေကြားပေးခဲ့ပါတယ်။

"ကြီးကြီးမားမား သုံးစွဲမှုအနေနဲ့ ကျွန်တော်တို့ စည်ပင်သာယာရေး အဖွဲ့က သက်ဆိုင်ရာ မြို့နယ်အလိုက် မိမိမြို့နယ်မှာ ရရှိတဲ့ ဝင်ငွေခွန်ပေါ် မူတည်ပြီးတော့ မိမိမြို့နယ် စည်ပင်သာယာရေးကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သက်ဆိုင်ရာက လုပ်ငန်းတွေကို လုပ်သွားကြတာ ဖြစ်ပါတယ်။ အဓိကကတော့ လမ်းတံတား ရေပေးဝေရေး ဆောင်ရွက်တဲ့ အနေအထားဖြစ်ပါတယ်"လို့ ဦးစိုးလှိုင်က ဖြေကြားပေးခဲ့တာပါ။

ဒုတိယမေးခွန်းအနေနဲ့ တစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီးတော့ စည်ပင်သာယာရေးအဖွဲ့က ဘယ်လိုအခွန်ကောက်ပြီးတော့ အခွန်ကောက်ခံရရှိမှု အခြေအနေကို မေးမြန်းခဲ့ပါတယ်။

စည်ပင်သာယာရေးအနေဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် တစ်သျှူးငှက်ပျောအား 'ဘေးအန္တရာယ် လုပ်ငန်းလိုင်စင်' အနေဖြင့် ကောက်ခံခဲ့ကြောင်း၊ တရုတ်နိုင်ငံကို တင်ပို့တဲ့ ကားတစ်စီးချင်း အပေါ်တွင် ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ကားတစ်စီးလျှင် ရှစ်သောင်းကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိကြောင်း၊ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကားအစီးရေ ၂၈၁၀၀ ကျော်အား ကောက်ခံခဲ့ပြီး ၂ ဒသမ ၂ ဘီလီယံ (သန်ပေါင်း ၂၂၀၀) ကျော်ရရှိခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ် တစ်လအတွင်း ကားအစီးရေ ၉၈၀ ကျော်ကို ကောက်ခံရရှိပြီးဖြစ်ကြောင်း ဝိုင်းမော်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက ဖြေကြားပေးပါတယ်။

"ပြီးခဲ့တဲ့နှစ်က တစ်လအတွင်းမှာ အစီးရေ၅၀၀ ကျော်ရတယ်။ အခုတစ်လ အတွင်းမှာ အစီးရေ ၉၀၀ ကျော်ရရှိပြီးဖြစ်တဲ့အတွက် ဒီနှစ်က ပိုပြီးများမယ်လို့ ထင်တယ်" လို့ ဦးတင်မောင်ထွေးက ရှင်းပြပါတယ်။

နောက်ထပ်မေးခွန်းတစ်ခုကတော့ အိမ်ခွန်ကောက်တဲ့အခါ စည်ပင်ဝန်ထမ်းနဲ့ အိမ်ရှင်/အိမ်ငှားနဲ့ ဖြစ်တဲ့ ပြဿနာကို မေးမြန်းပါတယ်။ ဘယ်လိုမူဝါဒတွေ ချမှတ်ပြီး ကောက်ခံသလဲဆိုတာကို မေးမြန်းခဲ့ခြင်းဖြစ်ပါတယ်။

"အခွန်ကောက်တယ်ဆိုတာ သတ်မှတ်ထားတာရှိပါတယ်။ မိန်းလမ်းပေါ်မှာရှိတဲ့ အိမ်ဆိုရင် ဘယ်လိုကောက်ရမလဲ။ လမ်းကြားဆိုရင် ဘယ်လိုကောက်ရမလဲ ဆိုတာရှိပါတယ်" ဝန်ကြီး ဦးနော်လီမှ ဖြေကြားပါတယ်။

မြစ်ကြီးနားမြို့မှာ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေလွှမ်းမိုးခြင်းခံရတဲ့ ရပ်ကွက် ထက်ဝက်လောက်ဟာ ကျူးကျော်တွေဖြစ်ပြီးတော့ ဒီကျူးကျော်ကိစ္စတွေမှာ စည်ပင်အနေနဲ့ ဘယ်လိုကိုင်တွယ်ဖြေရှင်းပါသလဲလို့လည်း မေးခွန်းထပ်ထုတ်ခဲ့ပါတယ်။

"ဒါကျတော့ ကျွန်တော်တို့ စည်ပင်သာယာရေးအဖွဲ့နဲ့ပဲ ဖြေရှင်းလို့မရပါဘူး။ မြစ်ကြီးနားမြို့မှာ အရင်က လယ်ကွက်တွေပေါ့။ စပါးစိုက်တဲ့ လယ်ခင်းတွေက ဘယ်လိုဖြစ်လာသလဲဆိုရင်၊ ခေတ်ကာလ ကြာမြင့်လာတဲ့ အခါကျတော့ လူနေရပ်ကွက်တွေဖြစ်လာတယ်။ ဒီကျူးနေပြီးသား ကိစ္စကို ဘယ်လိုဖြေရှင်းမလဲ ဆိုတော့ ဌာနပေါင်းစုံ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"လို့ ဝန်ကြီးက ရှင်းပြပါတယ်။

မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ကျူးကျော်ရပ်ကွက်များအား လယ်/ဆည် ဝန်ကြီးနဲ့အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး တရားဝင်ရပ်ကွက်များဖြစ်လာရေး ဆောင်ရွက်နေကြောင်း၊ ကျူးကျော်ရပ်ကွက်များဟာ တရားဝင်ခြင်းမရှိတဲ့အတွက် စည်ပင်အနေနဲ့ မည်သည့်အခွန်အခကိုမှ မကောက်ခံကြောင်းလည်း ဖြည့်စွက်ဖြေကြားခဲ့ပါတယ်။

လမ်းတံတား တည်ဆောက်နေတဲ့ အပေါ်မှာလည်း အရည်အသွေးမပြည့်မီတာ၊ အချိန်မီမပြီးစီးတာတွေ အတွက်လည်း ဘယ်လို ကိုင်တွယ်ဆောင်ရွက်လဲဆိုတဲ့ မေးခွန်းကို ဝန်ကြီးက ဖြေကြားရာတွင် စည်ပင်သာယာရေး ဘတ်ဂျတ်နဲ့ ဆောင်ရွက်ရတဲ့လုပ်ငန်းရှိသလို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းများလည်း ရှိကြောင်း ပြောကြားပါတယ်။

"စည်ပင် ပတ်သက်တဲ့ လုပ်ငန်းတွေကတော့ အားလုံး ရာနှုန်းပြည့်ပြီးပါတယ်။ မပြီးတဲ့ လုပ်ငန်းတွေကကျတော့ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ လုပ်တဲ့အပိုင်းတွေ ရှိပါတယ်။ တင်ဒါပေးတာကျတော့ ပြည်နယ်အစိုးရရဲ့ အပိုင်းဖြစ်ပါတယ်"လို့ ဝန်ကြီးက ရှင်းပြပါတယ်။

မြစ်ကြီးနားမြို့ အတွင်းမှာ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ကြတွေနဲ့ ပတ်သက်လို့တော့ စည်းရုံးရေးလုပ်ငန်းတွေ လုပ်ဆောင်ပြီးတော့ အသိပညာပေးလုပ်ငန်းတွေကိုလည်း လုပ်ဆောင်သွားမှာဖြစ်တဲ့အကြောင်း ဆက်လက်ပြောဆိုခဲ့ပါတယ်။

နောက်ဆုံးမေးခွန်း အနေနဲ့ကတော့ တင်ဒါစနစ်နဲ့ ပေးထားတဲ့ သားသတ်လိုင်စင်ကိစ္စပါ။ အမဲသတ်လိုင်စင်ဆို တင်ဒါအောင်ထားတာ၆၀၀၀ပါ။ဈေးမှာရောင်းတဲ့ဈေးက ၁၂၀၀၀ ဖြစ်နေတာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းလဲဆိုပြီး မေးခဲ့တာပါ။

"သတ်မှတ်ထားတဲ့ ဈေးနှုန်းဆိုတာ ဆိုင်ရှေ့မှာ ကပ်ထားတဲ့ဟာက သတ်မှတ်ထားတဲ့ ဈေးနှုန်းပဲ။ သတ်မှတ်ထားတဲ့ဈေးထက် ကျော်ရောင်းရင် ကျွန်တော်တို့ကို လာတိုင်ပါ။ စိစစ်အရေးယူပေးမယ်။ ပထမအကြိမ် ဒဏ်ငွေဆယ်သိန်း၊ ဒုတိယအကြိမ်ဆို သိန်း၂၀၊ တတိယအကြိမ်ဆို ဆိုင်ကိုသိမ်းမယ်" လို့ ဦးစိုးနိုင်က ပြောဆိုပါတယ်။

ကချင်ပြည်နယ်မှာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၃၀ ရှိပြီးတော့ မြစ်ကြီးနားမြို့နယ်ဟာ မြန်မာတစ်နိုင်ငံလုံးမှာ စည်ပင်အခွန်အခ အများဆုံး မြို့နယ်တစ်ခုဖြစ်သည့်အပြင် အသန့်ရှင်းဆုံးမြို့တော်တစ်ခုဖြစ်ကြောင်း စည်ပင်ဝန်ကြီးဟောင်း ဦးနေဝင်းက ပြောဆိုခဲ့ဖူးပါတယ်။ ■

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၃၀၊ ၂၀၁၉)

# ၁၆ ကြိမ်မြောက် ကချင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကြီးရဲ့ စိတ်ဝင်စားစရာ အချက်အလက်များ



ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၆ ကြိမ်မြောက်ပုံမှန်အစည်းအဝေးကြီးဟာတော့ မေးခွန်းပေါင်းများစွာနဲ့ ပြီးဆုံးခဲ့ပြန်ပါပြီ။

၈ ရက်တိုင်တိုင် ကျင်းပခဲ့တဲ့ ဒီအစည်းဝေးမှာ လွှတ်တော်ကိုယ်စားလှယ် ၅၃ ဦးကမိမိတို့ရဲ့မဲဆန္ဒနယ်မြေက အခက်အခဲတွေ၊ လိုအပ်ချက်တွေကို အင်တိုက်အားတိုက် ဆွေးနွေးခဲ့ကြတာပါ။

မေးခွန်း အများစုကတော့ အရင်အစည်းဝေးတွေတုန်းကလိုပဲ ရေရရှိရေး၊ လမ်းတံတားရရှိရေး စတဲ့ မေးခွန်းတွေပဲ အမေးများခဲ့ပါတယ်။

ဒီမေးခွန်းတွေအပေါ်မှာလည်း သက်ဆိုင်ရာ ပြည်နယ်အဆင့် ဝန်ကြီးတွေက 'ပြည်ထောင်စု အစိုးရသို့ တင်ပြပြီး(သို့မဟုတ်) ဘတ်ဂျတ်ခွဲဝေမှုအပေါ် မူတည်ပြီးရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း' စတဲ့ ပုံမှန်ဖြေနေကျ အဖြေတွေကိုပဲ ပေါ့ပေါ့ပါးပါး ဖြေဆိုခဲ့ကြပါတယ်။

ပြည်နယ်ရဲ့ဥပဒေပြုရေး မဏ္ဍိုင်တစ်ခုဖြစ်တဲ့ လွှတ်တော်မှာဥပဒေပြုရေးနဲ့ ပတ်သက်တဲ့ ဆွေးနွေးချက်တွေကိုတော့ လွှတ်တော်တွင်း ဆွေးနွေးတာ မတွေ့ခဲ့ရပါဘူး။ဥပမာအားဖြင့်ကျောက်မျက်နဲ့ ပတ်သက်ပြီး အသေးစား၊အလတ်စားကိုပြည်နယ်အစိုးရက တိုက်ရိုက်ကိုင်တွယ်လို့ရတဲ့ အရာမျိုးပါ။ လွှတ်တော်ကိုယ်စားလှယ်တွေက ဒီလို ဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ ဒီအစည်းအဝေးမှာ ဆွေးနွေးသွားတာ မရှိပါဘူး။

သို့ပေမယ့်လည်း အစည်းအဝေး(ပထမနေ့) က ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ 'ကချင်ပြည်နယ်၏ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရ စီမံကိန်းဥပဒေကြမ်း'နဲ့ '၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း' ကိုတော့ ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါတယ်။

၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြရာမှာ လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ နောင်မွန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်က ပြည်နယ်အစိုးရအနေနဲ့ ဘတ်ဂျတ်ဥပဒေကြမ်း မဆွေးနွေး/ အတည်မပြုရသေးဘဲ ကချင်ပြည်နယ်အစိုးရအနေဖြင့် လုပ်ငန်းများကြိုတင် ဆောင်ရွက်ထားသည်ကို ထောက်ပြပြောဆိုပြီး လွှတ်တော်တွင် ရှင်းလင်းပေးရန် ပြောကြားခဲ့သည်။

"လွှတ်တော်က အတည်မပြုရသေးမီ အကြမ်းပဲဖြစ်ပါတယ်။ အဲဒီရဲ့ ပုဒ်မ ၁ (ခ)မှာ ၂၀၁၉-၂၀ အောက်တိုဘာလ ၁ ရက်နေ့က စမယ်လို့ ပြောတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့လွှတ်တော်က အတည်မပြုမီ ဥပဒေဟာ အာဏာမသက်ရောက်ပါဘူး။ တစ်ကယ်လို့ အတည်ပြုပြီးရင်တောင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၅ (ခ)အရ လွှတ်တော်က အတည်ပြုပြီး ဝန်ကြီးချုပ်က လက်မှတ်ထိုးမှ သက်ရောက်မှာ ဖြစ်ပါတယ်"လို့ ဥပဒေနဲ့ ညီ/မညီကို ဆန်းစစ်ရမည်ဖြစ်ကြောင်း ဦးချန်တန်ခင်က ထောက်ပြပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ပြည်သူလူထုနဲ့ တိုက်ရိုက်ပတ်သက်တဲ့ သဘာဝဘေးအန္တရာယ်ကိစ္စမဟုတ်ဘဲ သာမန်ကိစ္စရပ်များတွင် လွှတ်တော်မှာ အတည်မပြုခင် ဒီလိုကြိုတင် ဆောင်ရွက်တာတွေဟာ ဥပဒေပြုနေတဲ့ လွှတ်တော်အပေါ် အလေးမထားရာရောက်ကြောင်း ဆက်လက်ပြောကြားခဲ့ပါတယ်။

ဥပဒေကြမ်းနှစ်ခုနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်ဘဏ္ဍာအခွန် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်းက သက်ဆိုင်ရာဝန်ကြီးဌာနများမှ အသုံးပြုမည့် ဘတ်ဂျတ်အသေးစိတ်စာရင်းကို လွှတ်တော်တွင် တင်ပြခဲ့ပြီး ကြိုတင် ဆောင်ရွက်ထားသည့်လုပ်ငန်းများ ရှိနေသည်မှာ မှန်ကန်ပါကြောင်း၊ နောင်အခါတွင် အသေးစိတ် ကြပ်မတ်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားပေးခဲ့ပါတယ်။

နောက်ထပ်စိတ်ဝင်စားစရာတစ်ခုကတော့ လွှတ်တော်မှာမေးခွန်းတွေအများဆုံးမေးနေတဲ့ ရွှေကူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးတင်ယုဦး ပြောဆိုချက်တစ်ခုပါ။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးခွန်းတွေကို သက်ဆိုင်ရာ ပြည်နယ်အဆင့် ဝန်ကြီးများက ပြန်လည်ဖြေကြားတဲ့အခါမှာ စာဖတ်ပြီးမှသာ စဉ်းစဉ်းစားစား ဖြေသင့်ကြောင့် ပြောကြားခဲ့တာပါ။

> **ကျွန်တော်တို့တွေဟာဘယ်ဥပဒေပဲဖြစ်ဖြစ်**
> **ခေတ်နှင့် တစ်ပြေးညီဥပဒေကိုလည်း**
> **ပြောင်းလဲရပါမယ်။စည်းကမ်းချက်တွေလည်း**
> **ပြောင်းလဲ သတ်မှတ်ရမှာ**
> **ဖြစ်ပါတယ်။**
> **ဒီလိုပဲ ရေရှည်ကြီးကို**
> **တစ်သမတ်ထဲ သွားနေရင်**
> **မလိုလားအပ်တဲ့**
> **ပြဿနာတွေ ဖြစ်လာနိုင်ပါတယ်။**
> **ဒါကြောင့် အားလုံးဟာစာဖတ်ကြပြီးတော့**
> **စဉ်းစဉ်းစားစား ဖြေသင့်ပါကြောင်းပြောကြားလိုပါတယ်**

လွှတ်တော် နောက်ဆုံးရက်မှာ 'စည်ပင်သာယာရေးဌာန၏ အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်ပြီး အခြေခံဥပဒေနှင့် ကွဲလွဲဆန့်ကျင်၍ လည်းကောင်း၊ အခက်အခဲအမျိုးမျိုး အကြောင်းပြ၍ ပွင့်လင်းမြင်သာမှုမရှိ၊ ခေတ်နှင့် မလျော်ညီတော့သည့် လေလံစည်းကမ်းအား ပြန်လည်ပြင်ဆင်ပေးရန်နှင့် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်များ ဆိုင်ရာ အခန်း(၁၅) ပုဒ်မ ၈၄ အရ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ပေးနိုင်ရေး၊ လေလံစည်းကမ်းများ ရေးဆွဲရာတွင် ပါဝင်ခွင့် ရှိ/မရှိ'ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့ပါတယ်။

ဆက်လက်ပြီး ဦးတင်ဦးယုက စည်ပင်ဌာန လက်အောက်ရှိ လေလံတင်ရောင်းချခြင်းကိစ္စ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ရေချိုအင်းများ လေလံတင်ရောင်းချခြင်းများသည် ပွင့်လင်းမြင်သာမှု အားနည်းသည့်အပြင် စည်ကမ်းသတ်မှတ်ချက်အချို့သည် ၂၀၀၈ ခြေ/ဥနှင့် ဆန့်ကျင်နေကြောင်း၊ အစုအဖွဲ့များကို လေလံဆွဲခွင့် မပေးသည့် ကိစ္စရပ်များ၊ လေလံဆွဲသူသည် တစ်ကယ်လုပ်ကိုင်မည့်သူသာ ဆွဲရမည်ဟု သတ်မှတ်ထားသော်လည်း တစ်ခါမျှ မလုပ်ကိုင်ဖူးသည့် ငွေရှင်ကြေးရှင်များ ပါဝင်နေကြောင်း စတာတွေကို ဆွေးနွေးမေးမြန်းခဲ့ပါတယ်။

မေးခွန်းနဲ့ပတ်သတ်ပြီးတော့ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနဲ့ စည်ပင်သာယာရေးဝန်ကြီး နှစ်ဦးတို့က ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။

စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ကျော်ဝင်းက ရေချိုငါးလုပ်ငန်း ဥပဒေ (ကချင်ပြည်နယ်) လေလံစည်းကမ်းများ ရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ရမည်ဟု ပြဋ္ဌာန်းမထားကြောင်း ပြန်လည်ဖြေကြားခဲ့ပြီး ဦးတင်ဦးယုက ပြန်လည်ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုအကျိုးစီးပွားအားဆောင်ရွက်ရမည့်သူများ ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ပါဝင်ခြင်းမပြုဆိုသည်မှာ ဥပဒေကိုချိုးဖောက်ရာ ရောက်ကြောင်း တုန့်ပြန်ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး ဦးကျော်ကျော်ဝင်းက ကချင်ပြည်နယ်တွင် နှစ်ရှည် ဂရန်အင်းပေါင်း ၄၀ ကျော်အား ၃ နှစ်တာကာလအတွက် ရောင်းချခဲ့ပြီးဖြစ်ကြောင်း၊ သမဝါယမအသင်း ၂ သင်းက အင်းများကို လုပ်ကိုင်ခွင့်တောင်းဆိုခဲ့ကြောင်း၊ ငါးထုတ်လုပ်မှု အကောင်းဆုံးဖြစ်သည့် ရွှေကူမြို့ရှိ အင်းတော်လဟာကြီးအင်းကို နှစ်ရှည် ဂရန်အင်းအဖြစ် လုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း ဆက်စပ်ဖြေကြားခဲ့ပါတယ်။

အထက်ကအဖြေနဲ့ ပတ်သက်ပြီး ဦးတင်ဦးယုက "သမဝါယမအသင်းကို ပေးတယ်ဆိုတာလည်း ရေချိုငါးလုပ်ငန်းဥပဒေမှာ ဝန်ကြီးရဲ့လုပ်ပိုင်ခွင့် အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်တယ်။ "ဝန်ကြီးရဲ့လုပ်ပိုင်ခွင့်နဲ့ အခြေခံဥပဒေပုဒ်မ ၃၁၊ နိုင်ငံသည် အများပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် ကူညီဆောင်ရွက်မည်။" ဆိုတာကို ကျင့်သုံးပြီး ချပေးရင်ရပါတယ်။ ဝန်ကြီးချပေးလိုက်တဲ့ အင်းရွာ ၂ ရွာမှာရှိတဲ့ သမဝါယမအသင်းဟာ လူပေါင်း ၄၀၀ လောက်ရှိတဲ့ အင်းကို အင်းတစ်အင်းထဲ လုပ်စားရအောင်၊ ထမင်းတစ်ဆုပ်ကို တစ်စစီကောက်စားနိုင်လောက်တဲ့ အခြေအနေဖြစ်အောင် ပေးလိုက်တာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒါကို" လို့ ပြန်လည် ဆွေးနွေးခဲ့ပါတယ်။

စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီကလည်း စည်ပင်ဌာနလက်အောက်ရှိလေလံတင်ကိစ္စများနဲ့ ပတ်သက်ပြီး မေးခွန်းရှင်ပြောကြားခဲ့သည့်အတိုင်း မဟုတ်ဘဲ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့ရမှာ ဦးတင်ဦးယုက အားလုံးကိုဆိုလိုခြင်း မဟုတ်ကြောင်း အချို့နေရာများတွင် ဥပဒေနှင့်ဆန့်ကျင်လျက်ရှိနေသည်ကို ထောက်ပြခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဖြေကြားချက်တွင်လည်း ဥပဒေနှင့် ဆန့်ကျင်နေသည်မှာ ပေါ်လွင်ကြောင်း ပြန်လည်ပြောဆိုခဲ့ပါတယ်။

"ကျွန်တော်တို့တွေဟာ ဘယ်ဥပဒေပဲဖြစ်ဖြစ် ခေတ်နှင့် တစ်ပြေးညီ ဥပဒေကိုလည်း ပြောင်းလဲရပါမယ်။ စည်းကမ်းချက်တွေလည်း ပြောင်းလဲ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ရေရှည်

စာ-၁၁ သို့ . . .

# တုတ်ထိုး အိုးပေါက် ချဲ့ရှယ် စကားဝိုင်း

**တုတ်ထိုး** - ဟာ ဟော့လူ။နေမကောင်းဘူးလား။ တမှိုင်မှိုင်နဲ့။
**အိုးပေါက်** - ဟုတ်တယ်ဗျာ။ သွေးတွေ တိုးနေလို့။ ဝန်ထမ်းတွေ လခတိုးမယ်ဆိုလို့ အိမ်မှာရှိတဲ့ ဆွေမျိုးသားချင်းတွေ အကုန်လုံး ဈေးထဲသွားပြီး ဆောင်းရာသီစာ အနွေးထည်တွေ အကုန်ဝယ်ကြတယ်လေ။

**တုတ်ထိုး** - အဲ့ဒါနဲ့ ဘာဆိုင်လို့တုန်း။
**အိုးပေါက်** - ဆိုင်တာပေါ့ဗျာ။ သူတို့က ဝန်ထမ်းတွေလေ။ အစိုးရဝန်ထမ်းတွေ လခတိုးမယ်ဆိုပြီး သတင်းတွေကြားတော့ အမျိုးတွေက ဘဘအိုးပေါက်ရယ်၊ ဦးဦးအိုးပေါက်ရယ် လခတိုးရင်ဆပ်ပါ့မယ်။ အကျႌလေးတွေ ဘာလေးတွေ အဘနဲ့သိတဲ့ဆိုင်မှာ အကြွေးဝယ်ချင်လို့၊ အဘအိုးပေါက် အာမခံပေးပါဆိုလို့ အာမခံပြီး အကြွေးနဲ့ လိုက်ဝယ်ပေးထားတာ။အဲ့ဒါ လခတိုးမယ်ဆိုတဲ့ ကိစ္စက တကယ်မဟုတ်ဘူးတဲ့။ ဂျင်းသတင်းတဲ့။ ကောလာဟလတဲ့။ အခုတော့ ကျုပ်အာမခံထားတာဖြစ်လို့ လောလောဆယ် အကြွေးတွေပေးရတော့မယ်လေ။ အခုတော့ လခမတိုးဘဲ အိုးပေါက်တို့ သွေးတိုးနေလို့ပါ အရပ်ကတို့ရေ။

**တုတ်ထိုး** - ဖြစ်မှ ဖြစ်ရလေ ဗျာ။ ကျွတ် ကျွတ် ကျွတ်။
**အိုးပေါက်** - ကြည့်စမ်းနော်။ ကားတွေ အမည်ပေါက်ဖောက်ဖို့ အခွန်ဆောင်တဲ့ သတင်းကျတော့ ကောလာဟလသတင်း မဟုတ်ဘူးတဲ့။ ဂျင်းသတင်း မဟုတ်ဘူးတဲ့။ ကျုပ်မြေးလေးတွေ လစာတိုးမယ်ဆိုတာမှ ကောလာဟလတဲ့ဗျ။ ကြားကောင်းကြသေးရဲ့လား အရပ်ကတို့ရေ။

**တုတ်ထိုး** - သတ္တဝါတစ်ခု၊ကံတစ်ခု၊ တုတ်ထိုးတစ်ခု၊ ကြွေးတစ်ခုလို့သာ နှလုံးသွင်းပေတော့ဗျာ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ နေစမ်းပါဦးဗျာ။ အပစ်ရပ်အလွန် တစ်လအတွင်းမှာ အရင်ကထက်တိုက်ပွဲတွေ လျော့နည်းလာတယ်လို့ တပ်မတော်က ပြောတာ ဖတ်လိုက်ရတယ်ဗျ။
**အိုးပေါက်** - ကျုပ်လည်း ကြားမိပါတယ်။ ၂၀၁၈ ဒီဇင်ဘာ ၂၁ ရက်ကနေ ၂၀၁၉ စက်တင်ဘာ ၂၁ ရက်အထိ မြောက်ပိုင်းတိုင်း၊ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းတိုင်း၊ အရှေ့အလယ်ပိုင်းတိုင်းနဲ့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေ ၅ ခုမှာ ကိုးလတာ အပစ်အခတ်ရပ်စဲဖို့ ကြေညာခဲ့ကြတာဗျ။

**တုတ်ထိုး** - အပစ်ရပ်နေကြလို့ တော်သေးတာပေါ့ဗျာ။ ကိုးလအတွင်းမှာ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တပ်မတော်ကြားမှာ တိုက်ပွဲပေါင်း ၂၀၀ ကျော် ဖြစ်ခဲ့တယ်ဗျ။
**အိုးပေါက်** - စက်တင်ဘာ ၂၁ ရက်မှာ တပ်မတော်ဘက်က အပစ်ရပ်သက်တမ်း မတိုးခဲ့ပေမယ့် တိုင်းရင်းသားအဖွဲ့တွေကို စစ်ဆင်ရေးအသွင် တိုက်ခိုက်ခဲ့တာမျိုး မရှိဘူးဗျ။

**တုတ်ထိုး** - ထိပ်တိုက်တွေ့ဆုံမှု အနည်းအကျဉ်းလောက်ပဲ ရှိတယ်ဆိုပါတော့ဗျာ။
**အိုးပေါက်** - ဒါနဲ့ နေပါဦးဗျာ။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဆရာတော်တစ်ပါးကို သေနတ်သမားတွေက လုပ်ကြံသတ်ဖြတ်ခဲ့သတဲ့ဆို။

**တုတ်ထိုး** - ၂၀၁၈ အောက်တိုဘာလ ၅ ရက်နေ့တုန်းကလည်း ရွှေကျင်ကျောင်းဆရာတော်ကို သေနတ်သမားတွေက လုပ်ကြံသတ်ဖြတ်ခဲ့ဖူးတယ်လေ။ အခုလည်း ထပ်ဖြစ်ပြန်ပြီ။
**အိုးပေါက်** - ဘယ်သူပစ်တာလဲ။ ဘယ်အဖွဲ့အစည်းက ပစ်တာလဲဗျ။

**တုတ်ထိုး** - အမှန်တရားက အမြဲတမ်းနောက်ကျတယ်ဗျာ။ အခုလည်း အမှန်တရားက မပေါ်လာသေးဘူး။
**အိုးပေါက်** - လုပ်ကြံခံရတဲ့ ဆရာတော်က "ခေးနင်းဆရာတော်"ပဲ။ အဲ့ဒီဆရာတော်ဘုရားက ပရဟိတတွေ လုပ်တယ်။ ဒီလို ပရဟိတလုပ်နေတဲ့ ဆရာတော်ဘုရားတောင် လုပ်ကြံသတ်ဖြတ်ခံရတယ်။

**တုတ်ထိုး** - ကျုပ်တို့ ပြည်သူတွေဘဝတော့ မတွေးဝံ့စရာပါပဲဗျာ။
**အိုးပေါက်** - လူမျိုးမရှိ၊ ဘာသာမရှိ၊ တိုင်းပြည်မရှိတဲ့ ရဟန်းတွေကို အနိုင်ကျင့်ရက်စက် သတ်ဖြတ်ရက်ကြတယ်။

**တုတ်ထိုး** - ဘယ်လို ဘယ်လို၊ ခင်ဗျားစကားက ကျုပ်နားမရှင်းဘူး။
**အိုးပေါက်** - "လူမျိုးမရှိ၊ ဘာသာမရှိ၊ တိုင်းပြည်မရှိတဲ့ရဟန်း" လို့ ပြောလိုက်တာကို ခင်ဗျားနားမရှင်းတာ ဖြစ်မယ်။

**တုတ်ထိုး** - ဟုတ်တယ်ဗျ။
**အိုးပေါက်** - မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒစကားတစ်ခု မှီးပြီး ပြောလိုက်တာဗျာ။ ဆရာတော်ဘုရားက ဘယ်လိုမိန့်သလဲဆိုတော့ "တို့ရဟန်းတွေမှာ လူမျိုးမရှိဘူး။ ဘာသာမရှိဘူး။ တိုင်းပြည်မရှိဘူး။ မရှိတဲ့အတွက် ငါ့လူမျိုး၊ ငါ့ဘာသာမှငါ့ဘာသာ။ ငါ့တိုင်းပြည်မှ ငါ့တိုင်းပြည် မရှိဘူး။ အားလုံးအပေါ် တို့နှင့်တန်းတူထားပြီး အာရုံပြုတယ်။ မေတ္တာထားတယ်"တဲ့။

**တုတ်ထိုး**- သာဓု၊ သာဓု၊ သာဓုပါဘုရား။
**အိုးပေါက်** - ဒီလိုအကြမ်းဖက်သတ်ဖြတ်မှုတွေကို ရှုတ်ချတယ်။

**တုတ်ထိုး** - ငြိမ်းချမ်းပျော်ရွှင်တဲ့ဘဝ၊ အပူအပင်ကင်းတဲ့ဘဝ၊ စားပျော် အိပ်ပျော် နိုးပျော်ဘဝကို ကျုပ်တို့ပြည်သူတွေ လိုချင်တာ အမှန်ပါပဲဗျာ။

**အိုးပေါက်** - ခြေဥပြင်ဆင်ရေးကရော ဘယ်အထိ ခရီးပေါက်နေပြီလဲဗျ။

**တုတ်ထိုး** - ခြေဥပြင်ဆင်ရေးပြဿနာကတော့ ဝဲဂယက်ထနေတုန်းပါပဲ။ အက်ကြောင်းတွေ ပိုအက်လာမလားစောင့်ကြည့်နေရတယ်။
**အိုးပေါက်** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက သူတို့ရဲ့ တစ်ပါတီတည်းရဲ့ သဘောထားမဟုတ်ဘဲနဲ့ လွှတ်တော်အတွင်းမှာရှိတဲ့ အစုအဖွဲ့တွေရဲ့ သဘောထားအကြံပြုချက်တွေနဲ့ ပါဝင်မှုရှိစေဖို့ ၄၅ ဦး ပူးပေါင်းကော်မတီ ဖွဲ့စည်းလုပ်ဆောင်တာဖြစ်တယ်လို့ အခိုင်အမာပြောထားတယ်။

**တုတ်ထိုး** - ၄၅ ဦးကော်မတီထဲက တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးနဲ့ ရခိုင်အမျိုးသားပါတီက ကိုယ်စားလှယ်နှစ်ဦး နုတ်ထွက်သွားခဲ့တယ်မဟုတ်လား။
**အိုးပေါက်** - ဒါကလည်း အင်အားကြီးပါတီရဲ့ လွှမ်းမိုးမှုတွေရှိနေလို့လို့ အကြောင်းပြချက်တွေလည်း ရှိတယ်။

**တုတ်ထိုး** - အင်း။ ဖွဲ့စည်းပုံပြင်ဆင်ရေးမှာ အဓိကအဖွဲ့အစု နှစ်ဖွဲ့ဖြစ်တဲ့ NLD ပါတီနဲ့ တပ်မတော်အကြား ပြေလည်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။
**အိုးပေါက်** - ဒီလို မဖြစ်လာရင် ဘယ်လိုလုပ်မလဲ။

**တုတ်ထိုး** - လိုလျှင်ကြံဆ နည်းလမ်းရရမှာပေါ့ဗျာ။
**အိုးပေါက်** - မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟာ အကျပ်အတည်းတစ်ခုအဖြစ်တည်ရှိနေတာဗျ။ ဒီ အကျပ်အတည်းကို မကျော်လွှားနိုင်ဘူးဆိုရင်တော့ ဒီမိုကရေစီခရီးကတော့ ရပ်တန့်နေဦးမှာပါပဲ။

**တုတ်ထိုး** - ဒီ အကျပ်အတည်းကို ကျော်ဖြတ်နိုင်မယ်ဆိုရင်တော့ ငြိမ်းချမ်းရေးကလည်း အလိုလိုသီးပွင့်လာလိမ့်မယ်လို့ မျှော်လင့်မိတာပါပဲဗျာ။
**အိုးပေါက်** - မြန်မာပြည် ငြိမ်းချမ်းပါစေဗျာ။

**တုတ်ထိုး** - ဝန်ထမ်းတွေလည်း သွေးမတိုးဘဲ လစာတိုးနိုင်ကြပါစေဗျာ။ ။

## အသုံးဝင်သော ဖုန်းနံပါတ်များ

| | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

မြစ်ကြီးနားသတင်းဂျာနယ်ကို
လပေး နှစ်ချုပ် မှာယူနိုင်ပါပြီ

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၃၀၊ ၂၀၁၉)

# စကားပြောသော နိုင်ငံရေး

ကျော်ရင်ဦး



စကားစကားပြောပါများ စကားထဲက ဇာတိပြတဲ့။ စကားဆိုတာ ပြောတိုင်းမကောင်းပါဘူး။ ဒါပေမဲ့ လူတွေဟာ ကမ္ဘာပေါ်မှာ စကားပြောနိုင်တဲ့ တစ်မျိုးတည်းသော သတ္တဝါမျိုးစိတ် ဖြစ်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံကြတဲ့အခါ ဘာသာစကားတစ်ခုခုကို ဆက်သွယ်အသုံးပြုပြီး ပြောကြဆိုကြပါတယ်။ ပြောလိုက်တဲ့ စကားတွေထဲမှာတော့ အခြေခံစိတ်လေးတွေ ပါပါတယ်။ ဒေါသနဲ့ပြောတဲ့ စကား။ လောဘနဲ့ ပြောတဲ့ စကား၊ မေတ္တာကို အခြေခံတဲ့ စကား၊ အမုန်းတရားကို အခြေခံတဲ့စကား စသဖြင့် ရည်ရွယ်ချက်တစ်ခုခု၊ ဒါမှမဟုတ် စိတ်ခံစားမှုတစ်ခုခုနဲ့ ပြောကြဆိုကြတာပဲ ဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ လူ့လောက ကမ္ဘာမြေကြီး တိုးတက်ဖွံ့ဖြိုးရှင်သန်လာတာပဲ ဖြစ်ပါတယ်။ ဆက်သွယ်ရေးကောင်းမွန်လာတာပဲ ဖြစ်ပါတယ်။

စကားပြောတဲ့ နေရာမှာ လိမ်မာပါးနပ်မှုရှိဖို့ လိုပါတယ်။ စကားဆိုတာပြောတိုင်းကောင်းတဲ့အရာတော့လည်းမဟုတ်ပါဘူး။ အပြောမတတ်တော့ ဆဲသလို ဆိုတဲ့ စကားပုံမျိုးလည်း ရှိပါတယ်။ လူတွေမှာ စကားတစ်ခွန်းကြောင့် ချစ်ခြင်းကို ဖြစ်စေနိုင်သလို မုန်းခြင်းကိုလည်း ဖြစ်စေနိုင်ပါတယ်။ စကားဆိုတာ လူတစ်ယောက်ရဲ့ သတင်းမီဒီယာ လို့တောင် ပြောလို့ရနိုင်ပါတယ်။ လူတစ်ယောက် ပြောလိုက်တဲ့ စကားနဲ့ပဲ အဲ့ဒီလူတစ်ယောက်ရဲ့အခြေအနေ၊ အဆင့်အတန်း၊ စိတ်ဓာတ်စတာတွေကို ခန့်မှန်းတွက်ချက်ကြတာပါ။ အပြောဆိုးပေမယ့် စိတ်ရင်းကောင်းပါတယ်။ အပြောချိုပေမယ့် စိတ်ရင်းက မကောင်းပါဘူး ဆိုတာမျိုးတွေလည်း ရှိပါတယ်။ ဒါကတော့ ပြောလိုက်တဲ့သူရဲ့စကားကို ခွဲခြမ်းစိတ်ဖြာပြီးမှ ဒါမှမဟုတ် အချိန်တစ်ခုစောင့်ပြီးမှ အကျိုးကို ရည်ရွယ်တဲ့စကားလား၊ အကျိုးမဲ့စေတဲ့စကားလား ဆိုတာ သုံးသပ်စိစစ်ကြရတာမျိုးပါ။

သာမာန်လူတစ်ယောက်ဖြစ်စေ၊ ပုံရိပ်ကြီးမားတဲ့ လူတစ်ယောက်ဖြစ်စေ၊ ပြောလိုက်တဲ့စကားတွေဟာ ပြောလိုက်တဲ့ ကာယကံရှင်ကို ထိခိုက်ခြင်းကတော့ အတူတူပါပဲ။ အပြောမတတ်ရင်တော့ အရင်ဆုံးခံရမှာက ကိုယ်ပါပဲ။ ဒါပေမဲ့ သာမာန်လူတစ်ယောက်က လမ်းဘေးမှာ အော်ဆဲနေလည်း ဘယ်သူမှ မထိခိုက်မနစ်နာပါဘူး။ ပတ်ဝန်းကျင်ဆူညံရုံနဲ့ စိတ်အနှောင့်အယှက် ဖြစ်ရုံပဲ ရှိပါတယ်။ ဒါပေမဲ့ ပုံရိပ်ကြီးမားတဲ့သူ တစ်ယောက်ယောက်၊ သြဇာကြီးမားတဲ့သူ တစ်ယောက်ယောက်ရဲ့ စကားကတော့ ကာယကံရှင်ကိုရော၊ အပြောခံရတဲ့လူအများစုကိုပါ အကျိုးသက်ရောက်မှုများစွာဖြစ်ပေါ်စေတတ်ပါတယ်။

အဲဒီလို လူမျိုးတွေဟာ ဘယ်လိုလူမျိုးတွေလည်း ဆိုရင် စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ နိုင်ငံရေးသမား၊ နိုင်ငံ့ခေါင်းဆောင်၊ တိုင်းပြည်ခေါင်းဆောင်၊ ပြည်နယ်ခေါင်းဆောင် စတဲ့သူမျိုးတွေ ဖြစ်ပါတယ်။ အနုပညာရှင်တစ်ယောက်ယောက် ပြောလိုက်တဲ့စကားဟာ သူ့အနုပညာကို ယုံကြည်အားပေးနေကြတဲ့ ပရိသတ်အားလုံးအပေါ် သြဇာလွှမ်းမိုးမှုရှိပါတယ်။ အဲ့ဒီစကားဟာ မှန်ရင်မှန်သလို မှားရင်မှားသလို အကျိုးသက်ရောက်မှုလည်း ကြီးပါတယ်။

ဥပမာအနေနဲ့ ပြောရမယ်ဆိုရင်တော့ အများကြီးပါပဲ။ အဲဒီထဲကမှ သိပ်မကြာသေးခင်က သတိထားမိတဲ့ ဖြစ်ရပ်လေးတစ်ခုကို ပြောပြပါမယ်။ မြန်မာနိုင်ငံက ဇာတ်ပို့သရုပ်ဆောင် နှင်းယုဉ်မြင့်မိုရ် အကြောင်းပါ။ သူမ ပြောလိုက်တဲ့စကားက ဘယ်လောက်ထိ သူမကို ထိခိုက်သွားစေသလဲ ဆိုတာ ပြောပြပါမယ်။ သူမက အင်တာဗျူးတစ်ခုမှာ ပရိတ်သတ်က သူတို့ရဲ့ ထမင်းရှင်လို့ ပြောပြောနေတာကို နားမလည်ဘူးတဲ့။ ထမင်းရှင်ဆိုပြီး ထမင်းချိုင့်တစ်ခါ လာပို့ဖူးသလားဆိုပြီး မေးခွန်းပြန်ထုတ်လိုက်တာပါ။ ဒါဟာ အတော်လေးကို ပညာမဲ့တဲ့ ဦးဏှောက်မဲ့တဲ့ စကားမျိုးဆိုတာ အားလုံးသိကြပါတယ်။ အဲ့ဒီစကားကို ကြားတော့ ဒီနေ့လို လူမှုကွန်ယက်ကြီး စိုးအားကောင်းနေတဲ့ အချိန်မျိုး ဝိုင်းအဆဲခံရ ဝိုင်းအကျဉ် ခံရတော့တာပါပဲ။ ပရိတ်သတ်ကို စော်ကားတဲ့ စကားမျိုးကိုပြောတဲ့ အဲ့ဒီ သရုပ်ဆောင်ဟာ ချက်ချင်းကိုပဲ ဆိုးကျိုးခံစားရတော့တာပါပဲ။ ပရိတ်သတ်ရဲ့ အမုန်းကို ရလိုက်တဲ့ ပရိတ်သတ်ရဲ့ black List သွင်းခံလိုက်ရတဲ့ သူမကို ဘယ်ကုမ္ပဏီက ခေါ်သုံးရဲတော့မှာတဲ့လဲ။ သူမရဲ့ မဆင်မခြင်ပြောစကားဟာ ပထမဦးဆုံး သူမပဲ ပြန်ခံရတာပါပဲ။ နောက်ပိုင်းမှာ ခေါ်သုံးမယ့်သူမရှိတော့တဲ့အထိ ပုံရိပ်ကျသွားခဲ့ရတာ တွေ့ရ၊ မြင်ရ ကြားနေရပါတယ်။ ဒါဟာ အပြောမတတ်တဲ့ စကားတစ်ခွန်းရဲ့ နောက်ဆက်တွဲ ရလာဒ်ပါပဲ။ အဲ့ဒီလို စကားပြောမတတ်လို့ ပရိသတ်ရဲ့ ဝိုင်းအကျဉ်ခံရတဲ့ သရုပ်ဆောင်တွေ၊ အနုပညာရှင်တွေ မနည်းလှပါဘူး။ ဒီနေ့လို အင်တာနက်ခေတ်ကြီးမှာတော့ ပိုများလာလိမ့်မယ်ဆိုတာ ပြောစရာကိုမလိုပါဘူး။

တလောလေးက လူမှုကွန်ယက်မှာ ပဲခူးတိုင်းဝန်ကြီးချုပ်ပြောသွားတဲ့ စကားဟာ ပြည်သူလူထုကို အတော်လေး ဒေါသထွက်စေခဲ့ပါတယ်။ ဝန်ကြီးချုပ်က ပညာရေး ဝန်ထမ်းတွေ၊ ကျောင်းဆရာ၊ဆရာမတွေနဲ့ တွေ့ဆုံပွဲတစ်ခုမှာ ပြောခဲ့တာပါ။ ဝေးလံသီခေါင်တဲ့ ဒေသတွေမှာ ကျောင်းဆရာ ဆရာမတွေမမြဲတာနဲ့ ပတ်သက်ပြီး ပြောသွားတာပါ။ သူက ဘယ်လိုပြောလဲဆိုရင် ကျေးရွာတွေမှာ ဆရာမတွေဟာ နေရေးထိုင်ရေး ခက်ခဲတာကြောင့်မမြဲတာပါ၊ ဒါကြောင့် ရွာသူရွာသားတွေအနေနဲ့ ဆရာမတွေမြဲအောင် ကိုယ့်ရပ်ရွာက လူငယ်တွေကို ရည်းစားစကား လိုက်ပြောခိုင်းဖို့ လိုတယ်။ ဒါမှ ဆရာမတွေ အိမ်ထောင်ကျပြီး ရပ်ရွာမြဲမှာလို့ ပြောခဲ့တာပါ။ ဒါဟာ ဝန်ကြီးချုပ်အနေနဲ့ အပြောင်အပျက်ပဲ ပြောပြော အတည်အတန့်ပဲ ပြောပြော ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ ပြောရမယ့်စကားမျိုးမဟုတ်ပါဘူး။ ဒီစကားဟာ အင်မတန်မှ အောက်တန်းကျ၊ အဆင့်အတန်းမရှိတဲ့ စကားမျိုးပါ။ သာမန်လူတစ်ယောက် အနေနဲ့ လက်ဘက်ရည်ဆိုင်လိုမျိုး၊ လမ်းဘေးလိုမျိုးနေရာတွေမှာ အရွှတ်အနောက်ပြောတဲ့ စကားမျိုးတွေပါ။ သူကတော့ အပြောင်အပြက်ပြောလိုက်တာမျိုး ဖြစ်နိုင်ပေမယ့် ခံရတဲ့သူတွေမှာ ကြားရတဲ့ သူတွေမှာတော့ နားဝ မသက်သာလှပါဘူး။ စိတ်မချမ်းသာပါဘူး။

အဲဒီစကား ပြောဆိုခဲ့တဲ့ ဝန်ကြီးချုပ်ကိုလည်း ပညာရေးသမဂ္ဂကနေ အရေးယူပေးဖို့ ကြေညာချက်ထွက်လာတာ တွေ့ရပါတယ်။ ကြေညာချက်ပါစာသားတွေအရ ဝန်ကြီးပြောလိုက်တဲ့ စကားဟာ ဘယ်လောက်ထိ ဆိုးဝါးသွားလဲဆိုတာကို မြင်ရပါတယ်။ ကျောင်းဆရာမတွေရဲ့ ဘဝလုံခြုံမှုကို အကြီးအကျယ် ထိခိုက်စေပြီး အကြမ်းဖက် လုပ်ရပ်တွေ၊ မုဒိမ်းမှုတွေ ဖြစ်ပေါ်စေနိုင်တဲ့အထိ အကျိုးသက်ရောက်နိုင်ပါတယ်။ ဒါဟာ စကားတစ်ခွန်းကို အပြောမတတ်ရာက စတဲ့ဇာတ်လမ်းပါ။ သာမန်ပြည်သူတစ်ယောက်အနေနဲ့ ပြောရင်တောင် ဒီစကားဟာ မသင့်တော်တဲ့ စကားမျိုးပါ။ ဒါကို ဝန်ကြီးချုပ်တစ်ယောက်ကနေပြီး လူပုံအလယ်မှာ ပြောတယ်ဆိုတော့ အင်မတန်ကို အသိဉာဏ်ကင်းမဲ့ရာရောက်ပါတယ်။

တိုင်းပြည်အုပ်ချုပ်တဲ့သူ၊ နိုင်ငံရေးသမား၊ အနုပညာရှင် စတဲ့သူတွေရဲ့စကားဟာ သာမာန် ပြည်သူတွေထက် များစွာ သြဇာသက်ရောက်မှုရှိပါတယ်။ အကျိုးသက်ရောက်မှုရှိပါတယ်။ စကားကို မဆင်မခြင်ပြောခဲ့ကြလို့ နာမည်ပျက်သွားကြသူတွေ၊ အများရဲ့ ကြည်ညိုလေးစားခြင်းကနေ ကင်းဝေးသွားတဲ့သူတွေ မနည်းပါဘူး။ စကားဆိုတာပြောတတ်ရင် အင်မတန်မှ တန်ဖိုးရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့စကားတွေဟာ အခုအချိန်ထိ မှတ်သားစရာကောင်းနေတုန်းပါပဲ။ လေးစားကြည်ညိုစရာ ကောင်းနေတုန်းပါပဲ။ သမိုင်းတစ်ခုအနေနဲ့ ကျန်ရစ်နေဆဲပါပဲ။

တိုင်းပြည်အုပ်ချုပ်နေတဲ့ ခေါင်းဆောင်တွေရဲ့ စကားတွေဟာ ကောင်းကောင်းဆိုးဆိုး၊ မှားမှားမှန်မှန် သမိုင်းအဖြစ်တော့ ကျန်နေခဲ့မှာပါပဲ။ ဥပမာ "သေနတ်ဆိုတာ မိုးပေါ်ထောင်ပစ်ဖို့ မဟုတ်ဘူး" ဆိုတာမျိုး။ မကောင်းတဲ့ စကားပေမယ့်လည်း ပြည်သူတွေရဲ့ရင်ထဲမှာ ယနေ့အထိ ကျန်ရစ်နေခဲ့တာပါပဲ။ ကောင်းသော အမှတ်ရခြင်းမျိုးတော့ မဟုတ်ဘူးပေါ့။ မီးပျက်ရင် ဖယောင်းတိုင်ထွန်းတို့၊ ထမင်းတစ်နပ်လျှော့စားတို့၊ ရွှေလက်နဲ့ခေါ်လို့မှ မလာရင် ဘူးလက်နဲ့ခေါ်ရလိမ့်မယ်တို့၊ အရက်အစား နွားနို့သောက်ပါတို့ စတဲ့စကားတွေဟာလည်း မှတ်တမ်းအဖြစ်ပြည်သူတွေ ရင်ထဲမှာ မှတ်မိနေဆဲပါပဲ။ ကောင်းသောမှတ်မိခြင်းမျိုး မဟုတ်ဘူးဆိုတာတော့ ပြောဖို့လိုလိမ့်မယ် မထင်ပါဘူး။

ကမ္ဘာပေါ်မှာ နိုင်ငံ့ခေါင်းဆောင်တွေ၊ အနုပညာရှင်တွေ၊ အတွေးအခေါ်ပညာရှင်တွေ၊ အတတ်ပညာရှင်တွေ များစွာပေါ်ထွန်းခဲ့ကြပါတယ်။ သူတို့တွေရဲ့ ပြောစကားတွေဟာ မှတ်သားစရာလိုက်နာစရာတွေးတော ဆင်ခြင်စရာ စကားတွေအဖြစ် စာပေမှတ်တမ်းဝင်ခဲ့ကြပါပြီ။ အခုထိလည်း မျှဝေကြ၊ တစ်ဆင့်ခံ ပြောဆိုကြ၊ ကိုးကားအသုံးပြုကြတာမျိုးတွေ ရှိကြပါတယ်။

ဒါကြောင့် စကားတစ်ခွန်းကို လွယ်လွယ်မပြောသင့်ပါဘူး။ ကိုယ်ပြောလိုက်တဲ့စကားရဲ့ အကျိုးသက်ရောက်မှုကိုတော့ ကိုယ်ပဲ တာဝန်ယူကြရစမြဲပါပဲ။ ကောင်းရင် ကောင်းသလို ဆိုးရင် ဆိုးသလို မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့ကြမှာပါပဲ။ အထူးသဖြင့် တိုင်းပြည်အုပ်ချုပ်နေသူတွေအနေနဲ့ ပိုဆင်ခြင်သင့်လှပါတယ်လို့ ပြောချင်ပါတယ်။ ■

ကျော်ရင်ဦး

# အသက်တာသစ် ကျမ်းစာသင်တန်းကျောင်းတွင်းသို့ ဝန်ကြီးချုပ်ခွင့်ပြုချက် မပါဘဲ ဝင်ရောက်စစ်ဆေးခဲ့ဟုဆို



အောက်တိုဘာ ၂၅

မြစ်ကြီးနားမြို့နယ်၊မော်ဖောင်းကျေးရွာရှိ အသက်တာသစ် ကျမ်းစာသင်တန်းကျောင်းဝင်းတွင်း၌ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ်ခွင့်ပြုချက် မရရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများက သွားရောက်စစ်ဆေးမှုပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း ဝန်ကြီးချုပ်နှင့် သွားရောက်တွေ့ဆုံခဲ့သော ကချင်နှစ်ခြင်းအဖွဲ့ မြစ်ကြီးနားဇုန်နယ်ရုံးမှ ဥက္ကဋ္ဌ Rev လယော်ဒေါင်ခေါင်က ပြောသည်။

အဆိုပါစစ်ဆေးမှုသည် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များသွားရောက် စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ပြီးမှသာ ကချင်ပြည်နယ်ဝန်ကြီးချုပ် သိရကြောင်း ဝန်ကြီးချုပ်၏ ပြောပြချက်အရ ဆရာဒေါင်ခေါင်က ပြောသည်။

"ဝန်ကြီးအဖွဲ့တွေ နေပြည်တော်ကို ခရီးထွက်သွားတဲ့အချိန်မှာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်က ဝန်ခံတယ်၊ ဒီလိုမျိုး လုပ်ဆောင်ဖို့အတွက် ဝန်ကြီးချုပ်က သူလက်မှတ်ထိုးမှ လုပ်ဆောင်လို့ ရပါတယ်ပေါ့။ ဒါပေမဲ့အခုချိန်မှာ အဲ့လိုဖြစ်သွားတယ် ဟု" ဝန်ကြီးချုပ်၏ ပြောကြားချက်ကို ဆရာဦးဒေါင်ခေါင်မှ ပြောကြားသည်။

ယင်း ကျမ်းစာကျောင်းတွင်းဝင်ရောက်စစ်ဆေးမှုပြုလုပ်ခဲ့ခြင်းကိစ္စနှင့် ပတ်သက်ပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ကချင်နှစ်ခြင်းအဖွဲ့ မြစ်ကြီးနားဇုန်နယ်ရုံးမှ အချက် ၃ချက်ဖြင့် တင်ပြတောင်းဆိုထားကြောင်း သိရသည်။

ဝန်ကြီးချုပ်ထံ တင်ပြထားသော အချက်များမှာ ပထမအချက် အနေဖြင့် အဘယ်ကြောင့် စစ်ဆေးခြင်းကို သိရှိလိုကြောင်း၊ ဒုတိယအချက်အနေဖြင့် အဆိုပါစစ်ဆေးမှုကြောင့် အသင်းတော်အပေါ် ပြည်သူလူထုလွဲမှားစွာ မြင်နေခြင်းအပါ် အဘယ်သို့ ကုစားပေးမည်နှင့် အသက်တာသစ် ကျမ်းစာကျောင်းတွင် အများအသုံးပြုသော စကားပြောစက် အသုံးပြုခြင်းနှင့် ပတ်သက်ပြီး တရားဆွဲဆိုမှုကို တရားစွဲသင့်သောပုဒ်မ ဖြစ်မဖြစ် ဖြေရှင်းချက် ပေးပါရန် ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ တင်ပြထားကြောင်း သိရသည်။

အထက်ပါကိစ္စနှင့် ပတ်သက်ပြီး စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီး တောင်းဆိုမှုများကို ယခုချိန်ထိ သက်ဆိုင်ရာအစိုးရဌာနက တုံ့ပြန်ဖြေကြားခြင်းမရှိသေးကြောင်း သိရသည်။

အသက်တာသစ် ကျမ်းစာကျောင်းတွင် အများအသုံးပြုသော စကားပြောစက် အသုံးပြုခြင်းနှင့် ပတ်သက်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ ဖြင့် အမှုဖွင့်ထားသည့် ကိစ္စသည်လည်းယခုချိန်ထိ ဆင့်ခေါ်စာ သော်လည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းမှ ထိုအမှုနှင့်ပတ်သက်ပြီး ယခုချိန်ထိ အကြောင်းမပြန်သေးကြောင်း သိရသည်။

လွန်ခဲ့သော စက်တင်ဘာလ ၂၆ ရက် မနက် ၃ နာရီခန့်တွင် ရဲတပ်ဖွဲ့နှင့် အရပ်ဝတ် ဝတ်ဆင်ထားသော လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်စစ်ဆေးရှာဖွေမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ■

Ah Je/ David

# ပထမဆုံးအကြိမ် မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပမည်




အောက်တိုဘာ ၂၆

ပထမအကြိမ် မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလ ၅ ရက်နေ့မှ စတင်ကျင်းပသွားမည်ဖြစ်ပြီးနောက်ဆုံးဗိုလ်လုပွဲပွဲစဉ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဓိကရည်ရွယ်ချက်အနေဖြင့် ယနေ့ခေတ် လူငယ်များ မူးယစ်ဆေးဝါးကြောင့် ပျက်စီးမှု များလာသည့်အတွက် အားကစားဘက်သို့ စိတ်ဝင်စားလာပြီး ထူးချွန်သည့် ကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖူရီလီမီက ပြောသည်။

"ကမ္ဘာမှာရော ကျွန်တော်တို့ နိုင်ငံမှာရော အားကစားက ရေပန်းစားလာတယ်။ လူကြီး၊လူငယ်တွေအတွက် ကျန်းမာရေးတစ်ခု လိုလည်းဖြစ်နေတယ်။အားလုံးကလည်း ဝါသနာပါနေကြတဲ့အနေအထားမှာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျွန်တော်တို့ လီဆူလူမျိုးတွေကို သီးသန့် လုပ်ပေးဖြစ်တာပေါ့။ လီဆူမှာလည်း တော်တဲ့ ကစားသမားတွေရှိတယ် ဒါပေမဲ့ မပေါ်ဘူးဖြစ်နေတယ် ငုတ်နေတာ ၊ ဒီလိုလုပ်ပေးလိုက်ခြင်းအားဖြင့် တစ်ချိန်ချိန်မှာ မြန်မာ့လက်ရွေးစင်အထိ ပေါ်ထွန်းလာအောင် လူငယ်တွေကို ပျိုးထောင်ပေးတာပါ"ဟု ဦးအားဖူရီလီမီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင်ရှိသည့် လီဆူလူမျိုးများ ပါဝင်သွားမည်ဖြစ်ပြီး မြို့နယ်အလိုက် ယဉ်ကျေးမှု၊ မြို့နယ်အလိုက် ဘာသာရေးအသင်းအဖွဲ့များ၊ လီဆူ ကေဘီစီ၊ အေဂျီ စသည်ဖြင့် တိုင်းနှင့်ပြည်နယ်မှ ပေါင်းစုံ ပါဝင်ကြမည် ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းပေါင်း ၃၀ နီးပါးခန့်စာရင်းပေးထားပြီးဖြစ်ကြောင်းလည်း ဦးအားဖူရီလီမီက ပြောသည်။

ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ဆီးမီးဖိုင်နယ်ပွဲစဉ်များကို ငြိမ်းချမ်းသာယာ အားကစားကွင်းတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တတိယဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်တို့ကို ကချင်ပြည်နယ် ပြည်နယ် အားကစားကွင်းတွင် ပြုလုပ်သွားမည် ဖြစ်သည်။

ဆုကြေးများ အနေဖြင့် ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၃၀ နှင့် တတိယဆုကို ကျပ်သိန်း ၂၀ စသည်ဖြင့် အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

Salai

စာ-၈ မှ အဆက်. . .

ကြီးကို တစ်သမတ်ထဲ သွားနေရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် အားလုံးဟာ စာဖတ်ကြပြီးတော့ စဉ်းစဉ်းစားစား ဖြေသင့်ပါကြောင်း ပြောကြားလိုပါတယ်"လို့လည်း ဦးတင်ဦးယုက ထောက်ပြပြောဆိုခဲ့ပါတယ်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တွေက ကြယ်ပွင့်ပြထားသည့် မေးခွန်း ၇၈ ခု မေးခဲ့ကြပြီးတော့ နောက်ကျန်ရှိတဲ့ သက်တမ်းအတွင်းမှာလည်း ဘယ်လိုမေးခွန်းတွေကို မေးမြန်းဖြေကြားပြီးတော့ ဘယ်လိုဥပဒေတွေကို ဆွေးနွေးအတည်ပြုမလဲဆိုတာ စောင့်ကြည့်လေ့လာရဦးမှာပါ။ ■

စည်သူ(မြစ်ကြီးနား)

# ကချင်ပြည်နယ် မြေယာဥပဒေ ပြန်လည်ပြင်ဆင်ရေး အစပြုကော်မတီတစ်ရပ်ဖွဲ့စည်း



အောက်တိုဘာ ၁၁

ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်များမှ ပြဋ္ဌာန်းလျက်ရှိသော မြေယာနှင့်ဆိုင်သော ဥပဒေများကို တရားမျှတစွာ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ကချင်ပြည်နယ် မြေယာဥပဒေ ပြန်လည်ပြင်ဆင်ရေး ကော်မတီတစ်ရပ်ကို ကချင်အမျိုးသားကွန်ကရက်ပါတီက အောက်တိုဘာ ၁၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

မြေယာနှင့်ဆိုင်သော ဥပဒေများကို တရားမျှတစွာ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန်အတွက် ကော်မတီဖွဲ့စည်းသည့် အစပြုရလဒ်အဖြစ် မြေယာနှင့်ပတ်သက်သော ဖြေရှင်းကော်မတီကို ဦးလဆီးဘောက်နော်၊ ဦးအင်ခွန်ဘရန်အောင်၊ ဦးကရိုင်ဘောမ်အောန်၊ ဦးထိန်နန်ခွန်းမိုင်၊ ဦးဂဲနက်စ်နှင့် Kasante မှ ဆရာမ ဒေါ်နှင်းငွေးနှင့်တစ်ဦး၊ ကေအန်စီပါတီဝင်နှစ်ဦး စုစုပေါင်း ၉ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဖွဲ့စည်းရခြင်းသည် မြေယာနှင့်ပတ်သက်သော ဥပဒေများကို တရားမျှတစွာ ပြန်လည်ပြင်ဆင်ပြီး အကောင်အထည်ဖော် ဖြေရှင်းသည့်လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သွားရန် ရွယ်ရည်ကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ကချင်အမျိုးသားကွန်ကရက်ပါတီ ဥက္ကဋ္ဌ ဒေါက်တာအမ်ကောန်လက ပြောသည်။

“ မြေယာနှင့် ပတ်သက်တဲ့ပဋိပက္ခတွေက ကျွန်တော်တို့ ပြည်နယ်မှာသာ မကဘူး။ တစ်နိုင်ငံလုံးခံစားနေရတယ်။ ကျွန်တော်တို့က လူထုကို အသိပညာပေးဖို့အပြင် action သွားဖို့ရည်ရွယ်ချက်နဲ့သွားတာ ဖြစ်တယ်” ဟု ၎င်းက ပြောသည်။

ထို အစပြုကော်မတီသည် မြေယာနှင့်ပတ်သက်သော ဖြေရှင်းရေးကော်မတီမှ ထပ်မံ၍စိတ်တိုင်းကျ ဖွဲ့စည်းအတည်ပြုသွားမည်ဖြစ်ကြောင်းနှင့် ထိုအဖွဲ့အစည်းသည် ကချင်ပြည်နယ်၏ အမျိုးသားအကျိုးစီးပွားအလို့ငှာ ဖွဲ့စည်းခြင်းဖြစ်သည်ဟုလည်း ကချင်အမျိုးသားကွန်ကရက်ပါတီက အောက်တိုဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ထားသည်။

Kasante အဖွဲ့အစည်းမှလည်း လွန်ခဲ့သည့်နှစ်များတွင် မြေယာနှင့်ပတ်သက်၍ စစ်တမ်းများကောက်ခြင်းပြုလုပ်ခဲ့ကြောင်းနှင့် ကချင်ပြည်နယ်မှ တောင်သူများသည် မြေယာနှင့်ပတ်သက်သည့် အချက်အလက် အထောက်အထားများ မရှိခြင်း၊ စသည့် မြေယာပြသနာများကိုတွေ့ရကြောင်း Kasante လူမှုအဖွဲ့အစည်းမှ ဒေါ်နှင်းငွေးက ပြောသည်။

“ကျွန်မတို့ အဆိုးဆုံး တစ်ခု ဘာကိုလာတွေ့လဲဆိုရင် မြေလွတ်မြေရိုင်းနဲ့ ပတ်သက်ပြီးတော့ အစိုးရ ဥပဒေဖြစ်တယ်။ ဒါပေမဲ့ ဒီမြေလွတ်မြေရိုင်း ဆိုတာ ဘယ်လိုကဏ္ဍတွေကို ပြောတာလဲဆိုတာတွေကို ကချင်ပြည်နယ်တောင်သူတွေ မသိတဲ့အပိုင်းတွေ အများကြီးရှိတယ်”ဟု ၎င်းက ပြောသည်။

ကချင်အမျိုးသား ကွန်ဂရက်ပါတီအနေဖြင့် လွှတ်တော်နှစ်ရပ်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြေယာနှင့် ပတ်သက်သော လူမှုအဖွဲ့အစည်းများဖြင့် ကချင်ပြည်နယ်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆွေးနွေးတိုင်ပင်ညှိနှိုင်း သွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။ ■

မျိုးမြတ်မြတ်ပန်

# ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာ



ဓာတ်ပုံ - မျိုးမြတ်မြတ်ပန်

အောက်တိုဘာ ၂၁

ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့တွင် ပြောကြားခဲ့သည်။

၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့မှု (၁၁၆) ကြိမ်ရှိခဲ့ပြီး အိမ်ထောင်စုပေါင်း (၁၁၇၀) ဘေးသင့်ခဲ့သဖြင့် ထောက်ပံ့ငွေ၁၇၅ သန်း ကုန်ကျခဲ့ကြောင်းနှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးဖြစ်ပွားခဲ့မှု(၁၄၈)ကြိမ် ရှိခဲ့ကာ အိမ်ထောင်စုပေါင်း(၈၇၆၈)ခန့် ဘေးသင့်ခဲ့သဖြင့် ထောက်ပံ့ငွေ ၃၅၁ သန်း ကျော်ရှိခဲ့ကြောင်း ဆက်လက်ပြောကြားသည်။

“ဒါဟာ တစ်နှစ်ထက်တစ်နှစ် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု ပိုများလာတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ရန် ပြည်နယ်သဘာဝ အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်၊ မြို့နယ်ခွဲများတွင် ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲများ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ယခုနှစ် ဆောင်ပုဒ်အတိုင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဌာနမှ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်ကြရန် နှင့် ပြည်သူလူထု တစ်ရပ်လုံးလည်း တက်ကြွစွာပါဝင်လာဖို့ စည်းရုံးသွားကြရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်မှ မှာကြားခဲ့ခြင်းဖြစ်သည်။

“တာဝန်သိစိတ် ကိုယ်စီနဲ့ တက်ကြွစွာပါဝင်ခြင်းဖြင့် ဘေးဒဏ်ကြံ့ခံနိုင်ပြီး ထိရောက်စွာ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်သွားကြပါစို့” ဟု တိုက်တွန်းပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အတွက် နှစ်အလိုက်ဆောင်ပုဒ်များကို သတ်မှတ်လျက်ရှိရာ ယခုနှစ်အတွက် ဆောင်ပုဒ်သည် “ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ အခိုင်ခံ့ဆုံးတည်ဆောက်စို့”ဆိုသည့် ဆောင်ပုဒ်ဖြစ်သည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်မှစ၍ နိုင်ငံတော်အဆင့် အခမ်းအနားတစ်ရပ် အနေဖြင့် နှစ်စဉ် ကျင်းပပြုလုပ်နေကြောင်းနှင့် ကချင်ပြည်နယ်၌ ၂၀၁၃ ခုနှစ်မှစပြီး နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်သည် သတ္တမအကြိမ်မြောက် ကျင်းပ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# စီတာပူ ဘုန်းတော်ကြီးတပိုင် ကက်သလစ်ဖခင်များ ဘောလုံးပြိုင်ပွဲတွင် Ma Yesu (သူငယ်တော်ယေရှုး) ဓမ္မဆရာတိုက်နယ် ဖခင်များ ဒိုင်းဆု ဆွတ်ခူး



အောက်တိုဘာ ၁

မြစ်ကြီးနား မြို့နယ်၊ စီတာပူ ကက်သလစ်ဘုန်းတော်ကြီးတစ်ပိုင်ရှိဖခင်များ၏ ဘောလုံးအားကစား ယှဉ်ပြိုင်မှုတွင် Ma Yesu ဓမ္မဆရာတိုက်နယ်ဖခင်များက ဒိုင်းဆုကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို'SAN LUKA'အား ချီးမြှောက်ဂုဏ်ပြုခြင်း အထိမ်းအမှတ်အနေဖြင့် ဒုတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ကာ စီတာပူဘုန်းတော်ကြီး တစ်ပိုင်ရှိ ဓမ္မဆရာတိုက်နယ် (၁၇) တိုက်နယ်များထဲက (၈) တိုက်နယ်မှ ဖခင်များ ပါဝင်ကစားကြကြောင်း သိရသည်။

ဗိုလ်လုပွဲစဉ်ကို အောက်တိုဘာလ ၁၉ရက်နေ့က Ma Yesu နှင့် (၁၀)မိုင် ဓမ္မဆရာတိုက်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Ma Yesu အသင်းက ၂ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ဆုကြေးများ အနေဖြင့် ပထဆုရအသင်းကို ငွေကျပ် (၄)သိန်းကျပ်နှင့် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသည့် ဒိုင်း၊ ဒုတိယဆု- ငွေကျပ်(၂) သိန်းကျပ်တို့ကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

၎င်းအပြင် တစ်ဦးချင်းစွမ်းဆောင်ရည်ဆု အဖြစ် ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်းနှင့် ဂိုးသမားအကောင်းဆုံးဆုအဖြစ် ငွေကျပ် တစ်သောင်းစီ ချီးမြှင့်ခဲ့ကြောင်းနှင့် အသင်းလိုက်အသန့်ရှင်းဆုံးဆုငွေ သုံးသောင်းကျပ်ကို ကဝါးခဆရာတိုက်နယ်အသင်းက ရရှိကြောင်းလည်း သိရသည်။

ဖခင်များ အားကစားစိတ်ဓာတ် မြင့်မားလာစေရန်၊ မူယစ်ဆေးဝါးသုံးစွဲမှုမှ လွတ်မြောက်ကာ သား၊ သမီးများအတွက် ဖခင်ကောင်း၊ စံနမူနာကောင်း ဖြစ်လာစေရန်နှင့် ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေရန် ယင်းယှဉ်ပြိုင်မှုကို ကျင်းပရခြင်းဖြစ်ကြောင်း စီတာပူ ဘုန်းတော်ကြီးတစ်ပိုင် အားကစားကော်မတီ ဥက္ကဋ္ဌဦးခွန်းလတ်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ဆရာ တိုက်နယ်အသီးသီးက ဖခင်တွေ အိမ်ထောင်ရေးပိုင်းမှာ မူးယစ်ဆေးဝါးနဲ့ ကျရှုံးနေတဲ့သူတွေ အနေနဲ့ ဒီလိုကစားပွဲမှာ ပါဝင်ပြီး သားသမီးတွေ စံနမူနာကောင်းယူနိုင်အောင် ပြပေးနိုင်အောင် ကျင်းပတာဖြစ်ပါတယ်"ဟု ဦးခွန်းလတ်က ဆိုသည်။

ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဒိုင်းကို ပြုလုပ်ရန် အဓိက ကူညီပံ့ပိုးပေးသည့် Nhtawng La Ring နှင့် ပွဲဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီပံ့ပိုးပေးသောသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ဦးခွန်းလတ်က ဆက်လက်ပြောသည်။

"အဖက်ဖက်ကနေ ငွေကြေး၊ ပညာရပ်ဆိုင်ရာတွေကို ကူညီထောက်ပံ့ပေးတဲ့ ဘာသာတူ မောင်နှမတွေ အားလုံးကို ကျေးဇူးတင်တယ်"ဟု ၎င်းကပြောသည်။

ပြိုင်ပွဲတွင် ဆယ်မိုင်၊ နောင်နန်း၊ ပ. လ. န၊ ကဝါးခ၊ ရွှေစက်၊ Ma Yesu၊ John Paul, Patrick ဆရာတိုက်နယ်အသီးသီးမှ ဖခင်များ ပါဝင်ကစားခဲ့ကြကြောင်း သိရသည်။ ■

Benadeth

# ဂျပန်သံရုံးမှ ပြုလုပ်သော ကရာတေးဒို အားကစားပြိုင်ပွဲသို့ ကချင်ပြည်နယ်မှသွားရောက်ယှဉ်ပြိုင်



အောက်တိုဘာ ၂၃

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဂျပန်သံရုံးမှ ပြုလုပ်သော ကရာတေးဒို အားကစားပြိုင်ပွဲကို ကချင်ပြည်နယ် ကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကရာတေးပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် အောက်တိုဘာ ၂၂ ရက်နေ့မှ ၂၄ရက်နေ့အထိ ၃ ရက်တိုင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကရာတေးဒို ကစားနည်းပြ ဆရာနိုင်ကျော်သိန်းက ပြောသည်။

ကရာတေးဒို ပြိုင်ပွဲမှ တစ်ဆင့် မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာပြီး တိုင်းနှင့်ပြည်နယ်၊ နိုင်ငံကိုယ်စားပြုထိ ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ကြောင်း ဆရာကျော်နိုင်သိန်းက ပြောသည်။

"ကလပ်ပြိုင်ပွဲတွေနဲ့ မျိုးဆက်သစ်လူငယ်တွေ ထွက်လာအောင်၊ ပြီးမှ အဖွဲ့ချုပ်က သဘောကျတယ်ဆိုရင် နိုင်ငံကိုယ်စားပြု ပြိုင်ပွဲတွေ ပြန်ကစားဖို့"ဟု နည်းပြဆရာကျော်နိုင်သိန်းက ပြောသည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြုလုပ်သော ကရာတေးဒိုပြိုင်ပွဲသို့ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကူညီမှုဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် ကိုယ်စားပြု ကရာတေးဒိုပြိုင်ပွဲကို လူငယ် ၇ဦးမှ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ၅ ဦးဆုရရှိခဲ့ပြီး ထိုအထဲမှ ၁ဦး ဒုတိယဆုနှင့် ၄ ဦး တတိယဆုများကို အသီးသီးရရှိခဲ့ကြသည်။

ကချင်ပြည်နယ် အတိုင်းအတာဖြင့် ယခုကဲ့သို့ ပြည်နယ်အဆင့် စေလွှတ်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။ ■

Ah Je

# ပြည်နယ်အဆင့် ကာယဗလနှင့် ကြံ့ခိုင်ရေး ပြိုင်ပွဲအတွက် လူရွေးပွဲပြုလုပ်



ဓာတ်ပုံ - Ah Je

အောက်တိုဘာ ၂၂

ကချင်ပြည်နယ် လက်ရွေးစင် ကာယဗလနှင့် ကြံ့ခိုင်ရေးပြိုင်ပွဲဝင်များ ထွက်ပေါ်လာစေရန်စက်တင်ဘာလ ၁၇ ရက်နေ့တွင် မြစ်ကြီးနားမြို့ ပြည်နယ်မိုးလုံလေလုံအားကစား ခန်းမတွင် ပြုလုပ် ကျင်းပခဲ့သည်။

အဆိုပါ ပြည်နယ်အတွက် လူရွေးခံရသော ပြိုင်ပွဲဝင်များအား စခန်းသွင်းကာ ပြည်နယ်နှင့်တိုင်းအထိ သွားရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမြင့်ခိုင်က ပြောသည်။

"ဒီလိုပြိုင်ပွဲတွေ လုပ်တဲ့အတွက် ပြည်နယ်နဲ့တိုင်းမှာ ရွှေ တံဆိပ်ဆုတွေရလာတဲ့ ကစားသမားတွေရှိတယ်။ ဒါကြောင့်မို့လို့ ဒီလိုပြုလုပ်ရတာဖြစ်တယ်"ဟု ဦးမြင့်ခိုင်က ပြောသည်။

ယင်းပြိုင်ပွဲတွင် မြစ်ကြီးနား၊ ဝိုင်းမော်မြို့၊ ဗန်းမော်မြို့၊ မိုးညှင်းမြို့နှင့် မိုးကောင်းနယ်များမှ ပြိုင်ပွဲဝင် အားကစားသမား(၃၈)ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဗန်းမော်မြို့မှ အများဆုံး ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ကာယဗလနှင့် ကြံ့ခိုင်ရေးပြိုင်ပွဲကို အမျိုးသား ၆၀ ကီလိုတန်း၊ ၇၀ ကီလိုတန်း ၊ ၈၀ကီလိုတန်း အမျိုးသမီး ကာယဗလနှင့် ကြံ့ခိုင်ရေး ပြိုင်ပွဲကို အမျိုးအစားအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ကချင်ပြည်နယ် ကာယဗလနှင့် ကြံ့ခိုင်မှုလက်ရွေးစင် လူရွေးပွဲအတွက် ပြည်နယ်လက်ရွေးစင် ရွှေတံဆိပ်ဆု ရရှိထားသော ကစားသမားများသည် ယှဉ်ပြိုင်ခွင့်မရှိကြောင်းနှင့် မျိုးဆက်သစ်ကစားသမားကို အဓိကထားကာ လူရွေးမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ■

Ah Je / David

# စာအုပ်စင်ကဏ္ဍ

| မြို့ပြပိုးမွှားများ |
|---|
| စာရေးသူ = နေဝင်းမြင့် |
| ထုတ်ဝေသူ = မုဝံ စာအုပ်တိုက် |
| တန်ဖိုး = ၂၅၀၀ ကျပ် |




**ညီထွန်းလင်း**

မြို့ပြပိုးမွှားများ ခေါင်းစဉ်နဲ့ ရေးသားထားတဲ့ ဆရာနေဝင်းမြင့်ရဲ့ ဆောင်းပါး ခံစားမှုများကို စုစည်းထားခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ မြို့ပြများအတွင်းက တည်ရှိနေမှုများ၊ ဓလေ့ထုံးစံများ၊ပွဲတော်များ။ လမ်းများ၊ ဈေးများ၊ မြို့ပတ်ရထားပေါ်မှ ဘဝများ၊ ရပ်ကွက်များ၊ မြစ်များ၊ စသည်တို့အကြောင်းများကို စာရေးသူကိုယ်တိုင် ဝင်ရောက်မွေ့လျော်ပြီးမှ ထွက်ပေါ်လာသော ခံစားမှုများကိုရေးသားထားသော ဆောင်းပါးကောင်းများ ဖြစ်ပါတယ်။ ဒီစာစုများထဲမှာ ပန်းများအကြောင်း၊ မီးရထားသွားလာရေးများအကြောင်း၊ လေ့သဘော်များ ရေကြောင်းသွားလာမှုများ အကြောင်းတို့ကိုလည်း ရေးသားထားပါတယ်။

"သဘော် နောက်ခန်းတစ်နေရာမှာတော့ မိသားစုတစ်စု ထမင်းစားဖို့ ပြင်နေကြသည်။ ပန်းကန်ခွက်ယောက် မလိုပါ။ ဒန်အိုးထဲမှာ ထမင်းအေးတွေ ခဲခဲသိပ်သိပ်ရှိနေသည်။ အနားက ဒန်ချိုင့်ထဲမှာ ခရမ်းချဉ်သီးပူစီဖောင်းချက် တစ်ခွက်။ ဒါကို စတီးဇွန်းကိုယ်စီဖြင့် ထိုးကာ ကော်ကာ စားနေကြတာကို သူအားကျနေသည်။ တောသူတောင်သားတွေဆိုတော့ ပကာသန မလို။ အသွင်သဏ္ဌာန်ထက် အနှစ်သာရကို တပ်မက်ကြသူတွေဖြစ်သည်။

ကျောက်တစ်လုံး ဆိပ်ကမ်းကတော့ ဆိပ်ကမ်းကောင်းဖြစ်၏။ ကမ်းဆိပ်ကို သဘော်ဦး ထိုးကပ်နိုင်သည်။ ဖရဲသီးစိတ်သည်တွေ၊ သရဖီ ပန်းကုံးသည်တွေ၊ အကြော်သည်တွေက သဘော်မရပ်ခင် သဘော်ပေါ်ရောက်နေကြပြီ။ တစ်ကုံးငါးကျပ် သရဖီပန်းက Demand များလာသည့်အခါ နှစ်ကုံး ၁၅ ကျပ် ဖြစ်သွားသည်။

လူအဆင်းအတက် ကုန်းပေါင်ပေါ်မှာတော့ လူသံတွေ ပွက်ပွက်ရိုက်နေသည်။ သီလရှင် လေးငါးပါးကတော့ မုန့်လေပွေချပ်ကြီးတွေကို တကျွတ်ကျွတ်ဝါးကြလေ၏။ သူက တီဗီကြော်ငြာထဲက ဂါးဂါးငါးမုန့်ကြော်ငြာကိုဖျပ်ခနဲ သတိရလိုက်သည်။ ဟုတ်ကဲ့ အေးပါ။

သူမြင်ရသလောက် အညာသူ အညာသားတို့၏ ညိုမောင်းမောင်းရင့်ကြမ်းကြမ်းမျက်နှာတွေကိုပဲ မြင်နေရသည်။ သဘော်ပေါ်က ယောကျ်ားမိန်းမ တော်တော်များများ ဆေးလိပ်သောက်ကြခြင်းဖြစ်သည်။ မီးပွားမလွင့်ရန် ဘူးခံသောက်ကြသော်လည်း မီးခိုးတွေက သဘော်တစ်စင်းလုံး အူထနေသည်။ (စာ - ၁၀၄ မှ)

| တိမ်တိုက်တွေရဲ့ဟိုမှာဘက် |
|---|
| စာရေးသူ = လွန်းမောင်မောင် |
| ထုတ်ဝေသူ = ငွေလစာပေ |
| တန်ဖိုး = ၃၀၀၀ ကျပ် |




**ညီထွန်းလင်း**

ဝတ္ထုတိုတွေ၊ ဝတ္ထုရှည်တွေ အရေးကောင်းတဲ့ ဆရာလွန်းမောင်မောင်ရဲ့ လုံးချင်းစာအုပ်ဖြစ်ပါတယ်။ စာပေလောကမှာ ရသလုံးချင်းစာအုပ်လိုင်းတွေ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရာမှ အခုနောက်ပိုင်းတွင် ရသအရေးကောင်းသော ဝတ္ထုတိုဆရာ၊ ဆရာမများရဲ့ လုံးချင်းတွေ ထွက်ပေါ်လာတာကို တွေ့ရပါတယ်။ လုံးချင်း လောကမှာ အပျော်ဖတ်တွေကြီးစိုးထားရာကနေ အခုနောက်ပိုင်း ရသလုံးချင်းတွေ ပြန်လည်ဦးမော့လာပြီလို့ ပြောရမှာပါ။ ဂျူး၊ နုနုရည်အင်းဝ၊ မိုးမိုးအင်းလျားတို့ နောက်ပိုင်းမှာ ရသလုံးချင်းစာပေဟာ အင်အားနည်းပါးလာပြီး မှေးမှိန်ပျောက်ကွယ်သလောက်ဖြစ်သွားခဲ့ရာကနေ အခုတော့ စာရေးဆရာ ဆရာမများရဲ့လက်ရာ ရသလုံးချင်းများစွာ ပြန်လည်ထွက်ပေါ်လာတာ အလွန်ဝမ်းသာစရာ ကောင်းလှပါတယ်။

"ဖေဖေ့ကို မြိုင်သဘောကျသည့်အထဲမှာ သိပ်ကိုလှပသည့် အဖေ့ဆိုင်းလေး (လက်မှတ်)က တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ မြိုင်ဘယ်လိုပင်အားကျပြီး လေ့ကျင့်လေ့ကျင့် မြိုင့်ကိုယ်ပိုင်လက်မှတ်ကလေးကတော့ အရမ်းကို ခံ့ညားလွန်းလှသည်လို့ မြိုင့်စိတ်ထဲ တွေးထင်ခဲ့သည်။

မြိုင့်ကို မွေးခဲ့တာ ဇရာဝတီမြစ်နှင့် ရွှေလီမြစ်တို့ဆုံကြသည့် သာမာန်ရွာလေးတစ်ရွာသာ ဖြစ်ခဲ့ပေမယ့် မြိုင် ဘယ်တုန်းကမှ အားမငယ်ခဲ့။ မြိုင့်ဖေဖေက သာမန် တောသူတောင်သားမဟုတ်ခဲ့ဘူး။ သာမန်အခင်းစိုက်စားသူမဟုတ်ခဲ့ဘူး ဆိုသည့်အသိက မြိုင့်ကို အားတစ်ခုဖြစ်စေခဲ့သည်။ တောသူတောင်သားများကို အထင်သေးသည်တော့မဟုတ်။ အဲ့သည့် တောသူတောင်သားများက ကျောင်းဆရာတစ်ယောက်ဖြစ်တဲ့ ဖေဖေ့ကို လေးစားကြသလောက် မြိုင့်မေမေကိုတော့ အထင်သေးလွန်းကြသည်။ မြိုင့်မေမေ့ကိုမြင်တိုင်း တီး တိုးဝေဖန် မေးငေါ့လေ့ရှိမှန်း မြိုင်ငယ်စဉ်ကတည်းက သိခဲ့သည်။ ထို့အတူ တစ်နေ့တခြား မြိုင့်မေမေနှင့်တူ၍လာသည့် မြိုင့်ကိုလည်း တစ်မျိုးမြင်ကြသည်လို့ မြိုင်ထင်သည်။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ပြောနေကြမှန်း မြိုင်ရိပ်မိသည်။ အနေအေးပြီး စကားနည်းပေမယ့် မြိုင့်မေမေက ပြုံးလိုက်သည့်အခါမှာတော့ အရမ်းလှသည်။ သို့သော် မေမေပြုံးရယ်သည်က ရှားပါးလွန်းပါသည်။ မြိုင့်ကို ချော့မြူနေသည့်အချိန်၊ မြိုင်နဲ့ကစားနေသည့်အချိန်လောက်တွင်သာ ရယ်ပြုံးတတ်သည်။ ထို့ပြင် မြိုင်သိတတ်ခါစအရွယ်တွင် မြိုင့်ကို ချီပိုးချော့မြူရင်း စကားတွေ တတွတ်တွတ်ပြောနေတတ်မှန်း မြိုင်သိခဲ့သည်။ ထိုစကားတွေကို မြိုင် နားမလည်ခဲ့သလို မြိုင့်ဖေဖေကလည်း နားမလည်ဟု သိရသည်။ မြိုင်နားလည်အောင်လည်း သင်ကြားပေးခဲ့ခြင်း မရှိခဲ့ပါ။(စာ - ၁၁၇ မှ)

## လူကြီးမင်းတို့အတွက် အထွေထွေဝန်ဆောင်မှုလုပ်ငန်းများ

### ပန်းရံ၊ လက်သမား

ဦးအောင်မိုးဆန်း
ဖုန်း-၀၉၇၆၁၃၇၃၀၉၅
ဖုန်း-၀၉၄၀၀၀၂၁၇၆၉

### မီးပြင်ဆရာ

ဦးနေအောင်
ဖုန်း-၀၉၄၄၀၉၇၉၈၅၅

### အဲယားကွန်း

ဦးအောင်းနီ
ဖုန်း-၀၉၇၉၆၅၇၃၂၄၆

### မိလ္လာ

ဦးကျော်မင်းသန်း
ဖုန်း-၀၉၄၀၀၀၂၄၄၅၃
ဦးလွင်အောင်
ဖုန်း-၀၉၇၉၂၀၇၀၂၆၆
ဦးကျော်သူရ
ဖုန်း-၀၉၇၈၇၇၁၄၅၂၀

### ရေဘုံဘိုင်

ဦးဒီးရမ်
ဖုန်း-၀၉၄၀၀၀၃၂၃၅၂
ဖုန်း- ၀၉၂၅၉၈၂၉၃၉၅


### ပန်းချီပြပွဲ လာရောက်ကြည့်ရှုအားပေးရန် ဖိတ်ကြားခြင်း

ပန်းချီဆရာများကိုယ်တိုင်နှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ဧရာဝတီ လူမှုကူညီရေးအဖွဲ့တို့ပူးပေါင်းကာ စီစဉ်ကျင်းပသည့် "**မနောမြေဆီ – ဘဝ အလှ ရှန်းကန်နိုးထခြင်း**" ပန်းချီပြပွဲအား ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် လာရောက်ကြည့်ရှုအားပေးကြပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

**ပြုလုပ်မည့်နေရာ** - (၃)ထပ်ဆောင်၊ စိန့်ကိုလန်ဘန် ကက်သလစ်ဘုရားကျောင်းဝင်း၊ အောင်နန်းရပ်ကွက်၊ မြစ်ကြီးနားမြို့
**နေ့ရက်** - ၂၀၁၉ ခုနှစ်နိုဝင်ဘာလ (၂) ရက် မှ (၅) ရက်နေ့အထိ
**အချိန်** - နေ့စဉ် နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ

နိုဝင်ဘာလ (၂) ရက်နေ့ မနက် (၉) နာရီတွင် ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်သွားပါမည်။ မည်သူမဆို လွပ်လပ်စွာ လာရောက်ကြည့်ရှု အားပေးနိုင်ပါသည်။

### အသိပေးကြေငြာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ အ.လ.က ခလရ(၂၆၀)၊ ဒုတိယတန်း (G2) မှ မောင်ထက်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်အေး ၅/ မမန(နိုင်) ၀၈၈၈၂၁ ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်

# ဥပဒေဆိုင်ရာ အထောက်အကူလိုအပ်နေသူ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် ကူးစက်ရောဂါ ခံစားနေရသူတွေကို ဦးစားပေး အခမဲ့ဥပဒေဆိုင်ရာ အကူအညီပေးနေ



**ကချင်ပြည်နယ်အတွင်း ဥပဒေဆိုင်ရာ အထောက်အကူလိုအပ်နေတဲ့ သူတွေအတွက် အခမဲ့ ဥပဒေဆိုင်ရာ အကူအညီပေးနိုင်ဖို့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေအရ ပေါ်ပေါက်ခဲ့တဲ့ အဖွဲ့ပါ။ အဲ့ဒီအဖွဲ့ဟာ အမှန်တကယ် အထောက်အကူလိုအပ်နေတဲ့ ပြည်သူတွေအတွက် ဥပဒေပိုင်းဆိုင်ရာ အထောက်အကူပေးမှုမှာ ဘယ်လို အကူအညီပေးနေလဲ၊အကူအညီတောင်းခံလိုရင်ဘယ်လိုဆက်သွယ်တောင်းခံရမလဲ၊ ၎င်းတို့ အဖွဲ့အစည်းရဲ့ တာဝန်ဝတ္တရားနဲ့ လုပ်ဆောင်ချက်တွေကို အဖွဲ့ဥက္ကဋ္ဌ ဦးတိန့်ဘောမ်နဲ့ ဒီအပတ် တွေ့ဆုံမေးမြန်းထားပါတယ်။**

**မင်္ဂလာပါ. . ဆရာ။ ပထမဦးဆုံးအနေနဲ့ ဆရာတို့ရဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဆိုတာ ဘာလဲဆိုတာကို ပြောပြပေးပါအုံး။**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဆိုတာ ဘာလုပ်ရတာလဲ၊ ဘယ်လို အဖွဲ့အစည်းလဲဆိုလို့ အများစုက ဂယနဏ မသိကြတော့ အဲ့တာကနေ စပြီး ရှင်းပြရမှာပေ့ါ။ အရင်က မရှိဖူး၊ မကြားဖူးတဲ့ အဖွဲ့နာမည်ဆိုတော့လည်း သိချင်တာ မဆန်းပါဘူး။ နိုင်ငံတကာမှာတော့ ဒီလိုအဖွဲ့အစည်းတွေက လွန်ခဲ့တဲ့ နှစ်(၂၀)လောက်ကတည်းက ပေါ်ပေါက်လာပြီးသား ဖြစ်ပေမယ့် မြန်မာနိုင်ငံမှာဆိုရင် ဒါပထမဆုံးပေါ်ပေါက်တဲ့အဖွဲ့ပါ။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အခန်းကဏ္ဍသစ်တစ်ခုကို ဖော်ဆောင်ရမယ့် အဖွဲ့ ဖြစ်ပါတယ်။ ဒီအဖွဲ့က "လမ်းမရှိဘူး၊ လမ်းအသစ်ဖောက်သွားရမယ့် အဖွဲ့ပါပဲ"လို့ MY Justice ရဲ့ အကြီးတန်း တရားရေးအကြံပေး ဆရာဦးဟန်ဇာထွန်းက ပြောဖူးတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အများပြည်သူတွေပဲမဟုတ်ဘူး၊ အချို့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေကတောင် လူမှုအဖွဲ့အစည်းတစ်ခု၊ ရှေ့နေတစ်စုတစ်ဖွဲ့လို ထင်ကြတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှာ လုပ်ငန်းတာဝန်ထမ်းဆောင်နေတဲ့ ဌာနဆိုင်ရာ မဟုတ်တဲ့ သူကို ရာဇသတ်ကြီးပုဒ်မ (၂၁)အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမယ်လို့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ(၄၁)မှာပြဋ္ဌာန်းထားတာကိုတွေ့နိုင်ပါတယ်။ လက်ရှိ တိုင်းဒေသကြီး ပြည်နယ်အဆင့်အထိ အဖွဲ့မှာ ပါရှိနေကြတဲ့ ဌာနဆိုင်ရာ မဟုတ်တဲ့ အဖွဲ့ဝင်တွေဟာ နိုင်ငံတော်က ချီးမြှင့်တဲ့စရိတ်ကိုခံစားနေကြတာဖြစ်ပါတယ်။နိုင်ငံတော်က ဖွဲ့စည်းခန့်အပ်တဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းနဲ့ အဖွဲ့ရုံးကို ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရဲ့ ကြီးကြပ်ကွပ်ကဲမှု အောက်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

**ဒီအဖွဲ့ စတင်ပေါ်ပေါက်လာပုံနဲ့ ပြည်နယ်အတွင်းမှာ ဘယ်လိုပုံစံတွေနဲ့ ဖွဲ့စည်းထားလဲဆိုတာ ပြောပြပေးပါ။**

ဒီအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေအရ ဖွဲ့စည်းပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် စသဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းထားပါတယ်။ ကချင်ပြည်နယ်မှာတော့ ၂၀၁၈ခုနှစ်မှာ ဖွဲ့စည်းခဲ့တာဖြစ်ပြီး ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နဲ့ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူ၊ ပူတာအို (၁၁)မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့တွေ ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ခရိုင်ရုံးစိုက်တဲ့ မြို့နယ်ရဲ့ မြို့နယ်ဥပဒေဆိုင်ရာ အဖွဲ့ကိုတော့ ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဖြစ် ပူးတွဲတာဝန်ယူရပါတယ်။

**အဖွဲ့ရဲ့ ရည်ရွယ်ချက်ကိုလည်း ပြောပြပေးပါ။**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေရဲ့ အဓိကရည်ရွယ်ချက်က အမှုအခင်းဖြစ်ပြီး တရားတပေါင်ရင်ဆိုင်ရမယ့် ဆင်းရဲနွမ်းပါးလို့ ရှေ့နေမငှားနိုင်သူတွေအတွက် ပြစ်မှုဆိုင်ရာ အမှုတွေမှာ နိုင်ငံတော်စရိတ်နဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးဖို့ ဖြစ်ပါတယ်။ ဥပဒေက ပေးထားတဲ့ ခုခံချေပခွင့်နဲ့ အယူခံခွင့်တွေကို ဆောင်ရွက်ရာမှာ ထိရောက်တဲ့ အထောက်အကူရရှိပြီး တရားမျှတမှု ရရှိစေတဲ့အတွက် တရားဥပဒေစိုးမိုးရေးနဲ့ တရားဥပဒေအပေါ် ပြည်သူအများ ယုံကြည်မှု ပိုမိုမြင့်မားလာဖို့ ရည်ရွယ်ပါတယ်။

**ဆရာတို့အဖွဲ့ရဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးမှုတွေအကြောင်းကို ရှင်းပြပေးပါအုံး။**

ကျွန်တော်တို့ အနေနဲ့ တရားခံရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ပေးတယ်။ နိုင်ငံတော် စရိတ်နဲ့ ရှေ့နေငှားရမ်းပေးတယ်။ဥပဒေဆိုင်ရာအသိပညာပေးတာ၊အကြံဉာဏ်ပေးတာ၊ အကူအညီပေးတာတွေနဲ့ သတင်းအချက်အလက်ပေးတာမျိုးလည်း ဆောင်ရွက်ပေးပါတယ်။ ဒ့ါအပြင် တရားစွဲဆိုတာ၊ ပြစ်ဒဏ်ချမှတ်တာ၊ အကျဉ်းချခြင်းခံရသူဟာ နိုင်ငံသားဖြစ်ပေမယ့် ဘာသာစကားအခက်အခဲရှိရင် ဘာသာစကား နားလည်သူနဲ့ ဆောင်ရွက်ပေးပါတယ်။ နိုင်ငံခြားသားဖြစ်နေရင် စကားပြန်ကနေ ဥပဒေအထောက်အကူရနိုင်တယ်ဆိုတာ ရှင်းပြပြီး နိုင်ငံခြားဝန်ကြီးဌာနကနေတစ်ဆင့် သက်ဆိုင်ရာ ကောင်စစ်ဝန်ရုံး၊ သံရုံးတို့ကို အကြောင်းကြားပေးတာမျိုး ဆောင်ရွက်ပေးပါတယ်။

**ဒီအဖွဲ့မှာ ဥပဒေအထောက်အကူ လာရောက်တောင်းခံရင် ဘယ်လိုပြစ်မှုမျိုးတွေအတွက် အထောက်အကူပြုပေးနိုင်လဲရှင့်။**

ကျွန်တော်တို့အဖွဲ့က သေဒဏ်ပေးနိုင်တဲ့ ပြစ်မှုအမျိုးအစားကလွဲလို့ အခြားဘယ်လိုပြစ်ဒဏ်မျိုးမဆို ပေးနိုင်တဲ့ ပြစ်မှု (ယခုအခေါ် ရာဇဝတ်မှု)တွေကို ဥပဒေဆိုင်ရာ အထောက်အကူပေးပါတယ်။ သေဒဏ်ထိုက်တဲ့ ပြစ်မှုနဲ့ စွပ်စွဲခံရတဲ့ တရားခံကိုတော့ ဆင်းရဲနွမ်းပါးလို့ ရှေ့နေ မငှားနိုင်ရင် ဥပဒေရုံးတွေက နိုင်ငံတော်စရိတ်နဲ့ ရှေ့နေငှားရမ်းပေးနေတာပါ။

**ဥပဒေဆိုင်ရာအထောက်အကူပေးသူရဲ့တာဝန်တွေကကော ဘာတွေဖြစ်မလဲဆိုတာ ရှင်းပြပေးပါ။**

ဥပဒေဆိုင်ရာ အထာက်အကူပေးသူဟာ ရဲစခန်း ဒါမှမဟုတ် အခြားတစ်နေရာမှာ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရတဲ့ သူနဲ့ပတ်သက်ပြီး မိသားစုကို အကြောင်းကြားပေးရမယ့်အပြင် လိုအပ်ရင် ဒီဥပဒေနဲ့ အညီ အထောက်အကူပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်တယ်။ တရားရုံးရှေ့ပို့ပြီး ချုပ်မိန့်တောင်းတဲ့အခါမှာ ဖြစ်ဖြစ်၊ ချုပ်မိန့်နဲ့ ဆက်ပြီးချုပ်နှောင်ခံရတဲ့အခါမှာ ဖြစ်ဖြစ် ချုပ်နှောင်ခံထားရတဲ့ (ရီမန်)ကာလအတွင်း ရဲတပ်ဖွဲ့စခန်း၊ ဒါမှမဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းက စုံစမ်းစစ်ဆေးတာ၊ စိစစ်တာ ပြုလုပ်ရာမှာ ဖြစ်ဖြစ်၊ ခုခံချေပနိုင်တာဖြစ်တဲ့အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရပါတယ်။ တရားစွဲတင်လို့ တရားရုံးက အမှုစစ်ဆေးတဲ့ ကာလမှာလည်း အမှုပြီးဆုံးတဲ့အထိ လိုအပ်တဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရပါတယ်။ ဒ့ါအပြင် ပြစ်ဒဏ်ချမှတ်ခံရတဲ့ တရားခံနဲ့ ပတ်သက်လို့ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများမှာလည်း လိုအပ်သလို ဥပဒေဆိုင်ရာ အထောက်အကူပေးတယ်။။ နောက် အပြစ်ဒဏ် ချမှတ်ခံရသူတွေနဲ့ ပတ်သက်လို့လည်း သူတို့ရသင့် ရထိုက်တဲ့ သက်သာခွင့်တွေရဖို့ ဥပဒေဆိုင်ရာ အထောက်အကူပေးပါတယ်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရာမှာ အခြားအစိုးရအဖွဲ့အစည်းတွေနဲ့ရော ဘယ်လို ချိတ်ဆက်လုပ်ဆောင်ရပါသလဲ။**

ဥပဒေဆိုင်ရာအထောက်အကူပေးရာမှာရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို မထိခိုက်စေဘဲ ဥပဒေနဲ့အညီ ရပိုင်ခွင့်တွေကို မဆုံးရှုံးစေဖို့ အလေးအနက်ထား ဆောင်ရွက်ကြဖို့က အရေးကြီးပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံလာတဲ့ ပြည်သူတစ်ဦးအတွက် ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ဖို့ ဆိုရာမှာ တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနဲ့ တရားစွဲအဖွဲ့အစည်းများက သက်ဆိုင်ရာ ဥပဒေအထောက်အကူပေးရေးအဖွဲ့တွေနဲ့ ပူးပေါင်းပါဝင်ရမှာ ဖြစ်သလို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများကလည်း ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်က တောင်းခံလာတဲ့ အကူအညီကို ပေးရတယ်။ ဒါကြောင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ဥပဒေဆိုင်ရာ အထောက်အကူပေးလုပ်ငန်း လုပ်ဆောင်ရာမှာ မိမိတို့ တစ်ဦးတစ်ဖွဲ့တည်း မဟုတ်ဘဲ လုပ်ငန်းနဲ့ပတ်သက်ဆက်နွယ်တဲ့ အစိုးရဌာန၊ အဖွဲ့အစည်းများရဲ့ ပူးပေါင်းပါဝင်မှု လိုအပ်တဲ့အကူအညီ ရယူမှုတို့နဲ့ ဆောင်ရွက်ပါတယ်။

**အကူအညီတောင်းခံဖို့ လိုအပ်ရင် ဆရာတို့ အဖွဲ့ဆီကို ဘယ်လိုဆက်သွယ် တောင်းခံနိုင်မလဲ ဆိုတာလည်း ပြောပြပေးပါအုံး။**

ဥပဒေဆိုင်ရာ အထောက်အကူရဖို့ လိုအပ်ရင် သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အ

စာ .. ၁၆ သို့ »

# အထက်မြန်မာပြည် တက္ကသိုလ်ဇုန် ဘောလုံးပြိုင်ပွဲ မြစ်ကြီးနားတက္ကသိုလ်ဇုန် (၅) ကြိမ်မြောက်ဖိုလ်စွဲ




အောက်တိုဘာ ၂၅

အထက် မြန်မာပြည် တက္ကသိုလ်ဇုန် University Football Tournament 2019 အမျိုးသား ဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားတက္ကသိုလ်ဇုန် အသင်းက ဖိုလ်စွဲခဲ့ကြောင်းသိရသည်။

ဖိုလ်လုပွဲ ပွဲစဉ်ကို အောက်တာဘာ ၂၂ ရက်နေ့ကဖိုလ်လုပွဲပွဲစဉ်ကိုမန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်းတွင် ဖိုလ်လုပွဲပွဲစဉ်အနေဖြင့် မုံရွာဇုန်အသင်းနှင့် မြစ်ကြီးနားဇုန် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြစ်ကြီးနားဇုန်အသင်းက ၅ဂိုး ၂ ဂိုးဖြင့် အနိုင်ရဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အထက်မြန်မာပြည် ဇုန်ပြိုင်ပွဲအား ၂၀၁၀ ခုနှစ်မှ စတင် ကျင်းပခဲ့ခြင်းဖြစ်ပြီး မြစ်ကြီးနားတက္ကသိုလ်ဇုန် အသင်းက ၅ ကြိမ်မြောက် ချန်ပီယံ ဖြစ်ခဲ့ကြောင်း မြစ်ကြီးနားတက္ကသိုလ်မှ အားကစားအရာရှိ ဦးမက်အာသာက ပြောသည်။

“၂ နှစ်တော့ ရှိပြီ။ ချိန်ပီယံဆုနဲ့ ကင်းကွာခဲ့တာ ဒီဒိုင်းဟာ ကျွန်တော်တို့ မြစ်ကြီးနားဇုန်ရဲ့ ၅ လုံးမြောက် ဒိုင်းဖြစ်တယ် ဒီပြိုင်ပွဲစလုပ်ကတည်းကပေါ့။ အထက်မြန်မာပြည် ပြိုင်ပွဲကတော့ ၂၀၁၀ ကတည်းကလုပ်တာပေါ့၊ တစ်နှစ်ကတော့ ဒိုင်းမပေးပေါ့ အဲ့မှာ ၅ ကြိမ်ချန်ပီယံ ဖြစ်ခဲ့တယ်ဆိုတော့ ကျွန်တော်တို့ အများဆုံးပဲ” ဟု ဦးမက်အာသာက ပြောသည်။

မိမိတို့ မြစ်ကြီးနားတက္ကသိုလ် ဇုန်အသင်းအား တက္ကသိုလ်အလိုက် မေဂျာပွဲများမှတစ်ဆင့် တက္ကသိုလ်ကျောင်းအလိုက်ပြိုင်ပွဲများ ကျင်းပကာ အဆင့်ဆင့် လူရွေးချယ်ကာ ဖွဲ့စည်းခဲ့ကြောင်းလည်း ၎င်းကရှင်းပြပြောဆိုသည်။

“မေဂျာပွဲတွေ ကစားတယ်။ မေဂျာပွဲကနေ လူရွေးပြီးတော့ ကျောင်းအလိုက်ပြန်ကစား ဗန်းမော်ကနည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်တွေ၊ မြစ်ကြီးနားပညာရေးကောလိပ်၊ မြစ်ကြီးနား တက္ကသိုလ်၊ မြစ်ကြီးနားကွန်ပျူတာတက္ကသိုလ်၊ မြစ်ကြီးနား နည်းပညာတက္ကသိုလ်၊ မိုးညှင်း ဒီဂရီကောလိပ်တွေပါတယ်။ အဲဒီပြိုင်ပွဲက လူပြန်ရွေးတာ ကျွန်တော်တို့က မြစ်ကြီးနားဇုန်အတွက် အယောက် ၂၀ ရွေးစခန်းသွင်းလေ့ကျင့်ပြီး သွားပြိုင်ခဲ့ကြတာပေါ့”ဟု ဦးမက်အာသာက ပြောသည်။

အထက်မြန်မာပြည်ဇုန်ပြိုင်ပွဲတွင် မြစ်ကြီးနားတက္ကသိုလ်ဇုန်အသင်းသည် မုံရွာ၊ နေပြည်တော် စသည့် တက္ကသိုလ်ဇုန် အသင်းများနှင့် အုပ်စုတစ်စုတည်းကျခဲ့ပြီး အုပ်စုပွဲစဉ်တွင် မုံရွာအသင်းအား ၃ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး နေပြည်တော်အသင်းအား ၅ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုဒုဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်တွင် မြစ်ကြီးနားဇုန်အသင်းက လက်ရှိချန်ပီယံ မန္တလေးဇုန်အသင်းကို ၆ ဂိုး ၄ ဂိုးဖြင့်လည်းကောင်း၊ မုံရွာဇုန်အသင်းက တောင်ကြီးဇုန် အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ဖိုလ်လုပွဲတက်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

တတိယ ဖိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးဇုန်နှင့် တောင်ကြီးဇုန် အသင်းတို့ အောက်တိုဘာ ၂၁ ရက်နေ့ ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန္တလေးဇုန်အသင်းက ၅ ဂိုး ဂိုးမရှိဖြင့် တတိယနေရာကို ရရှိခဲ့သည်။

ဖိုလ်လုပွဲ ကျင်းပသည့် အောက်တိုဘာ ၂၂ ရက်နေ့တွင် ဆုပေးပွဲအခမ်းအနားကိုလည်း ဆက်လက်ကျင်းပခဲ့ပြီး မြစ်ကြီးနားဇုန်အသင်းမှ ဂိုးသမားအကောင်းဆုံးဆုအား မောင်သိုက်သိုးလင်းဦး၊ အလယ်တန်းအကောင်းဆုံးဆုအား မောင်ဇေယျာထွန်းနှင့် အကောင်းဆုံးကစားသမားဆုအား မောင်ကျော်ဝင်းသိန်းတို့က ရရှိခဲ့ကြသည်။

ယင်း အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဒ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် MPT Joint Operation မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် အထက်မြန်မာပြည်ဇုန်အလိုက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင်မူ ပထမ မန္တလေးဇုန်၊ ဒုတိယ မုံရွာဇုန်၊ တတိယတောင်ကြီးဇုန်တို့ အသီးသီးရရှိခဲ့ကြသည်။

အောက်မြန်မာပြည် ဇုန်အလိုက် (အမျိုးသား/အမျိုးသမီး) ဘောလုံးပြိုင်ပွဲကိုလည်း အောက်တိုဘာ ၂၅ ရက်နေ့မှ စတင်ကျင်းပလျက်ရှိနေကြောင်း သိရသည်။ ■

Salai

*စာ ၁၅၊ ဥပဒေဆိုင်ရာ အထောက်အကူလိုအပ်နေသူ ကလေးသူငယ်များ မှ . . .*

ကူပေးရေးအဖွဲ့ တစ်ခုခုကို လျှောက်ထားတောင်းခံနိုင်ပါတယ်။ ဘယ်အဆင့်မှာ လျှောက်ထားတောင်းခံရမယ်လို့ သတ်မှတ်ထားတာတော့ မရှိဘူး။ ဒါပေမဲ့ လျှောက်လွှာငြင်းပယ်ခံရရင် အဖွဲ့အဆင့်ဆင့်ကို ဆက်လက်လျှောက်ထားတောင်းခံနိုင်တာဖြစ်လို့ အခြေခံဖြစ်တဲ့ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ကနဦးလျှောက်ထားတောင်းခံတာက ပိုအဆင်ပြေမှာပါ။ ဒါကလည်း မိမိသဘောဆန္ဒအတိုင်း ဖြစ်ပါတယ်။

**ဘယ်လို အမှုမျိုးနဲ့ ဘယ်လိုလူတွေက တောင်းဆိုခွင့်ရှိတာလဲဆိုတာ ပြောပြပေးပါ။**

ပြစ်မှုတစ်ခုခုနဲ့ စွပ်စွဲခံရတာ၊ ထိန်းသိမ်း ဖမ်းဆီးခံရတာ၊ တရားစွဲဆိုတာ၊ ပြစ်ဒဏ်ချမှတ်တာနဲ့ အကျဉ်းချခံရတဲ့ ဆင်းရဲနွမ်းပါးသူတွေ၊ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းသူတွေ၊ ကူးစက်ရောဂါခံစားနေသူတွေ နိုင်ငံမဲ့တွေ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူတွေ၊ နိုင်ငံခြားသားတွေ၊ ရွှေ့ပြောင်းလုပ်သားတွေ၊ ရွှေ့ပြောင်းနေထိုင်သူတွေ၊ ဒုက္ခသည်တွေအပြင် ပြစ်မှုကျူးလွန်ခံရလို့ နစ်နာသူတွေ ထူးခြားတဲ့ အကြောင်းတစ်ခုခုကြောင့် အကူအညီတောင်းခံလာတဲ့ ပြစ်မှုနဲ့ သက်ဆိုင်တဲ့ သက်သေတွေဟာ အထောက်အကူအညီတောင်းခံခွင့် ရှိသူတွေ ဖြစ်ပါတယ်။ ဒီလို အထောက်အကူပေးရေးအဖွဲ့ရဲ့ အကူအညီတောင်းခံခွင့် ရှိသူတွေထဲက ကလေးသူငယ်နဲ့ အမျိုးသမီးတွေ မသန်စွမ်းသူတွေနဲ့ ကူးစက်ရောဂါ ခံစားနေရသူတွေကိုတော့ ဦးစားပေးအထောက်အကူပေးပါတယ်။

**အထောက်အကူပြုတောင်းခံလာတဲ့ အပေါ်မှာ ဆရာတို့အဖွဲ့အနေနဲ့ စိစစ်မှုတွေ ဘယ်လို ဆက်လက်လုပ်ဆောင်ပေးပါသလဲ။**

ဥပဒေဆိုင်ရာ အထောက်အကူပေးဖို့ တောင်းခံလျှောက်ထားရင် သက်ဆိုင်ရာအဖွဲ့က လျှောက်ထားသူဟာ အထက်မှာ ဖော်ပြထားတဲ့ တောင်းခံခွင့်ရှိတဲ့သူ ဟုတ်မဟုတ် အချက်တွေနဲ့ လျှောက်လွှာကို လက်ခံဆောင်ရွက်ပေးသင့် မသင့်ကို စိစစ်တယ်။ ဒီလိုစိစစ်ရာမှာ သတ်မှတ်ချက်တွေရှိတယ်။ လက်မခံဖြစ်ရင်လည်း ငြင်းပယ်ကြောင်း လျှောက်ထားသူကို အကြောင်းကြားစာ ပေးပါတယ်။ လျှောက်လွှာလက်ခံတယ်ဆိုရင် အထောက်အကူတောင်းခံတဲ့ အကြောင်းကိစ္စ သဘောသဘာဝနဲ့လျော်ညီတဲ့ အထောက်အကူပေးရေး လုပ်ငန်းဆောင်ရွက်နိုင်ဖို့ ဥပဒေဆိုင်ရာ အထောက်အကူပေးမယ့်သူကို ရွေးချယ်တာဝန်ပေးအပ်ဆောင်ရွက်စေမှာ ဖြစ်ပါတယ်။

**ဆရာတို့ အဖွဲ့အနေနဲ့ ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ပြောပြပေးပါအုံး။**

ကချင်ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို တင်ပြထားတဲ့ ၂၀၁၉ခုနှစ်၊ ဧပြီလကနေ စက်တင်ဘာလအထိ (၆)လတာအထိ လစဉ်လုပ်ငန်းအစီရင်ခံစာတွေကိုကြည့်ရင် ပြည်နယ်အတွင်းမှာရှိတဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်မှာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံသူ (၂၇)ဦးရဲ့ အမှုပေါင်း (၂၅)မှုကို ဥပဒေဆိုင်ရာ အထောက်အကူပေး လက်ခံဆောင်ရွက်ခဲ့ပြီးတော့ တောင်းခံသူ(၇)ဦးရဲ့ အမှု(၇)မှုကို ဆောင်ရွက်ပြီးပြတ်ခဲ့ပြီ။ ကျန်ရှိနေတဲ့ တောင်းခံသူ(၂၀)ဦးရဲ့ အမှုပေါင်း (၁၈)မှုကို ဥပဒေဆိုင်ရာ အထောက်အကူပေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နေတာကို တွေ့ရတယ်။ ဒီကာလထဲမှာပဲ ဥပဒေဆိုင်ရာ အကြံဉာဏ်ပေးတဲ့ အမှု(၁၁)မှုကို ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံတဲ့ အမှုအရေးအတွက်ဟာ မဆိုစလောက်ဖြစ်ပေမယ့် အထောက်အကူပေးလုပ်ငန်းတစ်နှစ်သား မပြည့်သေးတဲ့ အဖွဲ့ရဲ့ စွမ်းဆောင်မှုကို အထိုက်အလျောက် အားကိုးယုံကြည်မှု ရရှိနေပြီလို့ ဆိုနိုင်ပါတယ်။ တစ်ဖက်ကလည်း ပြည်သူတွေကြားမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေဖို့ အသိပညာပေးရေး စီမံချက်နဲ့အတူ ကြိုးစားအားထုတ်ဆောင်ရွက်နေတာ ဖြစ်တယ်။ အချုပ်အားဖြင့်ဆိုရင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ဟာ အမှုအခင်းဖြစ်လို့ တရားတပေါင် ရင်ဆိုင်ဖို့ ငွေကြေးအင်အား မတတ်နိုင်သူတွေအတွက် ဥပဒေပညာနဲ့ အခမဲ့ အထောက်အကူပေးရေးဆိုတဲ့ နိုင်ငံတော်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ပေါ်ပေါက်လာတဲ့ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု ဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။ ■

Ann

# သဟဇာတဖြစ်ရေးနှင့် လူ့တိုင်းအကျုံးဝင်မှု ဆွေးနွေးပွဲတင်ပြချက်များ




မြန်မာနိုင်ငံ အတွင်းရှိ လူမှုအဖွဲ့အစည်းများ၊ ပါတီကိုယ်စားလှယ်များ၊ မသန်စွမ်းအသင်းအဖွဲ့များ၊ မီဒီယာများနှင့်အတူ သဟဇာတဖြစ်ရေးနှင့် လူတိုင်းအကျုံးဝင်မှု ဆွေးနွေးပွဲကို အောက်တိုဘာလ ၁၉ ရက်က iSchool Myanmar က ဦးစီး၍ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ အောင်မြင်ခြင်းဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

နိုင်ငံရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ၌ မသန်စွမ်းသူများ၊ LGBT များ၊ အမျိုးသမီးများနှင့် အခြားလူနည်းစုများ ပိုပြီးပူးပေါင်းပါဝင်လာရန် အတွက်နှင့် နောင်လာမည့် အနာဂတ်တွင် ၎င်းတို့၏ အသံများကို ထည့်သွင်းစဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရန် ပြုလုပ်ခြင်းဖြစ်ကြောင်း iSchool Myanmar က Program Manager ကိုရဲဝင်းက ပြောသည်။

"ဒီလိုဖြစ်ဖို့က အသံများများထွက်ဖို့ လိုပါတယ်။ မသန်စွမ်းသူတွေနဲ့ LGBT တွေ၊ အခြားလူနည်းစုတွေအနေနဲ့ အသံများများထွက်ဖို့ လိုအပ်ပါတယ်။အသံများများထွက်ပြီး နိုင်ငံတော်ကို ပြောနေဖို့လိုပါတယ်။ အဲ့ဒီအချိန်မှ ဥပဒေရေးဆွဲတဲ့အခါ၊ လုပ်ထုံးလုပ်နည်းတွေရေးဆွဲတဲ့အခါ ကျွန်တော်တို့အခွင့်အရေးတွေ ပါသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ပရောဂျက်တွေမှာလည်း ကျွန်တော်တို့အသံတွေကို နားထောင်ပြီး ထည့်သွင်းစဉ်းစားမှာ ဖြစ်ပါတယ်"ဟု ကိုရဲဝင်းက ပြောသည်။

> **"ပညာတိုင်းဟာ သူ့တန်ဖိုးနဲ့သူရှိပါတယ်၊ သူ့နေရာနဲ့သူ အသုံးဝင်ပါတယ်။ ပညာတတ်အောင်သာ သင်ပေးလိုက်ရင် ဘယ်လိုလူမျိုးမဆို တိုင်းပြည်အတွက် မဆုတ်ယုတ်ပါဘူး၊ အားလုံးဟာ တန်ဖိုးရှိတဲ့သူတွေဖြစ်ပါတယ်"**

အဆိုပါ ဆွေးနွေးပွဲတွင် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဦးတင်အောင်က ဘဝဖြတ်သန်းမှုမှာ လူ့အခွင့်အရေး လူ့စွမ်းအားအရင်းအမြစ်ဆိုတာကိုလည်း မကြားဖူးခဲ့ပါကြောင်း၊ ယခုနောက်ပိုင်းမှ အခွင့်အရေးနှင့်ပတ်သက်သည့် ကိစ္စများက နားယဉ်လာခြင်းဖြစ်ကြောင်း၊အခွင့်အရေးဆိုင်ရာ အားလုံးကို ရရှိရန်ကြိုးစားရမည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်တည်းနှင့် လုံလောက်မှုမရှိကြောင်း၊ သဟဇာတဖြစ်စွာ ပေါင်းစပ်ညှိနိုင်းရန်အတွက်များစွာ လိုအပ်နေကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ပြဋ္ဌာန်းလိုက်သည့်ဥပဒေများကို အကောင်အထည်ဖော်နိုင်ရန်လည်း အရေးကြီးကြောင်း၊ ချိုးဖောက်မှုများကို အရေးယူပေးရန် အတွက်လည်း တရားစီရင်ရေး ကဏ္ဍကလည်း အရေးကြီးကြောင်း၊ သဟဇာတဖြစ်ရန်အတွက် အားလုံးအတူတူ လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ ဥပဒေများကို အကောင်အထည်ဖော်နိုင်မှုက အရေးကြီးကြောင်း၊ မဖော်နိုင်ပါက ဥပဒေသည် စာရွက်ပေါ်၌သာ ရှိနေမည်ဖြစ်ကြောင်း ဦးတင်အောင်က ပြောသည်။

"မသန်စွမ်းဆိုင်ရာဥပဒေနဲ့ ပတ်သက်လို့ တိုင်းဒေသကြီးတွေမှာ ပြဋ္ဌာန်းထားတာတွေကိုတွေ့ရှိရပါတယ်။ အောက်ခြေက အကောင်အထည်ဖော်နိုင်ဖို့ အတွက် ၂၀၁၅ မသန်စွမ်းဥပဒေတွေကို ပြန်ပြင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ၂၀၁၅ မသန်စွမ်းဥပဒေရဲ့ အမျိုးသားကော်မတီထဲမှာ တိုင်းဒေသကြီးကော်မတီအစိုးရ ပါဝင်ခြင်းမရှိပါဘူး၊ တိုင်းဒေသကြီးလုပ်ပိုင်ခွင့် နည်းပါးလွန်းပါတယ်။ အခွင့်အရေးတွေအားလုံးဟာ ဖက်ဒရယ်နဲ့လည်း အများကြီး သက်ဆိုင်ပါတယ်။ အခွင့်အရေးတွေ အားလုံးရရှိဖို့ဟာ အရေးကြီးပါတယ်။ အဲဒီလို ရရှိဖို့အတွက် သဟဇာတဖြစ်ဖို့လည်းများစွာ လိုအပ်ကြောင်း ပြောကြားလိုပါတယ်"ဟု ဦးတင်အောင်က ဆက်လက် ပြောကြားခဲ့သည်။

မဟာအောင်မြေမြို့နယ်ရှိ ပြည်သူ့လွှတ်တော်ကိုစားလှယ်၊ ဦးငြိမ်းသစ်ကလည်း သဟဇာတဖြစ်မှုသည် လွန်စွာ အရေးကြီးကြောင်း၊ ယနေ့နိုင်ငံတော်သည် သဘာဝအလှတရားများနှင့် မတူညီသည့် လူမျိုးများ၊ ဘာသာစကားများ စသည်ဖြင့် မတူကွဲပြားမှုများသည် နိုင်ငံ၏အမွေအနှစ်များဖြစ်သည့်အတွက်ထိန်းသိမ်းရန်လည်း များစွာလိုအပ်ကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ကို သွားရန်အတွက် အရေးကြီးသည့်အချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံကိုပြင်ဆင်ရန် လိုအပ်ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကိုပြင်နိုင်မှ လူတိုင်း၏ လုံခြုံရေး၊ ရပိုင်ခွင့်များကို ရရှိမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တရားဥပဒေစိုးမိုးရေး လျော့ရဲနေသည့်အတွက် မသန်စွမ်းများ လူ့အဖွဲ့အစည်းအတွင်း များစွာပါဝင်နိုင်ရန်အတွက် ဗဟိုအုပ်ချုပ်ရေးစနစ်ကို လျော့ချရမည်ဖြစ်ကြောင်း အကြံပြုပြောကြားခဲ့သည်။

"ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဖယ်ကျဉ်ခံထားရတဲ့လူနည်းစုတွေကို ဖယ်ထားလို့ မဖြစ်ပါဘူး။ ဖက်ဒရယ်ဆိုတာ ဘာလဲ၊ ဒီမိုကရေစီဆိုတာ ဘာလဲဆိုတာတွေကို သိဖို့အတွက် အများကြီးလိုအပ်ပါတယ်။ ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဖယ်ကျဉ်ခံထားရတဲ့သူတွေဟာ အခွင့်အရေးရရှိမှု အရမ်းကို နည်းပါတယ်။ မသန်စွမ်းတွေအတွက် ပညာရေးဆိုင်ရာတွေနဲ့ အခြား အခွင့်အရေးကို ရရှိအောင် ဘယ်လိုလုပ်ဆောင်ကြမလဲ ဆိုတာလည်း အရေးကြီးပါတယ်"ဟု iSchool Myanmar မှ ဒါရိုက်တာ ဦးစိုးထွန်းက ပြောသည်။

**ငြိမ်းချမ်းရေးနှင့် လူမှုသဟဇာတဖြစ်မှု (ပထမပိုင်းဆွေးနွေးမှု)**

ဖက်ဒရယ်ဒီမိုကရက်တစ်အင်အားစုမှ ဦးမြအေးက "အမျိုးသမီးတွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာဘယ်လိုနေရာကနေ ပါဝင်နိုင်မလဲ ဆိုတာကို ဆွေးနွေးပေးစေချင်ပါတယ်။ လူမှုသဟဇာတဖြစ်ရေး ခေါင်းစဉ်အောက်မှာ မတူညီမှုတွေကို ထိုက်သင့်တဲ့ အသိမှတ်ပြုမှုတွေကိုပေးနိုင်မှသာ သဟဇာတဖြစ်မှာ ဖြစ်ပါတယ်။ ရှေးဆန်တဲ့ အတွေးအခေါ်တွေဟာ အမျိုးသမီးတွေအတွက် အဟန့်အတားဖြစ်စေတယ်လို့ မြင်ပါတယ်။ အချို့ကတော့ လက်မခံပါဘူး။ လက်ရှိ အစိုးရပိုင်းရော၊ လွှတ်တော်ပိုင်းမှာပါ အမျိုးသမီးပါဝင်မှု နည်းပါတယ်။ ပြဿနာတစ်ခုခု ဖြစ်ပြီဆိုရင် အမျိုးသမီးတွေ တိုက်ရိုက်ခံရပါတယ်။ အင်ဒိုနီးရှားရဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာ အမျိုးသားတွေပဲ လုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး။ အမျိုးသမီးတွေလည်း အတူတူပူးပေါင်း လုပ်ဆောင်ခဲ့ကြပါတယ်။ အမျိုးသမီးတွေရဲ့ အသံတွေကို မစုစည်းနိုင်ဘူးဆိုရင် သဟဇာတဖြစ်မှုကို ရရှိနိုင်မှာ မဟုတ်ပါဘူး။ မတူညီမှုတွေကို အသိအမှတ်ပြုပြီး တူညီသော အခွင့်အရေးတွေပေးဖို့ လိုအပ်ပါတယ်"ဟု ဆွေးနွေးခဲ့သည်။

ဥပဒေပညာရှင် ဦးသိန်းသန်းဦးက "တိုင်းပြည်ဟာ ခွဲခြားဆက်ဆံမှု အရမ်းကြီး

စာ .. ၁၈ သို့ »

စာ .. ၁၇ မှ အဆက်...

ပါတယ်။ ဘာသာရေး၊ လူမျိုးမှာပါများစွာ ခွဲခြားမှုတွေ ရှိနေပါတယ်။ နိုင်ငံသားချင်းတူရင်တောင် အမျိုးသား၊ အမျိုးသမီး ခွဲခြားပါသေးတယ်။ အိမ်ထောင်ရေးဖောက်ပြန်မှုမှာတောင် ကျား/မ မတူညီပါဘူး၊ ပညာရေးကဏ္ဍဟာလည်း ကျား/မ ခွဲခြားမှု များပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသား၊ အမျိုးသမီးတန်းတူ ဆိုသော်လည်း မတူညီပါဘူး၊ အဲဒါကလည်း သင်ကြားရတဲ့ ပညာရေးစနစ်တွေက လွဲနေလို့ ဖြစ်ပါတယ်။ အမျိုးသားတွေဟာ ကိုယ့်အမေကို လေးစားလက်ခံသော်လည်း ကျန်တဲ့ အမျိုးသမီးတွေကိုတော့ အဲလိုလက်မခံထားပါဘူး၊ အဲဒါကလည်း ပညာရေးစနစ်ရဲ့ ရလဒ်တစ်ခု ဖြစ်ပါတယ်။ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံနေခြင်းဟာ လူဦးရေတစ်ဝက်နဲ့ အလုပ်လုပ်ဆောင်နေရခြင်း ဖြစ်ပါတယ်။ ၂၀၀၈ ဥပဒေအာဏာတည်နေသမျှ နိုင်ငံသားတွေအတွက် အခွင့်အရေးအားလုံး ပြည့်ဝစွာရနိုင်မှာ မဟုတ်ပါဘူး”ဟု ဆွေးနွေးတင်ပြခဲ့သည်။

လွှဘောင်သစ် ဒီမိုကရက်တစ်ပါတီမှ တွဲဘက်အထွေအထွေအတွင်းရေးမှူး (၁) ဒေါ်နှင်းနှင်းအေးက “နိုင်ငံမှာ ဖက်ဒရယ်ဒီမိုကရေစီလား၊ ဒီမိုကရေစီဖက်ဒရယ်လား အငြင်းပွားစရာဖြစ်နေပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဘယ်လိုမျိုးကို လက်ခံလိုချင်လဲဆိုတာလည်း သိဖို့လိုပါတယ်။ လွှတ်လပ်ရေးရကတည်းက ဆိုနေတဲ့ သီချင်းထဲမှာ ခွင့်တူညီမျှဝါဒဖြူစင်တဲ့မြေ ဆိုပြီး ပါပါတယ်။ အဲလိုခွင့်တူညီမျှတဲ့ အခြေအနေတစ်ခု ဖန်တီးနေနိုင်ပြီလားဆိုတာ စဉ်းစားစရာပါ။ အမျိုးသမီးဟာ နိုင်ငံရဲ့(၅၀)ရာခိုင်နှုန်း ရှိပေမဲ့ လုပ်ဆောင်နိုင်မယ့် အခြေအနေ သိပ်မရှိသေးပါဘူး။ အမျိုးသမီးတွေကိုယ်တိုင်လည်း နိုင်ငံရေးရာကငါတို့နဲ့ မသက်ဆိုင်ဘူးလို့ ထင်နေသလို၊ အမျိုးသားတွေကလည်း နေရာပေးနိုင်မှုအခြေအနေနဲ့လည်း အများကြီး သက်ဆိုင်ပါတယ်။ အစိုးရကဏ္ဍ၊ လွှတ်တော်ကဏ္ဍတွေမှာလည်း အမျိုးသမီးပါဝင်မှု အရမ်းနည်းပါတယ်။ အမျိုးသမီးတွေကို နေရာပေးဖို့လိုသလို အမျိုးသမီးတွေ ကိုယ်တိုင်လည်း ယုံကြည်စွာ လုပ်ဆောင်နိုင်ဖို့ လိုပါတယ်။ အမျိုးသမီးတွေကိုနေရာပေးဖို့လိုသလို၊ ကျန်တဲ့ အင်အားစုတွေကိုလည်း နေရာပေးဖို့ လိုအပ်ပါတယ်။ လွှတ်လပ်ရေးမှာဆိုရင်လည်း တိုင်းရင်းသား အလွှာအသီးသီးအတွက် သက်ဆိုင်သော လွှတ်လပ်ရေးဆိုတာ လက်မှတ်ရေးထိုးထားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံကို ဆန့်ကျင်တဲ့နေရာမှာ အားလုံးတူတူညီညီ လုပ်ဆောင်နိုင်ဖို့ဟာလည်း များစွာလိုပါတယ်”ဟု ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် Women League for Burma မှ တွဲဘက် အထွေအထွေအတွင်းရေးမှူး(၁) နန်းမို့မို့ကလည်း “အမျိုးသမီးတွေ ဘယ်လိုအခက်အခဲရှိနေလဲ၊ ဘာတွေကို ပြင်ဆင်ပေးရမလဲ။ နှစ်ပေါင်း(၇၀) ပြည်တွင်းစစ်ဒဏ်ကို တိုက်ရိုက်ခံနေရတာက အမျိုးသမီးတွေပဲဖြစ်ပါတယ်။ ဖြစ်တာကလည်း နယ်စပ်၊ တိုင်းရင်းသားဒေသတွေမှာပဲ ဖြစ်တာပါ။ စစ်ပွဲတွေ၊ ပဋိပက္ခတွေဖြစ်ပြီဆိုရင် ချက်ချင်းပြန်လည် မထူထောင်နိုင်ပါဘူး။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေကို အင်တိုက်အားတိုက် လုပ်ဆောင်ရာမှာ အမှန်တကယ်ခံစားနေရတဲ့ အမျိုးသမီးတွေ ပါဝင်မှု အရမ်းနည်းပါတယ်။ ၅၀ ရာခိုင်နှုန်း အမျိုးသမီးပါဝင်နေလို့ လုပ်ဆောင်ပေးဖို့ပြောတာ မဟုတ်ပါဘူး။ ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့ ဒီမိုကရေစီတည်ထောင်ဖို့အတွက် အမျိုးသမီးတွေကို နေရာမပေးဘူးဆိုရင်တော့ လိုချင်တာကိုရရှိနိုင်မှာမဟုတ်ပါဘူး။ ဥပဒေအရ ပါဝင်ဖို့အဟန့်အတား ဖြစ်နေသလို၊ ယဉ်ကျေးမှုတွေ အရလည်း အဟန့်အတားဖြစ်စေပါတယ်။ စာချုပ်တွေကိုလက်မှတ်ရေးထိုးထားသော်လည်း လုပ်ဆောင်နိုင်မှုအားနည်းပါတယ်။ ယဉ်ကျေးမှုအရ အမျိုးသမီးတွေအိမ်မှာနေရမယ်၊ အိမ်တွင်းမှုနိုင်နင်းရမယ်ဆိုတာပဲ မဟုတ်ဘဲ၊ ရှေ့ထွက်နိုင်တယ်ဆိုတဲ့ ယဉ်ကျေးမှုလည်း ဖန်တီးဖို့လိုအပ်ပါတယ်။ အမျိုးသမီးတွေလည်း နိုင်ငံရေးကို စိတ်ဝင်စားဖို့လိုပါတယ်။ ကျားမအကျုံးဝင်မှု၊ တန်းတူဖြစ်မှုအတွက် စဉ်းစားတဲ့အခါမှာ ဘက်ပေါင်းစုံက စဉ်းစားဖို့လည်းလိုပါတယ်။ ကျား/မ အရေးမှာ institution ဟာ အဟန့်အတား ဖြစ်စေပါတယ်။ အမျိုးသမီးစွမ်းအားအရင်းအမြစ်တွေကို မသုံးနိုင်ဘူးဆိုရင်တော့ရှေ့ဆက်နိုင်မှုမှာများစွာ နှောင့်နှေးမှာဖြစ်ပါတယ်”ဟု ဆွေးနွေးတင်ပြခဲ့သည်။




ငြိမ်းချမ်းရေးနှင့် လူတိုင်းအကျုံးဝင်မှု သဟဇာတဖြစ်ရေးနှင့် လူတိုင်းအကျုံးဝင်မှု (ဒုတိယပိုင်း ဆွေးနွေးမှု) CAN Myanmar မှ စောဇင်မောင်စိုးက “သဟဇာတဖြစ်မှုရယ် ငြိမ်းချမ်းရေးရယ်၊ လူတိုင်းအကျုံးဝင်မှုက ဆက်စပ်နေပါတယ်။ ငြိမ်းချမ်းရေးကို ဆောင်ရွက်ရာမှာ ပါဝင်ခွင့် ပါဝင်ထိုက်သူအားလုံးပါဝင်ခွင့်ရဖို့ လိုပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီဖြစ်တည်မှုနဲ့ ပတ်သက်ပြီး ဘယ်လောက် နားလည်နိုင်လဲ၊ ဘယ်လောက်လက်ခံပေးလည်းပေါ် မူတည်ပါတယ်။ တစ်ကမ္ဘာလုံးမှာ မတူကွဲပြားမှုများသာ ဖြစ်ပါတယ်။ မတူကွဲပြားမှုများကို နားမလည်နိုင်သေးသ၍ သဟဇာတ ဖြစ်မှုများကိုနားလည်နိုင်မှာ မဟုတ်ပါဘူး။ ကိုယ်တိုင်လည်း LGBT တစ်ဦး ဖြစ်ပါတယ်။ ဒါတွေကို လုပ်ဆောင်ရတဲ့အချိန်မှာ အများစုက ဖြစ်တည်မှုကို နားမလည်ပါဘူး။ ဒါတွေကို သူတို့သိလာအောင် ဘယ်လိုလုပ်မလဲဆိုတာကို သိလာပါတယ်။ အတော်များများက ဒီ အကြောင်းအရာတွေကို သိမနေပါဘူး။ သိအောင်လည်း မကျိုးစားကြပါဘူး။ ကျွန်တော်တို့ ယဉ်ကျေးမှုတွေမှာ မတူညီကြပါဘူး။ ကိုယ့်စီမှာရှိသော တန်ဖိုးထားမှုများကို ဖော်ထုတ်ပြီး ပြန်သုံးပါတယ်။ LGBT၊ မသန်စွမ်းများ၊ တိုင်းရင်းသားလူနည်းစုတွေဟာ အမြဲတမ်း ဖယ်ကျဉ်ခံနေရပါတယ်။ မသန်စွမ်းဟာ ပြဿနာမဟုတ်ပါဘူး။ သူတို့ကို လက်လှမ်းမှီအောင်တားစီးထားမှုတွေက ပြဿနာ ဖြစ်ပါတယ်။ ဒါတွေဟာ မွေးကတည်းဖြစ်ပါစေဆိုပြီး မွေးလာတာ မဟုတ်ကြပါဘူး။ LGBT တွေလည်း အတူတူပဲဖြစ်ပါတယ်။ ဒီဖြစ်တည်မှုဟာ လူသားတွေကို ဒုက္ခမပေးပါဘူး။ အဓိကက ဖြစ်တည်မှုနဲ့ လောကကိုဘယ်လိုအလှဆင်မလဲ ဆိုတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် မြန်မာမှာ နသတ်ကိုဖြုတ်လိုက်မယ်ဆိုရင် မြန်မာအဓိပ္ပါယ် မထွက်ပါဘူး။ အသတ်လေးမှာလည်း သူ့တန်ဖိုးနဲ့သူ ရှိနေပါတယ်။ ဒီလိုပါပဲ ပါဝင်ခွင့်ပါဝင်ထိုက်သူတွေ အားလုံးမပါဘူးဆိုရင် ဘယ်တော့မှငြိမ်းချမ်းရေးရမှာမဟုတ်ပါဘူး။ မသန်စွမ်းတစ်ဦးရဲ့ အခက်အခဲကိုမသန်စွမ်းပဲနားလည်သလို၊ LGBT အခက်အခဲကိုလည်း သူတို့ပဲနားလည်မှာဖြစ်ပါတယ်။ ဒါကိုနားထောင်ဖို့အတွက် လိုအပ်ပါတယ်။ လူတိုင်းလူတိုင်း မပါဝင်သ၍ ငြိမ်းချမ်းရေးဟာ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ပါဘူး။ ဒီလူတွေ ဘယ်လောက် ပါဝင်သလဲပေါ် မူတည်ပြီး ငြိမ်းချမ်းရေးဟာ ဖြစ်တည်လာမှာ ဖြစ်ပါတယ်”ဟု ဆွေးနွေးတင်ပြခဲ့သည်။

ကွတ်ခိုင်မြို့၊ ကချင်အမျိုးသမီးများ မျှတမှုအရေးလှုပ်ရှားသူ မိုင်းမိုင်က “တစ်ကြော့ပြန်စစ်ကတော့ ၂၀၁၁ မှာပိုမိုပြင်းထန်လာပါတယ်။ မသန်စွမ်းတွေကိုလည်း ပိုမိုတွေ့လာရပါတယ်။ အဲဒါတွေကို ရိုးရိုးလေးတွေးသော်လည်း လက်တွေ့မှာတော့ လုံးဝအဆင်မပြေပါဘူး။ ခုနောက်ပိုင်းမှာတော့ မသန်စွမ်းအရေးနဲ့ ပတ်သက်ပြီး စီမံကိန်းတစ်ခုလိုလုပ်ဆောင်နေတာတွေကို များစွာ တွေ့ရပါတယ်။ မသန်စွမ်းတွေမှာ အမျိုးသမီးတွေဟာ များသောအားဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုပိုမိုများပြား နေပါတယ်။ ဆုံးဖြတ်တဲ့အခါမှာလည်း သာမာန်လူတစ်ယောက်လို မဆုံးဖြတ်ပေးကြပါဘူး၊ ဒါ့ကြောင့် လူတိုင်းအကျုံးဝင်နိုင်ဖို့ အတွက်လုပ်ဆောင်တဲ့အခါမှာ ဘယ်သူတွေက ဘာလိုနေလဲ၊ ဆိုတာတွေကို သိမှသာ ဆွေးနွေးအဖြေရှာလို့ ရမှာဖြစ်ပါတယ်။ စစ်ဖြစ်တဲ့အချိန်မှာ ဘာကိုတွေ့လဲဆိုရင် ကိုယ်အင်္ဂါမသန်စွမ်းအမျိုးသမီးဟာ ဆိုင်ကယ်နဲ့ ထွက်ပြေးပြီး ဆုံးသွားတဲ့အခါမှာ ပတ်ဝန်းကျင်ကလည်း ဘာကြောင့်ဆိုပြီး ဝိုင်းဝန်းပြောဆိုကြပါတယ်။ စစ်ဖြစ်တဲ့အချိန်မှာ အကြားအာရုံမသန်စွမ်းတစ်ယောက်ကို ရိုက်နှက်ပြီး ဖမ်းဆီးသွားပါတယ်။ နောက်နေ့မှပြန်လည်ထုတ်ယူရပါတယ်။ မသန်စွမ်း အားလုံးကို ခြုံငုံပြီးလုပ်ဆောင်ပေးနိုင်သော အဖွဲ့အစည်းကို ပိုမိုလိုချင်ပါတယ်။ စစ်ပွဲနဲ့ ပတ်သက်ပြီး ကိုယ်တိုင်ခံစားနိုင်မှ အမှန်ခံစားနေရသူတွေကို နားလည်ပေးနိုင်မှာ ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးကို ၄ လကြာ ရပ်တဲ့အခါမှာ စစ်ရှောင်စခန်းတွေကို ပြန်လို့ရပြီဆိုပြီး လာပြောတာတွေ ရှိပါတယ်။ ဒါဆိုရင် ကိုယ့်ဒေသမှာရှိတဲ့ မိုင်းတွေကို ဘယ်သူလာရှင်းပေးမလဲ၊ လယ်ယာမြေတွေကို ပြန်ရဖို့ ဘယ်သူ လုပ်ဆောင်ပေးမလဲ။ နောက်တစ်ခုက ဘယ်က ကျလာမှန်းမသိတဲ့ လက်နက်ကြီးတွေကိုလည်း ကြောက်ရပါတယ်။ စစ်ပွဲကြောင့် နစ်နာသူတွေကို ဘာမှပြန်လုပ်မပေးနိုင်ပဲ ပြန်ခိုင်းတာတွေကို ခဏခဏကြုံနေရပါတယ်။ စစ်ရှောင်ဆိုတာကို သူတို့သတ်မှတ်ထားတဲ့ နေရာမှာနေတဲ့သူကိုပဲ စစ်ရှောင်ဆိုပြီး လက်ခံပါတယ်။ အခြား သူတို့မသတ်မှတ်ထားတဲ့ နေရာကသူတွေကို စစ်ရှောင်ဆိုပြီး လက်မခံပါဘူး။ ဒါတွေဟာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေဖြစ်ပါတယ်”ဟု တင်ပြဆွေးနွေးခဲ့သည်။

မသန်စွမ်းသူများ ဘဝမြှင့်တင်ရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်လင်းထွန်းကလည်း “ငြိမ်းချမ်းရေးနဲ့ မသန်စွမ်း ဘာများဆိုင်သလဲဆိုပြီး တွေးကြည့်တော့ သဟဇာတဖြစ်ခြင်း၊ နေခွင့်ရခြင်းဟာ ငြိမ်းချမ်းခြင်းပဲ ဖြစ်ပါတယ်။ မသန်စွမ်းတွေ မြန်မာပြည်မှာ ၂၃ သိန်းကျော်ရှိပါတယ်။ အဲ့ဒီထဲမှာ တိုင်းရင်းသားစုံ၊ ဘာသာစုံ၊ အသက်အရွယ်ပေါင်းစုံပါဝင်ပါတယ်။ သဟဇာတဖြစ်စွာနေထိုင်ဖို့ ဆိုရင် ကျွန်တော်တို့ကိုလူလို့ အပြည့်အဝအသိအမှတ်ပြုနေလား၊ အသိအမှတ်ပြုခံချင်ပါတယ်။ သနားမှုကိုစောင့်နေရတဲ့သူတွေ၊ အသနားခံနေရတဲ့သူတွေစသဖြင့် မြင်နေတာတွေက အတော်များပါတယ်။ ကိုယ့်နိုင်ငံအတွက်ကိုယ် ဆုံးဖြတ်ချက် မချရပဲ

စာ .. ၂၆ သို့ »

# ပထမဦးဆုံးအကြိမ် ဇာတ်ညွှန်း၊ ဇာတ်လမ်းရေး၊ ကင်မရာရိုက်ကူးရေးနှင့် ဒါရိုက်တာသင်တန်းကို ပညာဒါနအဖြစ် သင်ကြားပေး



အောက်တိုဘာ ၁၀

ပထမဦးဆုံးအကြိမ်အဖြစ် ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသားနည်း၊ ကင်မရာရိုက်ကူးသည့် ပညာ၊ ဒါရိုက်တာပညာများ သင်ကြားပေးမည့် အစီစဉ်ကို အောက်တိုဘာလ ၁၆ရက်နေ့မှ ၂၇ရက်နေ့အထိ မြစ်ကြီးနားမြို့ Community Centre တွင် အခမဲ့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို ရုပ်ရှင်ဆပ်ကော်မတီ ကချင်အနုပညာရှင်များ အသင်းချုပ်မှ ဦးဆောင်ပြုလုပ်ခြင်းဖြစ်ကာ ရုပ်ရှင်ဆိုင်ရာ ပညာရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင်၊ ဇာတ်လမ်း/ညွှန်းများနှင့် အရည်အသွေးပြည့်မီသော ဇာတ်လမ်းကောင်းများကို ဖန်တီးနိုင်အောင် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်း သင်တန်းတွင် ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့်ပတ်သက်ပြီး လက်ရှိ ရန်ကုန်မြို့ MMDC (Myanmar Media Development Center)တွင် သင်ကြားပေးနေသည့် ဖိလစ်ပိုင်နိုင်ငံသား Jose Dennis Teodosio၊ ဒါရိုက်တာ ပညာရပ်ကို တောင်ကိုးရီးယားနိုင်ငံက ရုပ်ရှင်ပညာ သင်ကြားပြီး မြောက်ထားသည့် ဒါရိုက်တာ ဖာသာရ်ဂွျန်လရော်နှင့် ကင်မရာရိုက်ကူးရေး ပညာရပ် DOP (Director of Photography)ကို Phyo Zan (DP & Educator)တို့က သင်ကြားပေးခဲ့ကြောင်းလည်းသိရသည်။

လက်ရှိ နိုင်ငံတကာတွင် လုပ်ကိုင်နေသည့် ဆရာများ၊ အတွေ့အကြုံရှိသူများမှလာရောက် သင်ကြားပေးသည့်အတွက် လာရောက်သင်ကြားမှုကိုခံယူသူများ ရုပ်ရှင်ပညာရပ်တွင် ပိုမိုတိုးတက်လာကာ ကောင်းမွန်သည့် ဇာတ်လမ်းများ ဖန်တီးလာနိုင်မည် ဖြစ်သောကြောင့် လက်တွေ့လုပ်ငန်းများတွင် အထောက်အကူပြုသည့် သင်တန်းတစ်ခုဖြစ်ကြောင်း ရုပ်ရှင် ဆပ်ကော်မတီတာဝန်ခံ ကိုဇော်ဒွဲခေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

'ပညာဒါန ဖြစ်တယ်။ သင်မယ့်ဆရာတွေက နိုင်ငံခြားက ဖြစ်တယ်။ လမ်းပြပေးနိုင်တဲ့ဆရာတွေ ဖြစ်တယ်။ ကချင်မှာပဲ မဟုတ်ဘဲနဲ့ နိုင်ငံတကာအထိ သူများတွေ လေ့လာနေတဲ့ ပညာကို လေ့လာခွင့်ရခဲ့တယ်။ ဒီသင်တန်းပြီးသွားတဲ့အခါ တိုးတက်မှုကို တကယ်ရပါတယ်"ဟု ကိုဇော်ဒွဲခေါင်က ပြောသည်။

နိုင်ငံတကာက အတွေ့အကြုံရှိသည့် ဆရာများမှ လာရောက် သင်ကြားပေးသည့် သင်တန်းတစ်ခုကို ပါဝင်နိုင်သည့် အခွင့်အရေးတစ်ခုကို ရရှိခဲ့ကာ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းများအတွက် အတွေ့အကြုံအသစ်များရရှိခဲ့ကြောင်းနှင့် ကချင်ပြည်နယ်တွင်လည်း အမှန်တကယ် အရည်အသွေးပြည့်မီသည့် ဇာတ်လမ်း/ညွှန်းများ၊ ဇာတ်ကားကောင်းများ ပေါ်ထွက်လာမည်ကို ယုံကြည်ကြောင်း ဒါရိုက်တာ ဒီထဲဒီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အများကြီး ပညာရပါတယ်။ ဒီမတိုင်ခင်က မြန်မာနိုင်ငံမှာပဲ ရပ်တည်နိုင်ဖို့ကြိုးစားကြတာပေါ့နော်။ အကောင်းဆုံးတစ်ခု ဖြစ်လာပြီလို့ ပြောချင်တယ်။ နိုင်ငံတကာနဲ့ လုပ်ဆောင်တဲ့ အခြေခံ သဘောတရားတွေကို နားလည်သွားတဲ့အခါ လုပ်ဆောင်မှုတွေ မှန်ကန်လာမယ်။ ပြီးတော့ အရည်အသွေးလေးတွေ မြင့်လာမယ်။ ဝါသနာတူ အသိမိတ်ဆွေတွေ တိုးလာပါတယ်"ဟု ဒါရိုက်တာဒီထဲဒီက ဆိုသည်။

ဝါသနာကြောင့် သင်တန်း တက်ရောက်ဖြစ်ကြောင်း ကိုကျော်ခိုင်ဝင်းကလည်း "အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ ဘယ်လိုလေ့လာရမလဲ။ ပြီးတော့ ဒီလုပ်ငန်းခွင်ထဲကို ဘယ်လိုဝင်ရမယ်ဆိုတာ လမ်းစပွင့်သွားတယ်။ တကယ့် သူတို့ရဲ့ အတွေ့အကြုံတွေကို ဝေမျှပေးတဲ့အတွက် ပညာအများကြီး ရရှိခဲ့ပါတယ်။ အခုလိုမျိုး ရုပ်ရှင်ဆပ်ကော်မတီ ကချင် အနုပညာရှင်များအသင်းကနေ သင်တန်းလုပ်ပေးတာ အရမ်းကျေးဇူးတင်ပါတယ်"ဟု ဆိုသည်။

ယင်း သင်တန်းတွင် လက်တွေ့ အနုပညာလုပ်ငန်း လုပ်ကိုင်နေသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း လူဦးရေ(၅၀)ဦးဝန်းကျင် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ ■

Benadeth

# အဝေးသင်တက်ရောက်သူများ လာမည့်စာသင်နှစ်တွင် အနီးကပ်၂ကြိမ် တက်ရောက်ရတော့မည်



အောက်တိုဘာ ၂၅

အဝေးသင် တက်ရောက်သူများသည် လာမည့်စာသင်နှစ်မှ စတင်၍ အနီးကပ်နှစ်ကြိမ် ခွဲတက်ရောက်ရမည့်စနစ်နှင့် ပတ်သက်၍ လုပ်ငန်းခွင် ဝင်ရောက်နေသည့် ကျောင်းသားများ အဆင်ပြေစေရေးအတွက် ဒေသအခြေအနေကို လိုက်၍ စနစ်ပြောင်းလဲသင့်ကြောင်း မြစ်ကြီးနား တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌက ပြောသည်။

အဝေးသင်တက်ရောက်သူများ အနီးကပ်နှစ်ကြိမ် တက်ရမည့် အကြောင်းကို ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နေပြည်တော်တွင် မီဒီယာများနှင့် တွေ့ဆုံစဉ်က ပြောကြားခဲ့ခြင်းဖြစ်ပြီး London Ope-University ၏ သုတေသန လေ့လာဆန်းစစ်ချက်အရ ပြောင်းလဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နေပြည်တော်တွင် ပညာရေးဝန်ကြီးနှင့် ကျောင်းသားသမဂ္ဂများ တွေ့ဆုံစဉ်က ယင်းကိစ္စကို တင်ပြရာတွင်လည်း လန်ဒန်တက္ကသိုလ်က ကွင်းဆင်းလေ့လာ အကြံပြုခြင်းဖြစ်သောကြောင့် စမ်းသပ်ပြုလုပ်မည်ဟု ကျောင်းသားများကို ပြန်ဖြေကြားခဲ့ကြောင်း တွေ့ဆုံစဉ်က ပါဝင်ခဲ့သည့် မြစ်ကြီးနား ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌကို အာကာကျော်က ပြောသည်။

အဆိုပါ သုတေသန အကြံပြုချက်သည် ကောင်းမွန်သော်လည်း နိုင်ငံတွင်းရှိ အဝေးသင် ကျောင်းသားများ၏ သဘောထား၊ အခြေအနေပေါ်မူတည်ပြီး တက်ရောက်နိုင်မည့် အခြေအနေ ရှိမရှိ လေ့လာဆန်းစစ်ပြီးမှသာ စနစ်အပြောင်းအလဲကို ဆုံးဖြတ်ပေးသင့်ကြောင်း ကို အာကာကျော်က ပြောသည်။

"လန်ဒန်တက္ကသိုလ်က အကြံပြုတာတော့ မှန်တယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာဆိုဆင်းရဲချမ်းသာကွာဟချက်ဆိုတာ ရှိတယ်လေနော်၊ ဒီအခြေအနေအရ ကျောင်းသားတွေကနေ ဒီအပေါ်မှာ တတ်နိုင်ပါ့မလား ဆိုတာတော့ စိုးရိမ်တာပေါ့"ဟု ၎င်းက ပြောသည်။

အနီးကပ်နှစ်ကြိမ် တက်ရောက်ရမည့် စနစ်သည် ကျောင်းသားများအတွက် အခက်အခဲရှိမည် ဖြစ်သော်လည်း ပညာသင်ယူရာတွင် လေ့လာသိရှိရမည့် အကြောင်းအရာများကို ကိုယ်တိုင်သိရှိလာနိုင်မည် ဖြစ်ကြောင်း၊ ကျောင်းသားများအတွက် အဆင်ပြေစေမည့် အစားထိုး အစီအစဉ်များလည်း ရှိလာနိုင်ကြောင်းနှင့် ယင်းစနစ် ပြောင်းလဲရေးကိစ္စနှင့်ပတ်သက်၍ အတည်ပြုချက် မရရှိသေးကြောင်း မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအောင်ဝင်းက ပြောသည်။

"ကျောင်းအပ်တော့ သူတို့ကိုယ်တိုင် မလာကြဘူး။ အဝေးကနေ ကိုယ်စားလှယ်တွေနဲ့ ပိုက်ဆံပေးအပ်တာတွေ အများကြီးပဲ။ အဲ့ဒီတော့ အပ်ပေးတဲ့လူ ပေါ့လျော့မှုကြောင့် မအပ်ဖြစ်လိုက်ဘူးဆိုရင် ဒီကလေး တစ်နှစ်နစ်နာသွားပြီ။ ဒီပထမ အနီးကပ်(၅)ရက်ဆိုတာက သူ့ကို လမ်းညွှန်ပေးတာ ကျောင်းတက်ရင် ဘာလုပ်ရမယ် ဘယ်ဝက်ဆိုက်မှာ ကြည့်ရမယ်။ ပညာရပ်ပိုင်းဆိုင်ရာ ဘယ်လိုလေ့လာရမယ်၊ စာစဉ်ဘယ်လိုတင်ရမယ် ဆိုတာတွေ သူတို့ဘာမှ မသိဘူး အဲ့ဒါတွေ နားလည်အောင် လုပ်ပေးတာပါ"ဟု ဒေါက်တာအောင်ဝင်းက ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မြစ်ကြီးနား တက္ကသိုလ် ကျောင်းသားသမဂ္ဂက ကျောင်းသားများ၏ သဘောဆန္ဒနှင့် ညှိနှိုင်းပေးသင့်ကြောင်းနှင့် ၎င်းတို့သမဂ္ဂမှလည်း အဝေးသင်ကျောင်းသားထု၏ အသံအတိုင်း လိုက်ပါဆောင်ရွက်ဖို့ရန်ရှိကြောင်း ကိုအာကာကျော်က ပြောသည်။


အဝေးသင်ကျောင်းသားများ အနီးကပ်နှစ်ကြိမ်တက်ရောက်ရမည့် စနစ်ကို ယခုနှစ် စတင်ပြောင်းလဲရန် ပြုလုပ်ခဲ့သော်လည်း ကျောင်းသားများ၏ ကန့်ကွက်မှုကြောင့် ဆိုင်းငံ့လိုက်ရာမှ လာမည့် ပညာသင်နှစ်တွင် ကျင့်သုံးသွားရန် စီစဉ်ခြင်းဖြစ်သည်။ ■

Ann

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၃၀၊ ၂၀၁၉)

# ဖုန်တက်နေတဲ့ လမ်းမများပေါ်မှာ

စာနဒီ(မြစ်ကြီးနား)



သားကြယ်စင်ရေ ဒီတစ်ခါ သားဆီစာရေးချင်တာက ဖုန်တက်နေတဲ့ နှလုံးသားမျိုးကို စွန့်ခွာဖို့။ အဲ့ဒီဖုန်တက်နေတဲ့ နှလုံးသားတွေကို ခါထုတ်ဖို့။ အဲ့ဒီအတွက် သားတို့စာတွေဖတ်ဖို့ တိုက်တွန်းချင်တာပါပဲ။ သားကို ကဗျာတစ်ပုဒ် ပေးဖတ်ချင်တယ်။ ကဗျာရှည်တစ်ပုဒ်ပေါ့။ ကဗျာဆရာ ခရမ်းပြာထက်လူရဲ့ ကဗျာတစ်ပုဒ်ကွယ့်။ ကဗျာက စာအုပ်က ဘယ်တော့မှ သွေးမထွက်ဘူးတဲ့။

သားခံစားကြည့်နော်

ဟော့ညီလေး
မှောင်နေရင်
စာအုပ်ကိုဖွင့်လိုက်
မှားနေရင်လည်း
စာအုပ်ကို ဖွင့်လိုက်ပေါ့။
စာအုပ်ဟာ ကမ္ဘာကြီးကို
ခေတ်ပုံရိုက်ပြ
မနက်မှာ စာအုပ်ကို
ပေါင်မုန့်လိုလိုက်ဖွဲ့
ကော်ဖီကို သောက်ပြီးရင်
သိုက်သမားများရှာသလို
ခွဲစိတ်ခန်းဝင်သလို
အဆင်ပြေမယ့်
စာမျက်နှာပေါ်
ဖြတ်လျှောက်
ပျောက်ဆုံးမှုများ ၁၀ နှစ်
၁၅ နှစ် စာအုပ်မှာပြန်ရှာ
စာအုပ်ကြားမှာ
ဆာလောင်သူ
ပင်လယ်ဓားပြ
ခုဆို အဲ့ဒီပင်လယ်ပြဟာ
ဓားမကိုင် သေနတ်မဆောင်
စာအုပ်နဲ့ သူ့သဘော်ကို
မောင်းနှင်
ဒါကြောင့် သူပင်လယ်ဟာ
ကျယ်ပြန့်
သူ့ကျန်းမာရေးကို
သူ့ပင်လယ်ငါးမန်းတွေက
လန့်ရတယ်။
စာအုပ်တွေဟာ မြို့တွေကို
ဖျက်ဆီးခဲ့ကြောင်း
ဘယ်စာအုပ် သမိုင်းမှာမှ
ငါမတွေ့။
ရစရာ အရယူဖို့
စာအုပ်နောက်လိုက်ရင်း
အပျိုရည်ပျက်သွားတဲ့
လူသတ္တဝါ ငါမတွေ့
ငါမတွေ့ဘဲ
ငါ့ကိုတွေ့သွားတဲ့
စာအုပ်တွေ
စာအုပ်တွေက
ကြွလို ငါ့ကိုဝိုင်းစုပ်
ဒိဋ္ဌိဖြုတ်ကြတယ်။

(၂)

သားရေ ဖေဖေတော့ စာအုပ်တွေကို သိပ်ချစ်တယ်။ စာအုပ်တွေက ဖေ့ဖေ့ကို သတ္တိတွေပေးတယ်။ ခွန်အားတွေပေးတယ်။ လောကကြီးထဲက ထွက်ပြေးလွတ်မြောက်ဖို့ အရှုံးပေးလက်လျှော့တော့မယ့် စိတ်တွေကို လမ်းမှန်ပေါ် ရောက်အောင် ဆွဲတင်ပေးတယ်။ အဲ့ဒီတော့ ဖေဖေက စာအုပ်တွေကိုချစ်တယ်။ သားတို့လူ့လောကကြီးထဲ မရောက်ခင်တုန်းက ဖေဖေနဲ့ မေမေရဲ့ဘဝဟာ ပင်လယ်ကြီးထဲမှာ မျောလွင့်နေရတဲ့ အားကိုးရမယ့် ရွက်ငယ်တစ်ခုလိုပါပဲ။ မိုးဦးလေဦး အိမ်ထောင်ဦးကာလတွေမှာ အဆင်မပြေမှုတွေဆီက ထွက်ပြေးလွတ်မြောက်ဖို့ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ဖို့အထိ ကြိုးစားခဲ့ဖူးတယ်။

ဒါပေမဲ့ ဒီလိုနည်းလမ်းတွေကို စာအုပ်တွေက ပေးတဲ့ အသိတရားတွေက ခွင့်မပြုခဲ့ဘူး။ စာအုပ်တွေရဲ့ သတ္တိတွေက ခု ရေတွင်းတူး၊ ခုရေကြည်သောက်သလိုမျိုးတွေ ဝုန်းခနဲ၊ ဝုန်းခနဲ ပေါ်လာတတ်တဲ့ သူရဲကောင်းမျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ အဲ့ဒီစာအုပ်တွေရဲ့ ဂုဏ်သတ္တိတွေဟာ ဖေဖေတို့ ပြုလုပ်တော့မယ့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေကို ထိန်းချုပ်ပေးနိုင်တဲ့ ဂုဏ်သတ္တိရှိတယ်။ ဖေဖေတို့ရဲ့ ပြောမှုဆိုမှု ပြုမှုမှုကို ပြောသင့်မပြောသင့်၊ ဆိုသင့်မဆိုသင့်၊ ပြုသင့်မပြုသင့် ထိန်းချုပ်ပေးနိုင်အောင် ဖေဖေတို့ရဲ့ သွေးသားထဲမှာ ငွေ့ရည်ဖွဲ့သလိုမျိုး ငွေ့ရည်ဖွဲ့နေတတ်တာမျိုးကွယ့်။ အဲ့ဒါကြောင့် သားကိုပြောချင်တာ။ စာဖတ်ပါ။

သားရေ စာဖတ်သူတိုင်း အောင်မြင်တယ်လို့ ဖေဖေ မပြောလိုပါဘူး။ ဒါပေမဲ့ အောင်မြင်တဲ့ သူတိုင်းဟာ စာဖတ်တဲ့သူတွေချည်းပဲ ဆိုတာ သားတွေ့ရပါလိမ့်မယ်။ ဒါကြောင့် ဖုန်တက်နေတဲ့ နှလုံးသားတွေကို စွန့်ခွာလို့ လှပတဲ့နှလုံးသားမျိုးပိုင်ဆိုင်ဖို့ စာဖတ်ဖို့ ဖေဖေက သားကို ပြောခဲ့ချင်တာပါ။

ဇည့်ခန်းတစ်ခုကနေ
အိမ်သာအထိ
စာအုပ်က မီးလင်း
စာအုပ်ဟာ
သီချင်းဖြစ်တယ်
စာအုပ်ဖတ်ထားရင်
ဒီမီးကို
မှန်မှန် တိုးရဲမှာ မဟုတ်။
စာအုပ်မရှိတဲ့အခါ
ငါတို့အသတ်ခံရ
စာအုပ်မရှိတဲ့အခါ
ငါတို့ အငတ်ခံရ
စာအုပ်မရှိတဲ့အခါ
ကျပ်မပြည့်သလို ကြီးပြင်း
ဝက်သတ်ရတာနဲ့
ငှက်ပစ်ရတာနဲ့
ငါးဖမ်းရတာနဲ့
စာအုပ်မရှိတော့
သူ့မှာတစ်သီးပဲစားရ
စာအုပ်မရှိတော့
သုံးလေးသီးအထိစားရ။
(ခရမ်းပြာထက်လူ - စာအုပ်ကဘယ်တော့မှသွေးမထွက်ဘူး ကဗျာမှ)

(၃)

သားရေ ဘီလ်ဂိတ် စာဖတ်တယ်။ ဝါရင်းဘတ်ရန့် စာဖတ်တယ်။ အိုဘားမား စာဖတ်တယ်။ ဂျက်မား စာဖတ်တယ်။ ဦးသန့် စာဖတ်တယ်။ ဗိုလ်ချုပ်အောင်ဆန်း စာဖတ်ခဲ့တယ်။ ဂန္ဒီစာဖတ်ခဲ့တယ်။ မာသာထရီဆာ စာဖတ်ခဲ့တယ်။ သမိုင်းလှခဲ့တဲ့ သူတွေ ကြည့်လိုက်ရင် စာဖတ်ခဲ့တဲ့သူတွေချည်းပဲ သားရေ။ စာဖတ်တဲ့အလှက ကိုယ်ချင်းစာတရားတွေ သီးပွင့်တယ်။ နှလုံးသားတွေ ကြီးမြတ်တယ်။ ဟီရိဩတ္တပ္ပတရားတွေ ထွန်းကားတယ်။ ဒါကြောင့် စာအုပ်ဟာ အလင်းရောင်ပဲပေါ့။ စာအုပ်ဟာ သီချင်းပဲပေါ့ကွာ။ ဆရာ မောင်ခင်မင်၊ နေဖြူရဲ့ စာစကားလေး သားကို ပြောပြချင်တယ်။ မအအောင် သုတစာပေဖတ်၊ မရိုင်းအောင် ရသစာပေဖတ်တဲ့။ ဖေဖေတော့ သားကို ဘယ်စာပဲဖြစ်ဖြစ် ဖတ်စေချင်တယ်။ လောကကြီးထဲမှာ မအဖို့လည်းအရေးကြီးတယ်။ မရိုင်းဖို့လည်း အရေးကြီးတယ်။ သုတစာပေကိုတော့ သားနဲ့စပ်ဆိုင်တဲ့ စာအုပ်တွေဖတ်ကွာ။ ကိုယ့်အလုပ်နဲ့ ကိုယ်နဲ့စပ်ဆိုင်တဲ့ စာအုပ်တွေကို များများဖတ်။ ကိုယ်နဲ့မဆိုင်တဲ့ စာအုပ်တွေကိုတော့ နည်းနည်းဖတ်။ အဲ့ဒါက သုတစာပေအတွက် ပြောတာ။

ရသစာပေ အတွက်တော့ ဝတ္ထုထဲတွေဖတ်ကွာ။ ကဗျာတွေဖတ်ကွာ။ ဝတ္ထုတွေ၊ ကဗျာတွေက တစ်ဆင့်ရတဲ့ရသတွေက သားနှလုံးသားကို မရိုင်းအောင် ပြုပြင်ပေးပါလိမ့်မယ်။ ဖေဖေ့အခန်းထဲမှာ စာအုပ်တွေပဲရှိတယ်။ ဖေဖေ့မှာ ချမ်းသာတာဆိုလို့ စာအုပ်တွေပဲရှိတယ်။ သားတို့ကို အများဆုံးပေးနိုင်တဲ့ အမွေဆိုလို့ စာအုပ်တွေပဲ ရှိလိမ့်မယ်။ ဖေဖေတို့မိသားစု အခုလို လောကကြီးထဲ ယုံယုံရဲရဲ ရပ်တည်နိုင်အောင် ဒီစာအုပ်တွေကပဲ ပံ့ပိုးပေးခဲ့တာပါ။ တစ်ခါက ဖေဖေ့ဝတ္ထုထဲမှာ ရေးဖူးတယ်။ ကျွန်တော်ဟာ အိမ်က အိမ်သူထက် စာအုပ်တွေကို ချစ်တဲ့သူပါပေါ့။ အဲ့ဒါကို သားမေမေက တွေ့သွားတယ်။ ဖေ့ဖေ့ကို စိတ်ဆိုးဖူးတယ်။ စာအုပ်တွေကိုချစ်ရင် စာအုပ်တွေကို လက်ထပ်ယူပါလားတဲ့။ သူ့ကို ဘာလို့ လက်ထပ်ခဲ့သေးလဲတဲ့။ ရန်ထောင်တယ်။

တကယ်တော့ စာအုပ်တွေကပဲ ဖေဖေတို့ ဘဝကို မြှင့်တင်ပေးခဲ့တာ။ ဖေဖေတို့ မိသားစုဘဝကို ဟော့ဒီ စာအုပ်တွေကပဲ လှေကားထစ်တွေလို ထမ်းပိုးမြှင့်တင်ပေးခဲ့တာ။ စာအုပ်တွေသာ မရှိခဲ့ရင်၊ စာအုပ်တွေကသာ မကယ်တင်ခဲ့ရင် ဖေဖေတို့ မိသားစုဆိုတာလည်း မရှိခဲ့ပါဘူးကွယ့်။ စာအုပ်တွေကြောင့် ဖေဖေ ရှင်သန်ခဲ့ရတယ်။ စာအုပ်တွေကြောင့်ပဲ ဖေဖေ အသက်ဆက်ခဲ့တယ်။ စာအုပ်တွေဟာ ဖုန်တက်နေတဲ့ လမ်းမကြီးပေါ်က ဖုန်တက်နေတဲ့ နှလုံးသားကို လင်းချင်းပေးနိုင်ခဲ့တယ် သားရေ။ ဒါကြောင့် သားရေစာအုပ်တွေကို ချစ်ပါ၊ စာအုပ်တွေကိုဖတ်ပါ။

ဟော့ ညီမလေး
ဒီရေများ မြင့်တက်သလို
မင်းအခန်းထဲ
စာအုပ်များ မြင့်တက်
မြို့ကြီးများ
မြင့်တက်လာသလို
မျှော်စင်များ
မြင့်တက်လာသလို
ဂျက်လေယာဉ်များ
တိုးတက်သွားသလိုပေါ့
လူ့သမိုင်းဟာ မြင့်တက်
မြန်မြန်
ညီမလေး မြန်မြန်
နှုတ်ခမ်းနီတစ်တောင့်ဟာ
ကျည်ဆန်တစ်ထောင့် မဟုတ်
ကျည်ဆန်တစ်ထောင့်ဟာ
စာရွက်ပေါ် ချရေးလို့မရ
စာရွက်ပေါ် နှုတ်ခမ်းနီ
တစ်ထောင့်နဲ့ ချရေးရတယ်
မြန်မြန်
သစ်ပင်ကို
နေရောင်ခြည်က
ဆွဲတင်သလို
စာအုပ်ဟာ ငါတို့ကို
ဆွဲတင်သွားမယ်
ဆိုတဲ့
အကြောင်း
စာအုပ်လုပ်ရေး
ငါ့ဆီ မြန်မြန်ပို့ပေးလိုက်။

(၄)

သားရေ ကဗျာဆရာ ပြောသလို စာအုပ်တွေက ဖေဖေတို့ရဲ့ ဘဝသစ်ပင်တွေကို နေရောင်ခြည်က ဆွဲတင်သလို ဆွဲတင်သွားမယ်ဆိုတာ အကြွင်းမဲ့ယုံကြည်တယ်ကွယ်။ သားငယ်ငယ်ကတည်းက သားအနားမှာ ရှိနေတဲ့ စာအုပ်တွေဟာ သားတို့ရဲ့ မိတ်ဆွေကောင်းဖြစ်တယ်ဆိုတာ သားယုံကြည်ပါ။ သားတို့ရဲ့ နှလုံးသားတွေ ဖုန်မတက်ဖို့ စာအုပ်စင်ပေါ်က စာအုပ်တွေ ဖုန်မတက်စေနဲ့သား။ စာအုပ်တွေရှိပြီး ဖုန်တက်နေတယ်ဆိုတာ အဲ့ဒီစာအုပ်တွေကို ဖတ်တဲ့လူမရှိလို့ ဖုန်တက်တာပေါ့။ စာကြည့်တိုက်တွေမှာ စာအုပ်တွေဖုန်တက်နေတယ်ဆိုတာ ဖတ်တဲ့လူမရှိလို့ဖုန်တက်တာပေါ့။ ဒီတော့ သားတို့ကို ဖေဖေမှာခဲ့မယ်။ စာအုပ်တွေကိုလည်း ဖုန်မတက်စေနဲ့။ နှလုံးသားတွေကိုလည်း ဖုန်မတက်စေနဲ့။ ဖုန်တက်နေတဲ့ ကမ္ဘာကြီးမှာ သားတို့ဘဝ စာအုပ်စာပေတွေနဲ့ လင်းချင်းနိုင်ပါစေတော့ကွယ်။ ■

သားတို့ကို ချစ်တဲ့ဖေဖေ
စာနဒီ၊ မြစ်ကြီးနား

**အဝေးသင်တက်ရောက်သူတွေအနေနဲ့ လာမယ့်စာသင်နှစ်မှာ အနီးကပ် ၂ကြိမ် တက်ရောက်ကြရတော့မယ်လို့ အောက်တိုဘာ ၁၆ရက်က ကျင်းပပြုလုပ်တဲ့ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲမှာ ပညာရေးဝန်ကြီးက မီဒီယာတွေနဲ့ တွေ့ဆုံစဉ် ပြောကြားခဲ့ပါတယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ရန်ကုန်၊ မိတ္ထီလာ၊ ထားဝယ်၊ မုံရွာ စတဲ့မြို့တွေက အဝေးသင်ကျောင်းသားတွေက ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ အဝေးသင် ဝိဇ္ဇာဘာသာအထူးပြုတွေ အနေနဲ့ အနီးကပ်နှစ်ကြိမ် တက်ရောက်ကြရမယ့်အရေးနဲ့ ပတ်သက်ပြီး မြစ်ကြီးနားတက္ကသိုလ်မှာ အဝေးသင်ပညာလာရောက် ဆည်းပူးနေကြတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ အမြင်သဘောထားကို တွေ့ဆုံမေးမြန်းထားပါတယ်။**



## ကိုအာကာကျော်

မြစ်ကြီးနားတက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ

ဟိုတစ်လော နေပြည်တော်မှာ ကျောင်းသားသမဂ္ဂတွေ အားလုံးပေါင်းပြီး ဝန်ကြီးကို တင်ပြခဲ့တယ် ဝေးတဲ့ဒေသက ကျောင်းသားတွေအတွက် အဆင်မပြေကြောင်း၊ အလုပ်(ခွင့်) ရရှိဖို့ ခက်ခဲတဲ့အကြောင်းတွေပေါ့။ ဝန်ကြီးက အဲ့ဒီနေ့ မတိုင်ခင် မီဒီယာတွေနဲ့ ပြောတယ်။ ဒုတိယနေ့မှာ ကျွန်တော်တို့ အဲဒီကိစ္စကို ပြန်ပြောတော့ ဒီကိစ္စသည် သူ့ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ လုပ်တာမဟုတ်ကြောင်း၊ London open universityuae သုတေသန အကြံပြုတာဖြစ်လို့ စမ်းသပ်လုပ်ကြည့်တာလို့ ပြောတယ်။ လန်ဒန်တက္ကသိုလ်က အကြံပြုတာ တော့ မှန်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာဆို ဆင်းရဲချမ်းသာ ကွာဟချက်ဆိုတာ ရှိတယ်လေနော်။ ဒီအခြေအနေအရ ကျောင်းသားတွေကနေ ဒီအပေါ်မှာ တက်နိုင်ပါ့မလား ဆိုတာတော့ စိုးရိမ်တာပေါ့။ ငါးရက်ငါးရက် ခွဲခိုင်းတယ် ဆိုတာထက် အဝေးသင်တက်ရမယ့် အခြေအနေပေါ် မူတည်ပြီး သေချာလေ့လာဆန်းစစ်ပြီးတော့ တက်နိုင်ပါ့မလား။ ဘယ်လိုဆိုရင် ကျောင်းသားပိုပြီး အဆင်ပြေနိုင်မလဲ။ အဲ့ဒီအဆင်ပြေနိုင်မယ့် အခြေအနေပေါ် လိုက်ပြီး ဘယ်လိုဆိုရင်ပညာရေးကို တိုးမြှင့်ပေးမလဲဆိုတာ စဉ်းစားသင့်တယ်။ အခုလိုမျိုးဟာက ကျောင်းသားတွေအတွက် လုပ်တာမှန်ပေမယ့် မတက်နိုင်တဲ့ အတိုင်းအတာမှာ ရှိကြတယ်ဆိုတော့လေနော့ ညှိနှိုင်းပေးရင် ပိုကောင်းမှာပါ။ အောက်ပိုင်းတွေမှာတော့ ဆန္ဒပြနေကြတယ်။ ကျွန်တော်တို့က နေ့သင်တန်း ကျောင်းသားတွေဆိုတော့ အဝေးသင်ဘက် သိပ်အားမသန်ဘူး။ ဒါပေမဲ့ ကျောင်းသားတွေဘက်က အဆင်မပြေဘူး ဆိုလို့ရှိရင် ကျွန်တော်တို့က ကျောင်းသားထုတွေရဲ့ အသံအတိုင်း လိုက်ပါဆောင်ရွက်သွားဖို့ပဲ ရှိပါတယ်။



## မရွယ်နန်

ဒုတိယနှစ်၊ ဒဿနိကဗေဒ

ဒီ နှစ်ကြိမ်တက်ရောက်ရမယ့် ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ အမြင်ကို ပြောရမယ်ဆိုရင် တခြားဒေသတော့ မသိဘူး။ ကျွန်မတို့ ဒေသမှာတော့ အဝေးသင်ကျောင်းသား ကျောင်းသူတွေအတွက် အခက်အခဲတွေ အများကြီးရှိတယ်။ အဓိက ကတော့ ပြည်တွင်းစစ် ကြုံတွေ့ကြရတဲ့ ကျောင်းသား၊ ကျောင်းသူအချို့မှာဆို ပိုပြီး ပြဿနာကြီးဖြစ်တယ်။ စစ်ဘေး ဒဏ်ကြောင့် ကိုယ့်နေရပ်ကို စွန့်ခွာပြီး ကိုယ့်ဒေသကနေ ဝေးကွာတဲ့ နေရာမှာ သွားရောက်နေထိုင်ကြရတယ်။ အဲ့ဒီ ဝေးတဲ့နေရာကနေ ကျောင်းပြန်လာတက်ကြရတယ် ဆိုတော့ တစ်နှစ်လုံးမှာ အဲ့ဒီတစ်လခွဲလောက်ပဲ လာတက်ရတာတောင် မလွယ်ကူလှဘူး။ အဲ့ဒါကြောင့် တစ်နှစ်တည်းနဲ့ နှစ်ကြိမ်လာတက်ရမယ်ဆိုတာကိုတော့ ပညာရေးစနစ် အနေနဲ့လည်း ကောင်းကောင်းပြန် ဆုံးဖြတ်ပေးစေချင်ပါတယ်။



## မတောင်းတောင်

ဒုတိယနှစ်၊ စိတ်ပညာ

ဒီ မြစ်ကြီးနား မြို့တွင်းမှာပဲ နေတဲ့သူတွေအတွက်ကတော့ နှစ်ကြိမ်တက်ရမယ်ဆိုလည်း ဖြစ်နိုင်တယ်။ ကျွန်မတို့လို အဝေးကနေ လာတဲ့သူတွေအတွက်ကတော့ ခက်တယ်လေ။ ဘဝအခြေအနေကြောင့် အလုပ်လည်း လုပ်နေရတယ်။ အဲ့တော့အရမ်းလည်း ခက်တယ်။ အခုကျွန်မဆိုရင် မရန့်မှာနေတယ်။ အလုပ်သွားလုပ်ရတာက ဖားကန့်မှာ သွားလုပ်တယ်။ ဖားကန့်ကနေ မြစ်ကြီးနားကို ကျောင်းလာတက်ရမှာက လမ်းစရိတ်လိုတယ်။ မြစ်ကြီးနားမှာလည်း အိမ်ကမရှိတော့ အဲဒီအတွက် နေစရာအဆောင်ရှာဖို့ လိုတယ်။ အလုပ်မှာဆိုလည်း လေး၊ ငါး၊ ခြောက်ရက် တစ်ပတ်လောက်ဆိုလည်း အလုပ်ရှင်တွေနဲ့ အဆင်မပြေလာဘူး။ ကျောင်းသူတစ်ဦး အနေနဲ့တော့ ကန့်ကွက်ပါတယ်။ ပြီးတော့လည်း ပြောချင်တာက သူတို့ပြောတာက အဝေးသင် ပညာရေးကို ပိုပြီးတော့ မြှင့်တင်ချင်တယ် လို့ပြောပေမယ့် ကျွန်မတစ်ဦးတည်းအမြင် ဆိုရင်တော့ မြှင့်တင်ချင်တယ် ဆိုရင်လည်း ကိုးလပိုင်း ကျောင်းလာတဲ့အချိန်ကိုပဲ ရက်ပိုရှည်ပေးရင် ကောင်းတယ်လို့ မြင်တယ်။ လူကြီးတွေ ပညာရှင်တွေ ပြောတာလည်း ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မတို့ ကျောင်းသားတွေအနေနဲ့ မြင်တာကတော့ ခုနက ပြောသလိုပဲ တစ်ခေါက်တည်းနဲ့ ပိုထိထိရောက်ရောက်ဖြစ်အောင် ကျောင်းမှာလည်း စာတွေ ကောင်းကောင်း သင်ပေးအောင် လုပ်ပေးနိုင်ရင်တော့ ပိုကောင်းမှာပါ။



## ကိုဒေါင်ခေါင်

ပထမနှစ်၊ ဒဿနိကဗေဒ

ကျွန်တော်အမြင် ပြောရမယ်ဆိုရင် ဒီလိုအနီးကပ်နှစ်ခါ တက်တာက အခက်အခဲရှိနိုင်တာပေါ့ အဝေးသင်တွေက အလုပ်လုပ်တာများတယ်လေနော်။ အဲ့တော့ တစ်ခါခွင့် ယူပြီးရင် ပြန်ပြောရခက်တဲ့ အနေအထားမှာ ရှိနေတော့ နောက်တစ်ခါ ပြန်ယူနိုင်ဖို့က ခက်ခဲတဲ့ အနေအထားမှာ ရှိနေတယ်ပေါ့။ ပြီးတော့ အချိန်လည်း ပေးရမယ် တခြား နေရာကို ကျောင်းလာတက်ပြီဆိုရင်တော့ ငွေကြေးကတော့ အနည်းနဲ့ အများကုန်မှာပဲကွာ၊ အဲ့တော့ ကျွန်တော် တစ်ဦးတစ်ယောက်အမြင်နဲ့ ပြောရမယ်ဆိုရင် တစ်ခါ တည်း တစ်သုတ်တည်းလုပ်တာက ပိုကောင်းမယ် နှစ်ခေါက်တက်တာက ခက်ခဲနိုင်တယ်လို့ မြင်ပါတယ်။ ဒါက တော့ ကျွန်တော်တစ်ဦးတည်းအမြင်ပေါ့ အများနဲ့ဆိုရင် တော့ အဆင်ပြေတဲ့သူတွေလည်းရှိနိုင်သလို အဆင်မပြေတဲ့ သူတွေလည်း ရှိမှာပေါ့။ အဲ့ဒီတော့ ဘယ်လိုအကောင်းဆုံး လုပ်မလဲဆိုတာ ညှိနှိုင်းပေးရင် ကောင်းမှာပါ။



## ကို အောင်အောင်

မြစ်ကြီးနား ပညာရေးကောလိပ် ကျောင်းသားသမဂ္ဂ

အဝေးသင်ကို နှစ်ကြိမ်တက်ရမယ်ဆိုရင် မဖြစ်နိုင်ဘူးလို့ ထင်တယ်။ ဘာလို့လဲဆိုရင် ကျောင်းသားအများစုက ဒေးမတက်နိုင်လို့ အဝေးသင် တက်ကြတာဗျာ။ အဲ့တော့ အပြင်မှာ အလုပ်လုပ်နေကြရတယ်။ အဲဒီအနီးကပ်ကို နှစ်သုတ်ခွဲတက်ဖို့ ခွင့်မပေးနိုင်ဘူး။ တချို့အလုပ်ရှင်တွေဆိုရင်၊ ပြီးတော့ နှစ်ခေါက်လာတက်ဖို့က ပိုက်ဆံလည်း ပိုကုန်တယ်။ အလုပ်ကြန့်ကြာတယ်။ အဲ့တော့ လုံးဝကန့်ကွက်ပါတယ်။ ကျောင်းအပ်တဲ့အခါ လိုအပ်တဲ့အရာတွေ၊ စာစဉ်တင်တာတွေ၊ ပြီးတော့ ပညာရေးပိုင်းမှာ ပိုကောင်းမွန်အောင်လုပ်မယ် ဆိုတာကလည်း သူတို့ ဖြေရှင်းချက်ပေးတယ်လို့ပဲ မြင်တယ်။ အဝေးသင်ကျောင်းသား အနေနဲ့ အဆင်မပြေနိုင်ပါဘူး။ တချို့အစိုးရဝန်ထမ်းတွေဆိုရင် ကျောင်းလာတက်ဖို့ ခရီးဝေးတယ်။ ဒီကချင်ပြည်နယ်မှာဆိုရင် လမ်းပန်းဆက်သွယ်ရေးကလည်း ခက်သေးတယ်ဗျာ။ နှစ်ခါလာရင် အဆင်မပြေပါဘူး။ သူတို့စနစ်ကို ကန့်ကွက်ပါတယ်။ မဖြစ်သင့်ပါဘူး။ အရင်စနစ်အတိုင်းပဲ အဆင်ပြေမယ်။

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၃၀ ၊ ၂၀၁၉ )



"စနစ်ပြောင်းလဲတဲ့အခါ ဆရာတို့ အပေါ်ကပဲ ပြောင်းလဲလို့ မရဘူး။ ဆရာ၊ဆရာမတွေကော ဝန်ထမ်းတွေကော၊ ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေ၊ ဒေသခံပြည်သူတွေအားလုံး လိုက်လာမှ ပြောင်းလို့ရနိုင်မယ်" ဆိုတဲ့

# ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်း

**Ann** မေးမြန်းသည်

**လက်ရှိအစိုးရလက်ထက် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းရေးဆွဲပြီး ပညာရေး ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်လာပါတယ်။ အခြေခံပညာရေး သင်ရိုးညွှန်းတမ်း ပြုပြင်ရေးဆွဲမှုတွေ၊ သင်ကြားရေးစနစ် ပြောင်းလဲမှုတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ ထိုနည်းတူ အဆင့်မြင့်ပညာရေးပိုင်းမှာလည်း သက်ဆိုင်ရာ ကျောင်းအလိုက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ အုပ်ချုပ်ခွင့်တွေနဲ့ စနစ်တွေပြောင်းလဲကျင့်သုံးလာတာကို တွေ့ရပါတယ်။ ယခုအပတ်မှာတော့ လက်ရှိအစိုးရသက်တမ်းအတွင်း ကျောင်းတွင်း ပြုပြင်ပြောင်းလဲမှုတွေ၊ ဆက်လက်ပြောင်းလဲသွားမယ့် စနစ်တွေနဲ့ လိုအပ်ချက်တွေကို မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။**

**မင်္ဂလာပါ. . . ဆရာကြီး။ လက်ရှိအစိုးရလက်ထက်မှာ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့အခါ ဒီအဆင့်မြင့် ပညာရပ်ပိုင်းမှာ ဆရာတို့ကျောင်းအနေနဲ့ လက်ရှိတိုးတက်ပြောင်းလဲမှုတွေ ဘာတွေရှိလဲဆိုတာ ပြောပြပေးပါ။**

ဆရာတို့မှာ ဒီ ၂၀၁၆ ကနေ ၂၀၂၁အထိ ရေးဆွဲထားတဲ့ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းအတိုင်း ကျင့်သုံးနေတာ ဖြစ်တဲ့အတွက် တစ်ခါတလေကျရင် တိုးတက်တာတွေက သိပ်ပြီးတော့ မမြင်နိုင်ဘူး။ တိုးတက်မှုတွေ ရှိတယ်။ အဓိကကတော့ စိတ်ဓာတ်၊ ခံယူချက်ပိုင်းဆိုင်ရာ ပေါ့နော်။ ကျောင်းမှာ ရှိတဲ့ ဆရာ၊ ဆရာမတွေအနေနဲ့ ပညာရေးက အရေးကြီးတယ်။ အဓိက အခြေခံကျတယ်။ ပညာရေးပြုပြင်ပြောင်းလဲရမယ်ဆိုတဲ့ mindset ကို အခြေခံအုတ်မြစ်အနေနဲ့ အရင်ဖြစ်သွားတာပေ့ါ။ ပြောင်းလဲတာတွေလည်း ဆက်တိုက်လုပ်ဆောင်နေတယ်။ ခုနကပြောသလို အခြေခံအုတ်မြစ်အနေနဲ့ ဆရာတို့၊ ဆရာ၊ ဆရာမတွေစိတ်ထဲမှာပြောင်းလဲမယ့် စိတ်အခံရှိတာကိုက အောင်မြင်အောင် လုပ်ယူဖို့၊ ဝိုင်းဝန်းဆောင်ရွက်ဖို့ပဲ လိုတော့တာပါ။ အုတ်မြစ်ချတဲ့အပိုင်း ဖြစ်သလို၊ ဒါကတော့ မမြင်နိုင်တဲ့ အပိုင်းတွေပေ့ါ။ ပညာရေးဘတ်ဂျက်ကလည်း အရင်ကထက် တိုးလာတာနဲ့အမျှ ကျောင်းတွင်းလိုအပ်ချက်တွေနည်းနည်းပိုလုပ်လာနိုင်တယ်။ ကျောင်းအဆောက်အဦးတွေ ပြောင်းလဲလာတယ်။ အားကစားကွင်းတွေ အသစ်တည်ဆောက်လာတယ်။ ပညာရေးစနစ်မှာလည်း ပြောင်းလဲအောင် လုပ်ဆောင်နေဆဲဆိုတော့ အဆင့်မီတဲ့ ပညာရေးဖြစ်ဖို့ လမ်းစတော့ မြင်လာရပါတယ်။

**ဒီမဟာဗျူဟာ စီမံကိန်းအရ ကျောင်းအတွင်းမှာ ဘယ်လိုတွေ လုပ်ဆောင်နေလဲ၊ စနစ်ပြောင်းလဲဖို့ စိန်ခေါ်မှုတွေ ဘာတွေ ရှိလဲဆိုတာ ပြောပြပေးပါ ဆရာ။**

၂၀၁၆ကနေ ၂၀၂၁အတွင်း စီမံကိန်းက ချမှတ်ထားတဲ့ မဟာဗျူဟာ သုံးခုရှိတယ်။ အဲဒီထဲမှာ မဟာဗျူဟာသုံးအရ ဆင်းရဲချမ်းသာမရွေး၊ အလွှာမရွေး၊ အဆင့်မြင့်ပညာကို လေ့လာနိုင်ရမယ်ဆိုတဲ့အတိုင်း၊ အခုဆိုရင် ကျောင်းမှာ တကယ်လိုအပ်တဲ့ ကလေးတွေအတွက် ထောက်ပံ့ကြေးတွေ ပေးနေတယ်။ ဒီကျောင်းအတွက် လိုအပ်တဲ့ အဆောက်အဦတွေ ပြန်ပြင်တယ်၊ ဆောက်တယ်။ ဒါတော့ တကယ်လည်း လိုအပ်တော့ လုပ်နေရတာပဲ။ ဘောလုံးကွင်းတွေ အသစ်တည်ဆောက်တယ်။ စနစ်ပိုင်းဆိုရင်လည်း သင်ကြားသင်ယူမှုစနစ်တွေ တဖြည်းဖြည်း ပြောင်းနေတယ်။ အရင်ကဆို စာသင်ခန်းမှာ သင်တာလောက်ကိုပဲ မြင်နိုင်တယ်ပေ့ါ။ ဆရာ၊ဆရာမတွေက နည်းပေးလမ်းပြအဆင့်ပဲ ရှိသွားအောင် ကျောင်းသားတွေကို အဓိက လေ့လာခိုင်းတဲ့စနစ်ရောက်အောင် လုပ်နေတယ်။ အဲ့လိုမျိုး ကျောင်းသားဗဟိုပြုစနစ်ကိုဦးတည်ဖို့ ဆရာတို့က အွန်လိုင်းစနစ်ကို အားကောင်းအောင် လုပ်နေတယ်။ အွန်လိုင်းစနစ်တွေ အားကောင်းလာတော့ ကျောင်းသားတွေ အနေနဲ့ စာတွေ လေ့လာနိုင်တယ်။ ဆရာ့ဆီကနေ မေဂျာအလိုက် စာအုပ်စာတမ်းတွေ တင်ပေးနိုင်အောင် လုပ်နေတယ်။

**နောက်လာမယ့် စာသင်နှစ်အတွင်းမှာ ကျောင်းအတွင်း ဘာတွေ ပြောင်းလဲသွားဖို့ရှိလဲ။**

အခုက တစ်နိုင်ငံလုံးကြေညာထားတဲ့အတိုင်း အဝေးသင် ဘွဲ့နှင်းသဘင်ကို ကိုယ့်ကျောင်းမှာပဲ ပေးတော့မယ်။ မနှစ်က အောင်သွားတဲ့သူတွေကိုလည်း ဒီမှာပဲ ပေးဖို့စီစဉ်နေတယ်။ ဘွဲ့လျှောက်လွှာက ခေါ်နေပြီ။ နောက်ဆိုရင် One Campus Two System ပေ့ါနော်။ နေ့သင်တန်းရောရှိမယ်။ အဝေးသင် သင်တန်းရော ရှိမယ်။ ပြီးရင် ဆရာတို့ကျောင်းအနေနဲ့ အခုလာမယ့်နှစ်ကစလို့ နေ့သင်တန်းကျောင်းသားတွေ ကျောင်းအပ်တဲ့အချိန် ကျောင်းစရိတ်ကို KBZ payနဲ့ ဆောင်နိုင်ဖို့ ဆောက်ရွက်နေတယ်။ အခုဆိုရင် ကျောင်းဝက်ဆိုက်လည်း လုပ်နေတယ်။ နောက်ကျရင် ကျောင်းအပ်နှံတဲ့အချိန် ဝက်ဆိုက်ကနေ တစ်ခါတည်း အပ်နှံနိုင်ဖို့အတွက်ပေ့ါ။ နယ်ဝေးကျောင်းသားတွေ ပိုအဆင်ပြေနိုင်ဖို့ ရည်ရွယ်ပြီး လုပ်နေပါတယ်။ အင်တာနက်တွေလည်း ပိုမိုအားကောင်းဖို့နဲ့ စာကြည့်တိုက်မှာ စာအုပ်ရှာတဲ့ စနစ်တွေကို ပြောင်းလဲဖို့ဆိုရင် အီလက်ထရောနစ် Systemနဲ့ ရှာနိုင်တဲ့ဟာတွေ အစားထိုးပေးဖို့ ရှိတယ်။ အဲ့ဒါကိုလည်း အခုလုပ်နေတယ်။ အခုလောလောဆယ်တော့ မပြည့်စုံသေးဘူးပေ့ါ။ E-library တွေ ရှိလာမယ်။ အီလက်ထရောနစ်စနစ်နဲ့ရှာလို့ရလာမယ်ဆိုလို့ရှိရင် ကျောင်းသားတွေကလည်း စာကြည့်တိုက်ကို ပိုပြီး အားကိုးရကောင်းမှန်း သိလာပါလိမ့်မယ်။

**တက္ကသိုလ် အုပ်ချုပ်စီမံမှုပိုင်းနဲ့ ပတ်သက်ပြီးတော့ အခုဆိုရင် အချို့တက္ကသိုလ်တွေမှာ သက်ဆိုင်ရာ ကျောင်းအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှုတွေ ရှိနေပြီဆိုတော့ ဆရာတို့ ကျောင်းအနေနဲ့ ဘယ်လိုအခြေအနေရှိလဲ။**

မကြာခင် ကာလအတွင်းမှာဆိုရင် ပြောင်းလဲကြတော့မယ်။ အခုဆို ရန်ကုန်တက္ကသိုလ်တွေဆိုရင် စနစ်တွေ ပြောင်းနေပြီ။ ဆရာတို့ ပြည်နယ်တိုင်းတက္ကသိုလ်တွေလည်း ပြောင်းလဲလာမှာပဲ။ ရန်ကုန်၊ မန္တလေးမှာတော့ ဆောင်ရွက်နေကြပြီ။ အခု တဖြည်းဖြည်းတော့ လာတော့မယ်ထင်တယ်။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတော့ ပညာရေးစနစ်မှာဆိုလို့ရှိရင် ပြင်ပမှာရှိတဲ့ စီးပွားရေးစနစ်နဲ့ ကိုက်ညီတဲ့ ပညာရေးစနစ်ကို ဆရာတို့က ပြောင်းပေးရမယ်။ ဒေသအလိုက် ဘာတွေလိုအပ်နေလဲ။ ဘယ်သင်ကြားရေးစနစ်က လိုအပ်နေလဲ၊ ဘာက ပိုအထောက်အကူပြုလဲဆိုတာကို ဆရာတို့က အဓိကထားပြီးတော့ သင်ကြားပေးရမယ်။ အဲ့လိုဆိုပြောင်းလို့ရမယ်။ အခုကတော့အဲ့လိုမဟုတ်ဘူး။ ဆရာကြီးတို့ဆီမှာ သင်ရိုးက စာအုပ်ထဲကအတိုင်းပဲ သင်နေရတယ်ပေ့ါ။

**သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရရှိလာရင် ကျောင်းတွင်း ပညာရေးစနစ်တွေမှာ ဘယ်လို အကျိုးတွေ ဖြစ်လာနိုင်လဲ။**

ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရရှိလာမယ်ဆိုရင် ဆရာကြီးတို့က ကိုယ့်ကျောင်းအလိုက် သင်ရိုးတွေ ထည့်သွင်းလာနိုင်မယ်။ ဆရာကြီးတို့ဆီမှာ ခုနကပြောတဲ့ဟာမျိုး ပြင်ပလုပ်ငန်းအတွက် လိုအပ်မယ့်ဟာတွေ၊ ပြင်ပစီးပွားရေးလုပ်ငန်းမှာ ကိုက်ညီမယ့်ဟာတွေကို ဆရာကြီးတို့က ကျောင်းသားတွေကို လေ့လာခိုင်းလို့ရှိရင် သူလည်း လုပ်ငန်းကို အလွယ်တကူဝင်ရောက်နိုင်မယ်။ အဲ့ဒါဆို ပိုပြီးကောင်းသွားမှာပေ့ါ။ ဥပမာ ကျောက်မျက်ပညာကို သင်မယ်ဆိုရင် သင်လို့ရတယ်။ ဒီ့ဒေသအတွက် လိုအပ်တဲ့အရာတွေ ပေ့ါ။ နောက်ပြီး အခြားနိုင်ငံခြား တက္ကသိုလ်တွေနဲ့လည်း ပိုပြီး ချိတ်ဆက်သွားနိုင်မယ်။ ဘတ်ဂျက်ပိုင်းဆိုင်ရာမှာဆိုလည်း အခုဆိုရင် ဒီအလုပ်ခေါ်စာအတွက် ဒီဘတ်ဂျက်သုံးရမယ်ပေ့ါ။ အထက်ကနေ တစ်ခါတည်း ဆုံးဖြတ်ပေးတယ်။ သူပေးတဲ့ ခေါင်းစဉ်အောက်မှာ သုံးစွဲရတယ်ပေ့ါ။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရသွားမယ်ဆိုရင်တော့ ဒီတစ်နှစ်လုံး ကုန်ကျမယ့်ငွေအားလုံးကို အထက်ကနေ တစ်ခါတည်းပေးလိုက်မယ်ဆိုတော့ ဆရာကြီးတို့ဘက်ကနေ တက္ကသိုလ်ကောင်စီရဲ့ ဆုံးဖြတ်ချက်နဲ့ ဘတ်ဂျက်တွေကို ပိုလိုအပ်တဲ့နေရာမှာ များများပြန်သုံးလို့ရသွားပြီ။

**ကျောင်းအတွင်း အုပ်ချုပ်ရေးပိုင်းနဲ့ ကျောင်းသားရေးရာကိစ္စရပ်တွေမှာ လိုအပ်ချက်တွေ ဘာတွေရှိလဲ ပြောပြပေးပါအုံး ဆရာ။**

ကျောင်းသားတွေနဲ့ ပတ်သက်ပြီး လိုအပ်တာတော့ ကျောင်းသူဆောင် လိုအပ်တယ်။ အခုဆိုရင် ကျောင်းတွင်း အမျိုးသမီးဆောင် နှစ်ဆောင်ပဲရှိတယ်။ ကျောင်းသူဦးရေကလည်း ကျောင်းသားအချိုးထက် ပိုများနေတယ်ဆိုတော့ကမိန်းကလေးဆောင် လိုအပ်တာပေ့ါ။ နောက် ကျောင်းဝန်ထမ်းတွေအတွက် နေထိုင်ဖို့ ဝန်ထမ်းအိမ်ရာတွေ လိုအပ်နေသေးတယ်။ အခုဆို နယ်ကလာတဲ့သူတွေကို ဦးစားပေးနေတယ်။ ကျောင်းသားတွေ လုံခြုံစိတ်ချစွာ စာပေသင်ယူနိုင်မှုအပိုင်းမှာလည်း ပိုလေ့လာနိုင်ဖို့အတွက် လုံလောက်တဲ့ စာကြည့်တိုက်ကြီးတွေ လိုအပ်တယ်။

**ဟုတ်ကဲ့ပါဆရာ. . . . နောက်ထပ်ဖြည့်စွက်ပြီး ပြောကြားပေးပါအုံး။**

စနစ်ပြောင်းလဲတဲ့အခါ ဆရာတို့အပေါ်ကပဲ ပြောင်းလဲလို့မရဘူး။ ဆရာ၊ဆရာမတွေကော၊ ဝန်ထမ်းတွေကော၊ ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေ၊ ဒေသခံပြည်သူတွေ အားလုံးလိုက်လာမှ ပြောင်းလို့ရနိုင်မယ်။ ဒါမှလည်း ကျောင်းသားမိဘတွေ၊ ပြည်နယ်သူ၊ ပြည်နယ်သားတွေ အားကိုးရတဲ့ ကျောင်းကြီးဖြစ်လာမှာပါ။ အထက်ကပဲ တစ်ယောက်တည်းလုပ်လို့ မရပါဘူး။ အဲ့တော့ အကုန်ပါဝင်လာစေချင်ပါတယ်။ ■

# အနုပညာလောက ကနေ အပြီးပိုင်နှုတ်ဆက် ထွက်ခွာသွားပြီဖြစ်တဲ့ အဆိုတော်မိတုံတန်နောင်း



အောက်တိုဘာ ၂၃

ကချင်ပြည်နယ်ရဲ့ နာမည်ကြီး Rocker တစ်ဦးဖြစ်တဲ့ ဦးမိတုံတန်နောင်း အသက်(၄၆)နှစ်ဟာ အောက်တိုဘာလ ၁၇ ရက်နေ့က ဆိုင်ကယ်မောင်းနှင်နေရင်း ရုတ်တရက် သွေးတိုးကာ ကွယ်လွန်ခဲ့ပါတယ်။

သူဟာဆိုရင် အဆိုဘဝကို လေးတန်းအရွယ်ကလေးဘဝကတည်းက စတင်ဝင်ရောက်လာခဲ့တာပါ။ ၁၉၉၆ ခုနှစ် တက္ကသိုလ်တက်နေရင်း ပထမဦးဆုံး သီချင်းခွေကို စတင်ပုံဖော်ခဲ့ပြီး အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပေမယ့်လည်း သူ့ရဲ့ကြိုးစားမှုကြောင့် " A Sak Yup Tung " သီချင်းခွေကို ထုတ်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ရော့ခ်ဂီတအမျိုးအစားကို နှစ်သက်သူတစ်ဦးဖြစ်တဲ့ မိတုံတန်နောင်းဟာ ၁၉၉၉ခုနှစ်မှာ " Sumtsaw ni a Labau" အမည်ရ ကချင်သီချင်းခွေ၊ ၂၀၀၁ မှာ 'Panglai Nnan' နဲ့ 'Emanuela' သီချင်းခွေတွေ ထပ်ထွက်ခဲ့တဲ့ အပြင် ၂၀၀၄ မှာလည်း 'Wan' ဆိုတဲ့ သီချင်းခွေကို ထုတ်ခဲ့ပြီး ပရိသတ်တွေရဲ့ အားပေးမှုနဲ့အတူ အောင်မြင်မှုတွေကို ရရှိထားခဲ့သူပါ။ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၄ထိ သီချင်းခွေ (၅)ခွေ ထုတ်ခဲ့ပါတယ်။

အနုပညာလုပ်ငန်းတွေကို ကြိုးစားရုန်းကန်ရင်း အဆိုသာမက ဒါရိုက်တာတစ်ဦးအနေနဲ့လည်း အနုပညာလုပ်ငန်းတွေကို လုပ်ကိုင်ရင်း သီချင်းနည်းပြတစ်ဦးအဖြစ်လည်း ရပ်တည်လို့ မျိုးဆက်သစ်အနုပညာရှင်လူငယ်တွေကို လက်တွဲခေါ်ခဲ့သူ တစ်ဦးပါ။

ဒါ့အပြင် မိတုံတန်နောင်းဟာ စာအုပ်၊စာပေကို ချစ်မြတ်နိုးသူတစ်ဦး ဖြစ်ပြီး ကဗျာဆရာ တစ်ယောက်အဖြစ် ကျော်ကြားခဲ့ပါသေးတယ်။ ကလောင်အမည် ယိန်းမွန်းနောင်း အမည်နဲ့ မေတ္တာမာန်မဂ္ဂဇင်းတွေမှာ ရေးသားခဲ့ပြီး နာမည်ရလာခဲ့တဲ့အပြင် ဆုတွေကိုလည်း ရရှိခဲ့ပါတယ်။

အဆိုရှင်တစ်ယောက်အနေနဲ့ အောင်မြင်ကျော်ကြားသူတစ်ယောက်ဖြစ်တဲ့ သူဟာဆိုရင် ငယ်စဉ်က(၈)တန်းကျောင်းသားဘဝမှာလည်း လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသူပါ။ တက္ကသိုလ်ကျောင်းသားဘဝမှာလည်း ကျောင်းကိစ္စရပ်တွေမှာ တက်ကြွပါဝင်လှုပ်ရှားသူတစ်ဦးဖြစ်တဲ့ အဆိုရှင် မိတုံတန်နောင်းဟာ မန္တလေးတက္ကသိုလ်များ ကချင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (JLH)မှာလည်းတာဝန်ထမ်းဆောင်ခဲ့ဖူးသူပါ။တက္ကသိုလ်ကျောင်းသားဘဝကို မန္တလေးတက္ကသိုလ်မှာ သင်ကြားခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ B.Sc(Geology)နဲ့ ဘွဲ့ရခဲ့ပါတယ်။

မွေးချင်း (၇)နှစ်ယောက်ရှိတဲ့ အနက် ၅ ယောက်မြောက်သားဖြစ်ပြီး ဖခင်ကွယ်လွန်ပြီးနောက် မိခင်ကိုကျွေးမွေးစောင့်ရှောက်နေသူပါ။ ၂၀၁၁ ခုနှစ်မှာ တက္ကသိုလ်ဆရာမ ဒေါ်အင်ခွမ်ဂျာရာနဲ့ လက်ထပ်ထိမ်းမြားခဲ့ပါတယ်။

အများအကျိုးကို ကူညီပေးတတ်သူပီပီ စစ်ဘေးရှောင်ပြည်သူ၊ မောင်နှမတွေကို ကြည့်ရှုစောင့်ရှောက်၊ ဖေးမကူညီတဲ့ 'yak tim pyaw tim rau' ဆိုတဲ့ အနုပညာရှင်အသင်းကို ဦးဆောင်လမ်းပြခဲ့တဲ့အပြင် လက်ရှိအောင်မြင်နေဆဲဖြစ်တဲ့ ကချင်အနုပညာရှင်အမြောက်အမြားကိုလည်း လက်တွဲ ခေါ်ဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

၂၀၁၆-၂၀၂၀ ခုနှစ် ကချင်အနုပညာရှင်များအသင်းချုပ်မှာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေရင်း သွေးတိုးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်ခဲ့တာပါ။

မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်မှာ နေထိုင်ရင်း ရုတ်တရက်ကွယ်လွန်သွားခဲ့တဲ့ အဆိုတော် မိတုံတန်နောင်းကို မိသားစုဝင်တွေနဲ့ အနုပညာရှင် မောင်နှမတွေက အောက်တိုဘာလ ၁၉ရက်နေ့က နောင်နန်းဝန်ပေါင်ခရစ်ယာန်သင်္ချိုင်းမှာပို့ဆောင်မြှုပ်နှံခဲ့ပါတယ်။ ဘောလုံးအားကစားကို အလွန်နှစ်သက်သူတစ်ဦး ဖြစ်ပြီး ကချင်အနုပညာရှင်များဘောလုံးအသင်း (Wunpawng Shingni FC) ကို ၂၀၁၆ ခုနှစ်က တည်ထောင်ခဲ့ပါသေးတယ်။

အနုပညာလောက ကနေ အပြီးပိုင်နှုတ်ဆက်ထွက်ခွာသွားပြီဖြစ်တဲ့ အဆိုတော်တန်နောင်းကို ကချင်အနုပညာပညာရှင်များဘောလုံးအသင်း (Wunpawng Shingni FC)ကို တည်ထောင်ခဲ့သူအဖြစ် ဂုဏ်ပြုတဲ့အနေနဲ့အောက်တိုဘာလ ၂၂ရက်နေ့ကမြစ်ကြီးနားမြို့၊အေးမြသာယာ ဘောလုံးကွင်းမှာ ကချင်အနုပညာရှင်များက လက်ပတ်အနက်ရောင်တွေကို ဝတ်ဆင်ပြီး ဘောလုံးကစားခဲ့ကြပါတယ်။ ■

Benadeth

# ဂျိန်းဖော့စာပေ သင်ကြားနည်းသစ်အတွက် မွမ်းမံသင်တန်းပြုလုပ်



အောက်တိုဘာ ၁၈

ကချင်ပြည်နယ် အတွင်းရှိအခြေခံပညာကျောင်းများတွင် ဂျိန်းဖော့စာပေ သင်ကြားပေးနေသော တိုင်းရင်းသားဘာသာသင် ဆရာ၊ ဆရာမများကို ဂျိန်းဖော့စာပေ သင်ကြားနည်းသစ်အတွက် မွမ်းမံသင်တန်းပြုလုပ်ပေးသည်။

ယင်းသင်တန်းကို ကချင်ရိုးရာယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်မှ ဦးစီးသင်ကြားပေးကာ သင်တန်းတက်ရောက်သည့် ဆရာ၊ ဆရာမများ ကိုယ်ထူကိုယ်ထဖြင့်လာရောက် တက်ရောက်ကြခြင်းဖြစ်ပြီး ပိုမိုထိရောက်လွယ်ကူမည့် ဂျိမ်းဖော့စာပေ သင်ကြားနည်းသစ်ကို သင်ကြားပေးကြောင်း ကချင်ယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်တာဝန်ခံ ဦးအင်ဒေါင်အောင်က ပြောသည်။

"အရင်က သင်ကြားနည်းက ဘာသာစကားတတ်တဲ့ သူတွေပဲ သင်လို့ရတဲ့နည်းပေါ့ အခုက ဂျိမ်းဖော့စကား မတတ်ရင်တောင် သင်လို့ရတဲ့ နည်း၊ နောက်ပြီး ကလေးတွေကို ပိုနားလည်လွယ်အောင် သင်ပေးတဲ့နည်းပေါ့"ဟု ဦးအင်ဒေါင်အောင်က ပြောသည်။

ယခင်နည်းများက စာပေတတ်မြောက်ရန် တိကျသော သင်ကြားနည်းစနစ်များ မရှိသော်လည်း ယခုစနစ်က နိုင်ငံတကာ စာပေသင်ကြားနည်းကဲ့သို့ ကျောင်းသားများကို ဗဟိုပြုကာ သင်ကြားပေးသောစနစ် ဖြစ်သောကြောင့် အချိန်တိုအတွင်း ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်း ဖားကန့်မြို့နယ်မှ သင်တန်းလာရောက် တက်ရောက်သူ ကိုစိုင်းခွန်မိန်းက ပြောသည်။

"အရင်ကနဲ့တော့ တော်တော်လေး ကွာသွားတယ်။ အခုနည်းကျတော့ ကလေးတွေကို သူတို့ကိုယ်တိုင် လေ့လာခိုင်းတယ်။ ဆရာတွေက လိုက်ကြည့်ပြီး ဒီကလေးက ရပြီလား မရသေးဘူးလား ကြည့်ပြီး ပြန်လေ့ကျင့်ပေးတယ်။ ဒီ အက္ခရာတစ်လုံးနဲ့ တစ်လုံးပေါင်းရင် ဘယ်လို အသံထွက်တယ် ဆိုတာကို ကလေးတွေကို မှန်းခိုင်းတယ်။ သူတို့အနေနဲ့ စဉ်းစားတွေးတောလို့ ရသွားတာပေါ့"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားခွင့် ရှိလာခြင်းက ကောင်းမွန်သော ရည်ရွယ်ချက်ဖြစ်ရုံမက ယင်း စနစ်က ဒေသခံတိုင်းရင်းသားများအတွက် အခွင့်အရေးတစ်ရပ် ဖြစ်ကြောင်းကို စိုင်းခွန်မိန်းက ပြောသည်။

အဆိုပါ သင်တန်းကို သုံးရက်ကြာ ပို့ချပေးခြင်းဖြစ်ပြီး မန်စီ၊ ဗန်းမော်၊ မိုးမောက်၊ ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း၊ မြစ်ကြီးနား မြို့နယ်တို့မှ သင်တန်းသား(၅၃)ဦး တက်ရောက်ခဲ့ကြသည်။ ■

Ann

# “ငှက်ပျောပင် စိုက်ပျိုးခြင်းနှင့် အမျိုးသမီးတို့၏ ဘဝများစွာ” သုတေသနစာအုပ်ကိုဆွေးနွေးတင်ပြခြင်းပြုလုပ်




အောက်တိုဘာ၂၂

“ငှက်ပျောပင် စိုက်ပျိုးခြင်းနှင့် အမျိုးသမီးတို့၏ ဘဝများစွာ” သုတေသနစာအုပ်ကို ဆွေးနွေးတင်ပြခြင်းကို အောက်တိုဘာလ ၂၁ ရက်တွင် Htoi Gender and Development Foundation က သီတာနှစ်ခြင်း ဘုရားကျောင်း၌ အောက်တိုဘာလ ၂၁ ရက်တွင်ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးမှုပြုလုပ်ရခြင်းမှာ တစ်သျှူးငှက်ပျောစိုက်ပျိုးမှုအကြောင်း ဒေသခံတို့၏ နားလည်သိရှိထားမှုနှင့် သဘောထားအမြင်များကို ဆန်းစစ်ရန်၊ တစ်သျှူးငှက်ပျောစိုက်ပျိုးမှုတွင် ကျား၊မ ပါဝါအာဏာ အပြောင်းအလဲကို ပိုမိုနားလည်ရန်၊ တစ်သျှူးငှက်စိုက်ပျိုးမှုတွင် အမျိုးသမီးတို့၏ အတွေ့အကြုံများကို ဆန်းစစ်ရန်၊ အမျိုးသမီးတို့ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် တရားမျှတမှုကို လက်လှမ်းမီနိုင်ရေးအတွက် ၎င်းတို့၏ ကြိုးစားမှုများကို ဖော်ထုတ်ရန်တို့ဖြစ်ကြောင်း သိရသည်။

“ဝိုင်းမော်မြို့နယ်နဲ့ ဗန်းမော်မြို့နယ်ဘက်မှာ လယ်တွေအများကြီး သိမ်းပြီးတော့မှ တစ်သျှူးငှက်ပျောစိုက်ခင်း လုပ်တယ်။ ဒီစိုက်ခင်းကြောင့် အမျိုးသမီးတွေရဲ့ဘဝများစွာထိခိုက်ပျက်စီးရတယ်ဆိုတဲ့ အကြောင်းအရာတွေကို ဖော်ထုတ်ချင်တယ်။ ဒါကြောင့် လွန်ခဲ့တဲ့ မေလနဲ့ ဇွန်လမှာ ကျွန်မတို့အဖွဲ့ ၁၅ ဖွဲ့နဲ့ သုတေသနပြုလုပ်ခဲ့တယ်”ဟု Htoi Gender and Development Foundation က ဒေါ်နန်ပူက ပြောသည်။

ငှက်ပျော စိုက်ပျိုးခြင်းကြောင့် ယနေ့အချိန်ထိ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု မရှိဘဲ အခြားဒေသမှ လာရောက်လုပ်ကိုင်သည့် အလုပ်သမားများကိုသာခန့်ကြောင်း၊ ဒေသခံများကို အလုပ်ခန့်ပါက အမျိုးသမီးတစ်ဦးလျှင် တစ်ရက်လုပ်အားခ ၅၀၀၀ ကျပ်သာရရှိသည့်အတွက် ဘဝရပ်တည်ရန် လုံလောက်မှုမရှိကြောင်း သိရသည်။

ထို့ကြောင့် ဒေသခံအလုပ်သမားများသည် ရသင့်သည့် လုပ်အားခ မရရှိ၍ သက်ဆိုင်ရာ ရပ်ကွက်လူကြီးများကို ပြောဆိုတိုင်တန်းမှုများရှိပါက အရေးယူခံရမှုများရှိသည့်အတွက် ငှက်ပျောကုမ္ပဏီများ အနေဖြင့် ရပ်ဝေးမှ ရွှေ့ပြောင်းလုပ်သားများကိုသာ အလုပ်ခန့်ကြကြောင်း၊ အဆိုပါအလုပ်သမားများမှ အမျိုးသမီးများက ရသင့်သည်ထက်လျော့နည်းပြီး ရရှိကြသော်လည်း ပိုင်ရှင်များကို ပြန်ပြောရန်အင်အား မရှိသည့်အတွက် ၎င်းတို့ပေးသည့် လုပ်အားခကိုသာယူကာ အလုပ်လုပ်ကိုင်နေရကြောင်း သိရသည်။

“ကျွန်မတို့ သုတေသနလုပ်ထားတဲ့ ဒီ အချက်တွေကို ကြည့်ခြင်းအားဖြင့် သက်ဆိုင်ရာအစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဒေသခံတွေ အလုပ်ကိုင်အခွင့်အလမ်းရဖို့ ရည်ရွယ်ချက်က မရောက်ဘူးဆိုတာ သိရတယ်။ ဒေသခံတွေ အလုပ်အကိုင် အခွင့်အလမ်းရမှ လုပ်မယ်ဆိုတာနဲ့ပတ်သက်ပြီးတော့ ဒေသခံတွေနဲ့ဆက်ပြီး ကျွန်မတို့ သုတေသနလုပ်ဖို့ လိုပါသေးတယ်။ အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်ကနေ ဘာဆိုပြီး သတ်မှတ်ပြီး အတင်းလုပ်တာမျိုးတော့ ကျွန်မတို့ လက်မခံနိုင်ပါဘူး”ဟု ဒေါ်နန်ပူက ပြောသည်။

ထို့အပြင် တစ်သျှူးငှက်ပျောစိုက်ခင်းအတွင်း အသုံးပြုသည့် ဆေးများကြောင့် ဒေသအတွင်းရှိ မြေဆီလွှာပျက်စီးမှုများ ရှိနေသည့်အတွက် နောက်လာမည့် အနာဂတ်၌ စိုက်ပျိုးစားသောက်ရန်မြေများမှာ လုပ်ကိုင်စားသောက်ရန် အခွင့်အလမ်းဆုံးရှုံးမှုများ၊ ပျက်စီးမှုများကို ခံကြရမည် ဖြစ်ကြောင်းကိုလည်း သုတေသနပြုချက် အရတွေ့ရှိခဲ့ရကြောင်း သိရသည်။

“ဒီ တစ်သျှူးငှက်ပျောကိုတော့ ကျွန်မတို့ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး။ စနစ်တကျလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ လက်မခံနိုင်ဘူး။ ငှက်ပျောစိုက်ခင်းကြောင့် မြေဩဇာနဲ့ ပိုးသတ်ဆေး အများအပြားသုံးတဲ့အတွက် မြေဆီလွှာ ပျက်စီးသွားတယ်။ သဘာဝမြေဆီလွှာပြန်ရဖို့ ခက်ခဲတဲ့အတွက် အဲဒီကိစ္စကို အများကြီးပြန်ပြီး ဆွေးနွေးဖို့လိုအပ်ပါတယ်”ဟု ဒေါ်နန်ပူက ဆက်လက်ရှင်းပြသည်။

အဆိုပါ တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် ဒေသများတွင် လောင်းကစားရုံများလည်း ရှိသည့်အတွက် ထိုနေရာများ၌ အမျိုးသမီးများကို လိင်အမြတ်ထုတ်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ စော်ကားခံရမှုများလည်း ကြုံတွေ့ခံစားနေရကြောင်း၊ အမျိုးသမီးများ၏ ဘဝများစွာ ပျက်စီးမှုများ ကြုံတွေ့နေရပြီး လုပ်ငန်းခွင်မှ ပြန်လာသည့်လမ်းတွင် လုံခြုံမှုမရှိခြင်းများ ရှိနေကြောင်းနှင့် ထိုစိုက်ခင်းများရှိ လူများ၏ အကျင့်စာရိတ္တများ ပျက်ပြားမှုများလည်း ရှိနေရကြောင်း သိရသည်။

“ဒါတွေ မဖြစ်အောင်ကာကွယ်ဖို့အတွက်က ငှက်ပျောစိုက်ခင်းတွေ လုပ်တော့မယ်ဆိုရင် အမျိုးသမီးအကြမ်းဖက်မှုတွေနဲ့ အမြတ်ထုတ်မှုတွေ၊ အမျိုးသမီးတွေရဲ့ ဘဝလုံခြုံရေးကို ထိခိုက်နစ်နာမှု အရေးကိစ္စတွေကို ကာကွယ်တဲ့ ယန္တရားတွေ အများကြီးလုပ်ဖို့ လိုအပ်တယ်။ အမျိုးသမီးလုပ်ငန်း လုပ်ဆောင်ရာမှာ လုပ်ငန်းလုံခြုံမှုတွေလည်း လိုအပ်ပါတယ်”ဟု ဒေါ်နန်ပူကရှင်းပြသည်။

အိမ်ပြန်သည့် လမ်းများ၌ ကယ်ရီစီစဉ်ပေးခြင်း၊ လျှပ်စစ်မီး ကောင်းစွာစီစဉ်ပေးခြင်း၊ လုံခြုံမှုများရှိအောင်ပြုလုပ်ပေးခြင်း၊ ကျူးလွန်မှုဖြစ်ခဲ့ပါက ပြစ်မှုကျူးလွန်သူကို အရင်ဦးဆုံး ဖမ်းမိရေးကို ဦးစားပေးလုပ်ဆောင်ခြင်း စသည်များကို ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိအချိန်တွင် အမျိုးသမီးများကို အမြင်ဖွင့်အစီစဉ်များ လုပ်ပေးရန် လိုအပ်နေပါသေးကြောင်း ဒေါ်နန်ပူက အကြံပြု ပြောကြားခဲ့သည်။ ■

မွန်းမွန်းပန်၊ Banadeth

# တောနဲ့တောင်စွယ် ကချင်ပြည်နယ်



ဒုတိယကမ္ဘာစစ်ကြီးကြောင့် လက်နက်များစွာသည် လူထုကြားပျံ့နှံ့သွားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးချိန် နိုင်ငံရေးအယူအဆမတူညီမှု၊ အာဏာလွန်ဆွဲမှုများအကြား လက်နက်ရှိလျှင် ပုန်ကန်ရန် လမ်းပွင့်သည်။ စာပေ၊ စာနယ်ဇင်းလောကဘက်တွင်မူ စစ်ကြီးအတွင်း စာငတ်နေသူများကြောင့် စာနယ်ဇင်းများ အသစ်၊အဟောင်း အပြိုင်းအရိုင်း ထွက်ပေါ်လာခဲ့သည်။ စာရေးသူများမှာ လက်မလည်။ သို့သော် လွတ်လပ်ရေး ရပြီး၍ လပိုင်းအကြာ လက်နက်အစုံအညီနှင့်ပြည်တွင်းစစ်ကြီး ဖြစ်ပွားရာ အင်္ဂလိပ်၊ ဂျပန်တို့ နှိပ်စက်ခဲ့သော မြန်မာနိုင်ငံသည် ပြာပုံသို့ တစ်ကြိမ်တိုးရပြန်သည်။ ထိုစဉ်က ပြည်တွင်းစစ်ကြီးကြောင့် လူသောင်းချီသေဆုံးရသလို၊ တိုင်းပြည်ဘဏ္ဍာလည်း သန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းကပင် လေးစားသော စာရေးဆရာကြီးမဟာဆွေ၏ တောနှင့်တောင်စွယ် ဝတ္ထုသည် ထို ပြည်တွင်းစစ်ကာလတွင် ရှုမဝတိုက်မှ ထွက်ခဲ့သည်။ တောခိုကွန်မြူနစ်ပါတီ၊ အာဏာရ ဖဆပလအစိုးရနှင့် ထိုခေတ် ကျောင်းသားများ၏နိုင်ငံရေးတွင် ပါဝင်ပတ်သက်ပုံကို ဝေဖန်ရှင်းလင်းရေးသားထားသည်။ ဤသည်မှာ ဝတ္ထု၏အစပိုင်းဖြစ်သည်။ ဝတ္ထု၏ နောက်ပိုင်းတွင်မူ အလင်းဝင်လာသည့် ဇာတ်ဆောင်ထွန်းဝင်းတို့ ကချင်ပြည်နယ်တွင် စွန့်စား၍ရွှေတူးခြင်းကို တင်ပြထားပြီး ကချင်ပြည်နယ်၏တောရိုင်းတိရစ္ဆာန်များ၊ သယံဇာတများ ပေါကြွယ်ဝပုံနှင့် ကချင် တိုင်းရင်းသားတို့၏ သစ္စာမေတ္တာကြီးပုံ၊ ရိုးသား၍ သူရဲကောင်းကိုတန်ဖိုးထားချီးမြှင့်မြှောက်စားတတ်ပုံများကို ဖော်ပြထားသည်။

ဇာတ်လမ်းတွင် ပြည်တွင်းစစ်အတွင်း တောခိုခဲ့သည့် ကျောင်းသားဗိုလ်ထွန်းဝင်းသည် တောတွင်းဆရာကြီးများကိုစိတ်ပျက်၍ အလင်းပြန်ဝင်ခဲ့သည်။ သို့သော် မန္တလေးရှိချစ်သူနှင့် မိဘများထံ မပြန်သေးဘဲ ကချင်ပြည်နယ်အတွင်း ရွှေကျင်ရန် ထွက်ခွာခဲ့သည်။ သူငယ်ချင်းဖြစ်သူ သာလွန်နှင့် ဒုတိယကမ္ဘာစစ် မဖြစ်မီက မြစ်ကြီးနားတွင် ကျောင်းဆရာလုပ်ဖူးသူ ဆရာသိန်းကျော်လည်း ပါသည်။ ဆရာသိန်းကျော်၏ မိတ်ဆွေ တရုတ်အမျိုးသား ကိုစက်တကက ၎င်းတို့အတွက် ကချင်အရေးပိုင်၏ အသိအမှတ်ပြုစာ၊ ခွင့်ပြုစာတို့ကို စီစဉ်ပေးသည်။ လိုအပ်သည့် လက်နက်နှင့် ရိက္ခာများကိုလည်း ပံ့ပိုးပေးခဲ့သည်။

ထွန်းဝင်းသည် ဌာနေကချင်လူမျိုးများအကြောင်းကို ကြားသိထား၍ လန့်နေသည်။ ယခင်က ရွှေကျင်သော မျက်နှာဖြူများ၏ သဘောကို ကချင်များက မြုပ်ပစ်ခဲ့သည်။ သူတို့၏ ခြေဖဝါးမှာ တစ်ပေကျော်သည်ဟု ထွန်းဝင်းနှင့်သာလွန်တို့ ကြားဖူးခဲ့ကြသည်။ သူတို့အဖွဲ့သည် တန်ဖရဲရွာမှ အထက်သို့ တက်လာခဲ့ကြသည်။ ကျွန်းပင်၊အင်ပင်ကြီးများ အုပ်မိုးနေသည်။ ဥဒေါင်းငှက်များ၏ အိုးဝေ၊ အိုးဝေတွန်သံ၊ မျောက်များ၏ ကြိုးခွေ၊ကြိုးခွေ မြည်ဟစ်သံကို လမ်းတစ်လျှောက် ကြားကြရသည်။ မေခမြစ်တဘက်တွင် သမင်၊ ဒရယ်တို့လည်း ရေသောက်ဆင်းကြသည်။ ပေါင်လုံးခန့် မြွေကြီးတစ်ကောင်ကိုလည်း တွေ့လိုက်ရသည်။ “ဒီကောင်တွေကို ချက်စားတယ်နော်၊ အားကီး ကောင်းလယ် ဆရာကီး”ဟု တရုတ်အထမ်းသမားက ပြောသည်။ မကြာမီအကောင် ၂၀ ခန့်ဆင်အုပ်ကြီးကို တွေ့ကြရပြန်သည်။

ထွန်းဝင်းတို့ အဖွဲ့သည် ခုလန်ဒူဝါကြီးနှင့် ထိန်နန်ဒူဝါကြီးများ၏ ပိုင်နက်သို့ ရောက်လာကြသည်။ ဒူဝါကြီးများကို နယ်ချဲ့အင်္ဂလိပ်တို့ကပင် သိမ်းသွင်း၍မရဟု ဆိုသည်။ ခေါင်းမာကြသည်။ “အခု လွတ်လပ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်လာမှ ဆမားဒူဝါကြီးတို့ ကြိုးစားလို့ အပြင်လူတွေ ထွက်ဝင်ရတာဘဲ”ဟု ဆရာသိန်းကျော်က ရှင်းပြသည်။ သတ်မှတ်ထားသည့်နေရာ ရောက်သောအခါ ရွက်ဖျင်မိုးတဲများ ဆောက်ကြသည်။ အချိန်မဖြုန်းဘဲ ကျင်ခွက်ကိုယ်စီနှင့် မြစ်ကမ်းသို့ဆင်း၍ ရွှေကျင်ကြသည်။ ရွှေမှုန့်များကို ငရဲမီးအက်စစ်ရေနှင့် လောင်းလိုက်သောအခါ ကျောက်မှုန့်များကို စားသွား၍ ရွှေပကတိကျန်ရစ်၏။ သူတို့အူမြူးသွားကြသည်။ တစ်ပတ်ခန့်ကြာသောအခါ ရွှေများ အတော်စုမိလာကြသည်။

ထိုအတောအတွင်း ထွန်းဝင်းသည် ၆ တောင်ကျားကြီးတစ်ကောင်ကို သတ်ဖြတ်နိုင်ခဲ့သေးသည်။ “နဲနဲညှီတာကလွဲရင် စားလို့အကောင်းသား”ဟူ၍ စားသောက်လိုက်ကြသည်။ မကြာမီ ခုလန်ဒူဝါကြီးအမိန့်ဟု ဆိုကာ ၎င်းတို့အဖွဲ့ကို ကချင်လူတစ်စုက ဖမ်းဆီးသွားခဲ့သည်။ အရပ် ၆ ပေနီးနီး၊ ဗလကောင်းကောင်းနှင့် ထွန်းဝင်းကို အင်္ဂလိပ်ကပြားထင်၍ စိတ်ဆိုးခြင်းဖြစ်သည်ဟု နောင်တွင် သိရသည်။ ဒူဝါကြီးသည် သတ္တိရှိသူကို တန်ဖိုးထားသည်။ ကျားကို သတ်နိုင်ခဲ့သော ထွန်းဝင်းကို ကျားကိုပင် သတ်နိုင်သူ အရပ် ၆ ပေ ကျော်ကျော် မဇော်လန်းဆိုသူ ကချင်အမျိုးသားနှင့် နဘမ်းသတ်ခိုင်းရန် အမိန့်ပေးခဲ့သည်။

တိုတိုပြောရလျှင် ထွန်းဝင်း အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဒူဝါကြီးက ထွန်းဝင်းကိုဖက်ရမ်းကာ အလွန်အရည်ကောင်းသော မြလက်စွပ် တစ်ကွင်းကို ချီးမြှင့်ခဲ့သည်။ ကချင်သွေးသောက်များကလည်း ထွန်းဝင်း၏ ကိုယ်၊ လက်မောင်း စသည်တို့ကို စမ်းသပ်ကြည့်ပြီး ချီးမွမ်းစကား ပြောကြားကြသည်။ ထိုအခြေအနေကို စောင့်ကြည့်နေသော ဆရာသိန်းကျော်က “ဗမာရယ်၊ ကချင်ရယ်လို့ မခွဲခြားဘဲ၊ ချီးမွမ်းနိုင်ကြတာဟာ၊ ဒို့ဗမာထက်မသာဘူးလားကွဲ့”ဟု သာလွန်ကိုပြောလိုက်သည်။ သာလွန်ကလည်း “သာတာပေါ့ဆရာ၊ ကျွန်တော်တို့ဗမာတွေဟာ အညာသား၊ အောက်သား၊ ပုသိမ်သား၊ မြောင်းမြသားနဲ့၊ လူတစ်မျိုးထဲတောင် ဒေသလိုက်ပြီး ခွဲခြားနေကြတာပဲ”ဟု ထောက်ခံလိုက်လေတော့သည်။ ■

# အင်းတော်ကြီး ရှမ်းနီတိုင်းရင်းသားများအတွက် အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်း ဖွင့်လှစ်



မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ရှမ်းနီအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းကကြီးမှူးပြီး အခြေခံ အိမ်တွင်းမှုစက်ချုပ်သင်တန်းကို အောက်တိုဘာလ ၂၅ ရက်နေ့တွင် အင်းတော်ကြီးမြို့၊ ရှမ်းနီရိုးရာဓမ္မာရုံတွင်ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်းသည် အင်းတော်ကြီးဒေသ ရှမ်းနီ တိုင်းရင်းသားမျိုးဆက်သစ် လူငယ်များအတွက် ရည်ရွယ်ကြောင်းဟု သင်တန်းဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

“ဒီသင်တန်းဟာ အင်းတော်ကြီးဒေသရှမ်းနီစာပေနှင့် ယဉ်ကျေးမှုအသင်းရဲ့ ရှမ်းနီလူမျိုး မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကို ရည်ရွယ်ပြီး ရှမ်းနီတိုင်းရင်းသားလူငယ်အချင်းချင်း ပိုမိုရင်းနှီးချစ်ခင်ကြဖို့အပြင် စည်းလုံးညီညွတ်မှုရှိစေဖို့ မျိုးချစ်စိတ်ဓါတ်ရှင်သန်လာစေဖို့နဲ့ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေ ရရှိစေဖို့ ဖြစ်ပါတယ်”ဟု သင်တန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

သင်တန်းတွင် ကချင်ပြည်နယ်မြစ်ကြီးနားမြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ဒုတိယနည်းပြဆရာမ ဒေါ်လှလှဌေး တာဝန်ယူသင်ကြားနေတာဖြစ်ပြီး ရန်ကုန်မြို့နေ အလှူရှင် ဒေါက်တာသိန်းထွန်းဦး၏ ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်နေကြောင်း သိရသည်။

“ဒီသင်တန်းကို တက်ရတာ ကျွန်မတို့အတွက် ကိုယ်ပိုင်အလုပ်အကိုင်တွေ ရရှိနိုင်တယ်။ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်း ဝင်ငွေရမယ့် အသက်မွေးဝမ်းကျောင်း အလုပ်ကို ရတော့မှာမို့လို့ အင်းတော်ကြီးဒေသ စာပေနှင့် ယဉ်ကျေးမှုအသင်းကို ကျေးဇူးတင်ပါတယ်ရှင့်။ မကြာခဏ ဒီလိုသင်တန်းတွေ ပြုလုပ်ပေးဖို့ တောင်းဆိုချင်ပါတယ်ရှင့်”ဟု အင်းတော်ကြီးမြို့၊ ရွှေအင်းသာရပ်ကွက်မှ သင်တန်းလာတက်သူ မမိဖြူက ပြောသည်။

အဆိုပါ သင်တန်းသို့ အင်းတော်ကြီးဒေသ ရှမ်းနီအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်း ကတာဝန်ရှိသူများနှင့် သင်တန်းသူများ ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ (၁)လကြာမည်ဖြစ်ကြောင်း သင်တန်းဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

ထွန်းထွန်း

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၃၀ ၊ ၂၀၁၉ )



# ပထမဦးဆုံးရိုက်ဖူးတဲ့ ဗီလိန်ဇာတ်ကောင်အကြောင်းပြောပြလာတဲ့ မော်ဒယ်လ်၊ သရုပ်ဆောင် ဂျာဆိုင်းအိန်

အောက်တိုဘာ၂၂

မော်ဒယ်လ်၊ သရုပ်ဆောင်မင်းသမီး ဂျာဆိုင်းအိန်ဟာ သရုပ်ဆောင်လောကထဲကို ကချင်အနုပညာရှင် အသိုင်းအဝိုင်းမှာသာမက မြန်မာ့ရုပ်ရှင်လောကမှာပါ (Dimensions) ဇာတ်ကားနဲ့ စတင်နာမည်ရလာတဲ့ မင်းသမီးချောလေးပါ။

လှပတဲ့ ရုပ်ရည်၊ ကျော့ရှင်းတဲ့ ကိုယ်နေဟန်၊ သွက်လက်ထက်မြက်ပြီး ချိုသာတဲ့ အပြုံးပိုင်ရှင် မင်းသမီးလေး ဂျာဆိုင်းအိန်က သရုပ်ဆောင်ပိုင်းမှာလည်း ဆွဲဆောင်မှုရှိတဲ့ မင်းသမီးလေးဆိုတော့ အချိန်တိုအတွင်းမှာပဲ ပရိသတ်အများရဲ့ ချစ်ခင်အားပေးမှုကို ရရှိလာတဲ့ မင်းသမီး တစ်လက်ပါ။

ယခုအခါ MRTV-4 ရုပ်သံဇာတ်လမ်းတွဲမှာ အောက်တိုဘာလ ၂၁ ရက်နေ့က ထုတ်လွှင့်ပြီးစီးခဲ့ပြီ ဖြစ်တဲ့ "တတိယမြောက် ဆုံမှတ်" ဇာတ်လမ်းတွဲမှာတော့ မင်းသမီးချော ဂျာဆိုင်းအိန်က သူမရဲ့ ပထမဦးဆုံး ဗီလိန် (လူဆိုးမလေး)ဇာတ်ရုပ်အဖြစ် ပါဝင်ခဲ့ပြီး ပရိသတ်တွေရဲ့ အားပေးမှုကို ထပ်မံရရှိခဲ့ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲလေးကို ဘန်ကောက် ဒါရိုက်တာတစ်ဦးက သဘာဝလွန် အက်ရှင်၊ အချစ်၊ Drama ဆန်ဆန် ပုံဖော်ရိုက်ကူးထားတာဖြစ်ပြီး သရုပ်ဆောင် ဂျာဆိုင်းအိန်ကတော့ (Villain) လူဆိုးမလေး 'နေရီရီ' အဖြစ် ပါဝင်ထားတာပဲ ဖြစ်ပါတယ်။

သူမရဲ့ ပထမဦးဆုံး ဇာတ်လမ်းတွဲမှာပဲ ဇာတ်ရုပ်အသစ်ဖြစ်တဲ့ လူဆိုးမလေး (Villain) 'နေရီရီ'အဖြစ် ပါဝင်ခဲ့တာကြောင့် ပရိသတ်တွေရဲ့ အမုန်းစကားတွေကို ခံခဲ့ရပေမယ့် အားပေးမှုသာ ဖြစ်တယ်လို့ ခံယူကြောင်းနဲ့ သရုပ်ဆောင်မှု အပိုင်းကို အားရကျေနပ်မိကြောင်း ဂျာဆိုင်းအိန်က အခုလိုဆိုပါတယ်။

"ကိုယ်က ဗီလိန်နေရာမှာ သရုပ်ဆောင်တော့ ဗီလိန်ဖြစ်မနေဘူး။ လူမမုန်းဘူးဆိုရင် ဗီလိန် မဖြစ်ဘူး။ အခုလို လူမုန်းတယ်ဆိုတော့ သူတို့စိတ်ထဲမှာ၊ အမြင်ထဲမှာ ဗီလိန်တစ်ယောက် အနေနဲ့ ရောက်သွားတယ် ဆိုတော့ သရုပ်ဆောင် ကောင်းလို့ထင်တယ်"ဟု သူမက ပြောပါတယ်။

သည်ဇာတ်လမ်းတွဲကို မရိုက်ကူးမီ အစမ်းလေ့ကျင့်မှုနဲ့၊ လူတွေ့စစ်ဆေးပြီး ဇာတ်ကောင်နေရာ ချရတဲ့ အပိုင်းတွေနဲ့ မိမိဇာတ်ရုပ်ပေါ်လွင်ဖို့ အချိန်(၃)လ ခန့်ကြာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ရကြောင်းနဲ့ ဒါရိုက်တာရဲ့ အကူအညီတွေကြောင့် အခက်အခဲမရှိဘဲ ရိုက်ကူးနိုင်ခဲ့ကြောင်း သူမက ဆိုပါတယ်။

"ဇာတ်လမ်းတွဲမရိုက်ခင် အများကြီး ပြင်ဆင်ခဲ့ရတယ်။ ဒါရိုက်တာကလည်း ရိုက်ကူးရေးမစခင် အကုန်သင်ပေးတယ်။ ရိုက်ကွင်းမှာလည်း သူနဲ့ပဲ အစမ်းအရင် သရုပ်ဆောင် ကျင့်ရတယ်။ သူကိုယ်တိုင် Dialogue တွေပြောတယ်။ ဘယ်လို လုပ်ရမယ်။ မျက်နှာအမူအရာက အစ သင်ကြားပေးတယ်။ အရမ်းဂရုစိုက်ပေးတယ်။ သေချာကို ရိုက်တယ်"လို့ သူမက ဆိုပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲ ရိုက်ကူးပြီးချိန်မှာတော့ သရုပ်ဆောင် ဂျာဆိုင်းအိန်က "တစ်ခုတော့ရှိတယ် အဲ့ဒီဇာတ်ကားရိုက်ပြီးသွားတော့ အရမ်း စွာလာတာတော့ ဟုတ်တယ်။ အဲလိုဇာတ်ရုပ်အတိုင်း ဖြစ်သွားတယ်။ ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘူး။ သူငယ်ချင်းတွေက နင် အခုတလော အရမ်းစွာလာတယ် ပေါ့နော်. . . (ရယ်လျက်)။ လူက အဲလိုဇာတ်ရုပ်မှာ ၆ လ လောက် နေလာတဲ့ အခါကျတော့ အပြင်မှာလည်း အဲ့လိုဖြစ်လာတယ်။ အရမ်းကို စွာပြီး၊ ကိုယ့်ကိုယ်ကိုယ် မာန်တွေတက် အဲ့လိုတော့ ရှိတယ်"ဟု ပြောပြပါတယ်။

မော်ဒယ်လ်၊ သရုပ်ဆောင် ဂျာဆိုင်းအိန်ဟာဆိုရင် သရုပ်ဆောင်လောကထဲကို ၂၀၁၃ ခုနှစ်က စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ကချင်အနုပညာရှင် အသိုင်းအဝိုင်းမှာသာမက မြန်မာ့ရုပ်ရှင်လောကမှာပါ တက်လှမ်းလာပြီး အောင်မြင်မှုတွေကို ရရှိနေပြီဖြစ်တဲ့ သရုပ်ဆောင်တစ်ယောက်ပဲဖြစ်ပါတယ်။ ■

Benadeth

စာ .. ၁၈ မှ အဆက်...

အခြားက ဆုံးဖြတ်ချက် ချနေတယ်ဆိုရင် ပိုမကောင်းဘူးလား၊ ဒါပေမဲ့ လိုချင်တာက ကိုယ်ပိုင်ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း လွတ်လပ်ရေးကို တိုက်ယူခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နေရာတိုင်းမှာ လူသားဆိုပြီး အပြည့်အဝနေထိုင်ချင်ပါတယ်။ ကိုယ်တိုင်ဆုံးဖြတ်ချက် ချချင်ပါတယ်။ ကျွန်တော်တို့ကို တန်းတူအခွင့်အရေးရှိလား၊ မသန်စွမ်းမှုကြောင့် ဘယ်နေရာမှ ခွဲခြားမှုမရှိခြင်းကိုဆိုလိုပါတယ်။ စစ်တွေကြောင့်လည်းမသန်စွမ်းသူတွေ ပိုမိုတိုးလာပါတယ်။ လူတစ်ဦးသေရင် လေးဦးမသန်စွမ်းဖြစ်ပါတယ်။ ဒီလူတွေကို ထည့်သွင်းမစဉ်းစားဘူး ဆိုရင် ဘယ်တော့မှ ငြိမ်းချမ်းရေး ရမှာမဟုတ်ပါဘူး။ မသန်စွမ်းသူတွေ အပြည့်အဝပါဝင်နိုင်ဖို့ ဆွေးနွေးပွဲများ၊ မူဝါဒချမှတ်ခြင်း၊ အများပြည်သူနဲ့ဆိုင်တဲ့ကိစ္စတွေမှာ ထည့်သွင်းစဉ်းစားပေးရပါတယ်။ ကျွန်တော်တို့လည်း ကိုးကွယ်ချင်ပါတယ်။ အဲ့ဒီအတွက် နေရာတွေဖန်တီးမပေးနိုင်ဘူးလား၊ ပညာရေးကဏ္ဍမှာရော သင်ယူခွင့်ရနိုင်ဖို့ ဖန်တီးမပေးနိုင်ဘူးလား၊ အဲဒါလေးတွေဟာ စီစဉ်ပေးနိုင်မယ်ဆိုရင် ပြည့်ဝစွာနေထိုင်ရမှာ ဖြစ်ပါတယ်။ အခုလက်ရှိလူသားဘဝကို ပြည့်ဝစွာအရသာခံချင်ပါတယ်"ဟု ဆွေးနွေးတင်ပြခဲ့သည်။

ဖောင်တော်ဦး ဘုန်းတော်ကြီး သင်ပညာရေးကျောင်းမှ အရှင်ထေရိန္ဒကလည်း "ခွဲခြားဆက်ဆံခံရမှုတွေ၊ ဖယ်ကျဉ်ခံထားရရင် ဒေါသတွေ၊ အာကာတတွေ များစွာ ဖြစ်ပေါ်ပါတယ်။ ပညာရေး၊ သန်စွမ်း မသန်စွမ်း၊ ကျားမ၊ LGBT ခွဲခြားမှုတွေဟာ နယ်ပယ်အသီးသီးမှာဖြစ်နေပါတယ်။ အရင်က ကားလိုင်းတွေမှာ ကျား/မ ဆိုပြီးခွဲ ထားတာတွေ ရှိပါတယ်။ ပြဿနာတက်တာက LGBT တွေပဲဖြစ်ပါတယ်။ ဟိုဘက်ကလည်း လက်မခံ၊ ဒီဘက်ကလည်းလက်မခံကြပါဘူး၊ နောက်ပိုင်းခဏခဏ ဖြစ်လာတော့ ဆိုးရွားတဲ့ ခွဲခြားမှုကို မြင်တွေ့ရပါတယ်။ အဲ့ဒီလို LGBT တွေ အပေါ်မှာ အမြင်မရှင်းပါဘူး၊ ဒီနေ့အထိလည်း နားမလည်၊ လက်မခံနိုင်ကြပါဘူး။ မတူကွဲပြားမှုကို လက်မခံကြပါဘူး၊ ကွဲခြားမှုကိုလုပ်ဆောင်တာ လူတွေပဲ ဖြစ်ပါတယ်။ လူတွေမွေးဖွားလာတုန်းက ဘာသာလည်း မပါသလို၊ ဘာလူမျိုးဆိုပြီးလည်း မပါပါဘူး၊နောက်ပိုင်းမှလူ့ပတ်ဝန်းကျင်က နာမည်၊ တံဆိပ်တွေ ကပ်လိုက်တာ ဖြစ်ပါတယ်။ မွေးတုန်းက ဘာမှမရှိပါဘူး၊ နောက်ပိုင်းမှာ လူ့ပတ်ဝန်းကျင်က တံဆိပ်တွေ၊ ဘာသာတရား မျိုးစုံတပ်လိုက်တဲ့အခါမှာ ခွဲခြားမှုစတင်ခဲ့တာဖြစ်ပါတယ်။ လူသားဟာ လူသားလိုပဲနေရမှာ ဖြစ်ပါတယ်၊ လူသားတိုင်းမှာ ချစ်တတ်မုန်းတတ်ကြတာ သဘာဝတရားပဲ ဖြစ်ပါတယ်။ လူဆိုတဲ့ တစ်ခုကိုပဲ မှတ်ယူရမှာဖြစ်တယ်၊ အခြားဟာတွေကတော့ ယာယီသတ်မှတ်ချက်တွေပဲ ဖြစ်ပါတယ်။ ဒါဟာ လူတွေရဲ့ အသိပညာနဲ့ပဲ ဆိုင်ပါတယ်။ အသိပညာ၊ဗဟုသုတမြင့်လာလေ ခွဲခြားမှုတွေ လျော့နည်းလာလေဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးရဲ့ ပညာရေးစနစ်ဟာလည်း လူတွေကို ချစ်တတ်အောင် သင်မပေးပါဘူး၊ သမိုင်းမှာ လူသတ်သမားဟာလည်း သူ့ရဲကောင်းဖြစ်နေပါတယ်။ သမိုင်းမှာ လူများများသတ်နိုင်လေ သူ့ရဲကောင်းပိုဖြစ်လေပါပဲ။ လက်နက်တွေမကိုင်အောင် လက်နက်တွေလျော့အောင် ဝိုင်းဝန်းပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အားလုံးပါဝင်လုပ်ဆောင်မှ အားလုံး လိုက်လျောညီထွေဖြစ်မှာ ဖြစ်ပါတယ်။ ပညာရေးမှာလည်း လူတွေကို ကြင်နာတတ်တဲ့၊ သနားတတ်တဲ့ ပညာရေးကို သင်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ ခွဲခြားမှုတွေလျော့မှာဖြစ်ပါတယ်။ ပညာတိုင်းဟာ သူ့တန်ဖိုးနဲ့သူရှိပါတယ်၊ သူ့နေရာနဲ့သူ အသုံးဝင်ပါတယ်။ ပညာတတ်အောင်သာ သင်ပေးလိုက်ရင် ဘယ်လိုလူမျိုးမဆို တိုင်းပြည်အတွက် မဆုတ်ယုတ်ပါဘူး၊ အားလုံးဟာ တန်ဖိုးရှိတဲ့သူတွေဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ဥပဒေတွေနဲ့ ကာကွယ်ပေးဖို့ လိုပါတယ်၊ ဒါမှသာ လုံခြုံငြိမ်းချမ်းစွာ ပျော်ပျော်ရွှင်ရွှင် နေနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ မသန်စွမ်းတွေအတွက် လုပ်ဆောင်ပေးမှုဟာ အလွန်ကို နည်းပါသေးတယ်၊ ကျောင်းတွေမှာလည်း လုပ်ဆောင်ပေးဖို့အများကြီး လိုအပ်ပါတယ်။ ခွဲခြားမှုတွေကိုပပျောက်ဖို့အတွက်၊ အဖွဲ့အစည်းတွေဖွဲ့စည်းပြီး တွန်းတိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အားလုံးငြိမ်းချမ်းပျော်ရွှင်ဖို့ဆိုရင် လူတစ်ဦးချင်းစီ ငြိမ်းချမ်းပျော်ရွှင်ဖို့ အရေးကြီးပါတယ်။ လူမှာ ရုပ်နဲ့ နာမ်ပဲရှိပါတယ်၊ ဘာသာတရားတွေ အခြားခွဲခြားမှုတွေ မရှိပါဘူး။ ဒါဟာ အနက်ရှိုင်းဆုံး ဒီမိုကရေစီပဲ ဖြစ်ပါတယ်။ အဲ့ဒီမှာ မိန်းမ၊ ယောကျ်ား၊ ဆင်းရဲ၊ ချမ်းသာ၊ ဘာမှ မရှိတော့ပါဘူး၊ အဲဒါတွေကိုကျော်လွန်သွားတာနဲ့ အကြွင်းမဲ့ ငြိမ်းချမ်းမှုကိုရရှိပါမယ်။ အဲ့ဒီတော့ ကွဲပြားမှုတွေကို လက်ခံနိုင်အောင် ကြိုးစားနေပါတယ်၊ ဘာနဲ့ကြိုးစားနေလည်း ဆိုရင် ပညာရေးနဲ့ ကြိုးစားနေပါတယ်။ သနား၊ ကြင်နာ၊ မေတ္တာထားနိုင်တဲ့ သင်ခန်းစာတွေကို ကျောင်းတွေမှာ ပြဋ္ဌာန်းနိုင်ပြီး သင်ကြားပေးနိုင်မယ်ဆိုရင် သဟဇာတဖြစ်သော လူ့အဖွဲ့အစည်း တစ်ရပ်ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ လူတစ်ဦးချင်းစီ ငြိမ်းချမ်းမှုကနေ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးငြိမ်းချမ်းသွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုဖြစ်ဖို့ဆိုရင် ဘယ်သူမှမကျန်ပဲ ပါဝင်လုပ်ဆောင်ဖို့လိုပါတယ်"ဟု ဆွေးနွေးတင်ပြခဲ့သည်။

ထိုသို့ မြန်ဆန်စွာ ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန်အတွက် အားလုံးပါဝင်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိပါက အခြားအခွင့်အရေးများ ဆုံးရှုံးရကြောင်း၊ စစ်ပွဲမရှိမှ ငြိမ်းချမ်းခြင်းမဟုတ်ဘဲ၊ တိုင်းပြည်၌ ဥပဒေကောင်း တစ်ခုပေါ်ထွက်လာနိုင်ရန်လည်း အရေးကြီးကြောင်း၊ အခြားဥပဒေများနှင့် ပတ်သက်ပြီး ပြည်သူများမည်သို့နားလည်ထားသည့် အချက်များပေါ်လည်း မူတည်ကြောင်း၊ ပြည်သူများမည်သို့ ဒုက္ခများကြုံတွေ့နေရသည် ဆိုသည့် အသံများလည်း နားထောင်ရန် လိုအပ်ကြောင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်း သာမဟုတ်ဘဲ အကောင်အထည်ဖော်ဆောင်ရွက်မှုပိုင်းလည်း အရေးကြီးကြောင်း၊ ထိုမှသာ လူတိုင်း သဟဇာတဖြစ်ပြီး အခွင့်အရေးများ ရရှိလာမည်ဖြစ်ကြောင်း iSchool Myanmar မှ ဒါရိုက်တာ ဦးစိုးထွန်းက ရှင်းလင်းပြောကြားခဲ့သည်။ ■

မွန်းမွန်းပန်




# Mini Mr& Miss Myanmar 2019 ပြိုင်ပွဲတွင် Winner ဆုကြီးကို ဆွတ်ခူးရရှိသွားတဲ့ ကချင်ပြည်နယ်မှ

## အသက် ၆ နှစ်အရွယ် လီဆူတိုင်းရင်းသူလေး

# ဂရေ့(စ်)နား

အောက်တိုဘာ ၂၅

Miss Golden Land Myanmar မှ ဦးစီးကျင်းပသော Mini Mr& Miss Myanmar 2019 ပြိုင်ပွဲကြီးတွင် ကချင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် လီဆူ တိုင်းရင်းသူလေး အသက်(၆)နှစ် အရွယ် မဂရေ့(စ်)နားက Little Miss Earth Myanmar Winner ဆုကြီးကို ဆွတ်ခူး ရရှိခဲ့ကြောင်း သိရသည်။

တတိယအကြိမ်မြောက် ကျင်းပသည့် ယင်းပြိုင်ပွဲတွင် အသက်(၄)နှစ်မှ (၆) နှစ်အရွယ် အလှမောင်/မယ်များ၏ ယှဉ်ပြိုင်မှု၊ အသက်(၇)နှစ်မှ (၁၂)နှစ်အရွယ် အလှမောင်/မယ်များ၏ ယှဉ်ပြိုင်မှု အပိုင်းများ ပါဝင်သော ယင်းပြိုင်ပွဲကြီးကို အောက်တိုဘာလ (၁၇)ရက်နေ့က ရန်ကုန်မြို့ CBC Ballroom ၌ ကျင်းပခဲ့ခြင်း ဖြစ်သည်။

အသက်(၄)နှစ်မှ (၆)နှစ်အထိ ပါဝင်ယှဉ်ပြိုင်ရသည့် အလှမယ် ပြိုင်ပွဲတွင် ဂရေ့(စ်)နားက Little Miss Earth Myanmar Winner ဆုကြီးကို ရရှိခဲ့ခြင်း ဖြစ်သည်။

၎င်းအပြင် ပြိုင်ပွဲတွင် ပင်ကိုယ်စွမ်းရည် (Talent)၊ ညနေခင်းဝတ်စုံ (Evening Gown)၊ မြန်မာရိုးရာဝတ်စုံ (ထိုင်မသိမ်း) အစရှိသဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ရာမှာလည်း ဂရေ့(စ်)နားက Title ဆုအဖြစ် Up Coming Star Award အပြင် ပင်ကိုယ်စွမ်းရည်ပြိုင်ပွဲတွင်လည်း နံပါတ်(၅)နေရာ ရရှိခဲ့ကြောင်း သိရသည်။

Little Miss Earth Myanmar Winner ဆုကြီးကို ရရှိခဲ့သောကြောင့် မျက်ရည်ကျမိအောင် ပျော်ရွှင်မိကြောင်း ဂရေ့(စ်)နားက ဆိုသည်။

"သမီးဆုရတာ အရမ်းပျော်တယ်။ ဝမ်းသာပြီး စင်အောက်ဆင်းလာပြီး မာမားဆီ ဖုန်းဆက်မယ်။ ပါပါးဆီ ဖုန်းဆက်မယ်လို့ အဒေါ်ကို ပြောခဲ့တယ်"ဟု ဂရေ့(စ်)နားက ပြောသည်။

လက်ရှိတွင် အလှမယ်လေးသည် မြစ်ကြီးနားမြို့ ILBC အင်္ဂလိပ်ကျောင်း၌ GradeII တွင် တက်နေကြောင်းနှင့် အလှမယ်ပြိုင်ပွဲများကိုလည်း ဆက်လက်ယှဉ်ပြိုင်လိုကြောင်း ဂရေ့(စ်)နားက ဆက်လက်ပြော ဆိုသည်။

ဂရေ့(စ်)နား၏ ဝါသနာကြောင့် ဆန္ဒဖြည့်ဆည်းပေးရန် ယင်းပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ပေးခဲ့ရာမှ ဆုရရှိခဲ့သောကြောင့် ဂုဏ်ယူပီတိဖြစ်မိကြောင်းနှင့် ရှေ့ဆက်ပြီး နိုင်ငံ့ဂုဏ်ဆောင် အလှမယ်တစ်ဦးဖြစ်လာအောင် ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ဂရေ့(စ်)နားမိခင် ဒေါ်ထွေးရင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"သမီးလေးက ငယ်ငယ်ကတည်း အနုပညာနဲ့ ပတ်သက်ရင် အရမ်းဝါသနာပါတယ်။ က'တာလည်း တော်တယ်။ သူလုပ်ချင်တဲ့ အနုပညာလမ်းကို ဟိုးအဆုံးထိ အတတ်နိုင်ဆုံး ထောက်ပံ့ပေးသွားမယ်။ ဒီပြိုင်ပွဲမှာလည်း သူအရမ်းကြိုးစားခဲ့ပါတယ်"ဟုဒေါ်ထွေးရင်က ဆိုသည်။

အလှမယ်လေးများသည် ဖိုင်နယ်ပွဲမကျင်းပမီ ပေါင်းသင်းဆက်ဆံရေးနှင့် လူမှုကျင့်ဝတ်များ၊ စတိုလ်ကျအောင် နေထိုင်ပြုမူတတ်စေရန် လေ့ကျင့်မှုများ အစရှိသည့် စခန်းသွင်းလေ့ကျင့်မှုကို တစ်ပတ်တိတိ တက်ခဲ့ရသောကြောင့် ပြိုင်ပွဲပြီးဆုံးသွားချိန်၌ ဂရေ့(စ်)နား၏ အပြောအဆို၊ အနေအထိုင်များ ပိုမိုသိမ်မွေ့လာခြင်းစသော ချစ်စရာအပြုအမူလေးများကို မြင်တွေ့ခဲ့ရကြောင်း အဒေါ်ဖြစ်သူ မချန်ဆိုင်းက ပြောသည်။

"သူ့အတွက် အတွေ့အကြုံသစ်တွေ ရခဲ့တာပေါ့။ စခန်းသွင်း လေ့ကျင့်တာရဲ့ အကျိုးရလဒ်က အရမ်းကို ထူးခြားပါတယ်။ ကလေးတစ်ယောက်အနေနဲ့ ပြေးလွှားဆော့ကစားနေတာကနေ ဂရေ့(စ်)နား အလှမယ်တစ်ယောက် ဘယ်လိုနေရမယ်လို့ပြောတဲ့ အခါကျရင် သူ့ဟာသူ ပြုပြင်နိုင်တဲ့ အပိုင်းတွေ ရှိလာတယ်။ စမတ်ကျကျနေတာတွေ မြင်လာရတယ်"ဟု မချန်ဆိုင်းက ဆိုသည်။

အသက်(၄)နှစ်မှ (၆) နှစ်အရွယ် ယှဉ်ပြိုင်မှုတွင် အလှမယ် စုစုပေါင်း(၁၀)ဦး ဝန်းကျင် ယှဉ်ပြိုင်ခဲ့ပြီး Winner ဆု(၄)ဆုအဖြစ် Little Miss World Myanmar, Little Miss Supranational Myanmar, Little Miss Universe Myanmar, Little Miss Earth Myanmar တို့ကို ပေးအပ်ခဲ့ရာမှ အလှမယ်လေး ဂရေ့(စ်)နားက Little Miss Earth Myanmar Winner ဆုကြီးကို ရရှိခဲ့ခြင်း ဖြစ်သည်။

Winner ဆုကြီး ရရှိသူများသည် ဆုများအဖြစ် Winner Crown၊ စလွယ်၊ ဒိုင်းဆုအပြင် အလှမယ်တစ်ယောက်နေထိုင်ပုံနှင့် ပတ်သက်သည့် သင်တန်းကို အခမဲ့တက်ရောက်ခွင့်၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် Runway Model ပွဲတွင် တက်ရောက် လျှောက်လှမ်းခွင့် စသောအခွင့်အရေးများကို ရရှိခဲ့ကြောင်းလည်း သိရသည်။ ■

Benadeth

## (၅)ကြိမ်မြောက်တစ်ချက်တည်းဖြင့်ကျင်းဝင် (HOLE IN ONE)



၁၄.၁၀.၂၀၁၉ မြစ်ကြီးနား ဂေါက်ကလပ်ကျင်း အမှတ် (၃) Short Hole ကျင်းတွင် ဦးယော်ဆိုင်းမှ ဂေါက်သီး Titleist No(4)၊ ဂေါက်တုတ်နံပါတ် XXIO MP900 IRON NO.(9) ဖြင့် ကိုက်(၁၅၀) အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ၎င်းနှင့် အတူ ကစားဖော်များမှာ ဦးအားဖူ ၊ ဦးအောင်ရာတန်၊ ဦးနော်ဆမ်၊ ဦးနော်ထွယ်၊ ဦးလဆမ် တို့ ဖြစ်ကြောင်းသိရသည်။

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၃၀ ၊ ၂၀၁၉ )

# ပန်းပုလက်မှုပညာရှင် ဇိန်ထုံးခါးလီ





အနုပညာ လက်ရာတွေကိုပုံဖော်တဲ့ မြန်မာ့ပန်းဆယ်မျိုးစာရင်းဝင် ပန်းပုလုပ်ငန်းဖြစ်တဲ့ သစ်သားကိုဖန်တီးတဲ့ ပန်းပု၊ ပလာစတာနဲ့ဖန်တီးတဲ့ပန်းပု၊ ကျောက်ကို ဖန်တီးတဲ့ပန်းပုဆိုပြီး အမျိုးမျိုးရှိပါတယ်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာနေထိုင်တဲ့ လူမှုရေးအသင်းအဖွဲ့တွေ ဘာသာရေး အဖွဲ့တွေအတွက် မယ်တော်ရုပ်ထုတွေကို ထုဆစ်ပြုလုပ်ပေးနေတဲ့ ပလာစတာပန်းပုပညာရှင် ဆရာဇိန်ထုန်းခါးလီက ပန်းပုလက်မှုပညာရှင်တွေ ရှားပါးတဲ့အကြောင်းကို အခုလိုပြောပြပါတယ်။

“လက်ရှိ မြန်မာနိုင်ငံရဲ့ ပန်းပုလုပ်ငန်း ကောင်းပေမယ့် နယ်ဘက်မှာကျတော့ အများပိုင်းက လွယ်လွယ်ကူကူနဲ့ သူများလုပ်ထားတဲ့ ပုံတော်ပစ္စည်းတွေကိုမှာယူပြီး သုံးကြတဲ့အခါကျတော့ ကျွန်တော်တို့ ဒီနယ်ဘက်တွေမှာ ဒီ ပန်းပုတတ်တဲ့သူတွေ ရှားသွားသလို ဖြစ်သွားတယ်” လို့ ပြောပါတယ်။

“အထူးသဖြင့် ကချင်ပြည်နယ်ဘက် ကျတော့ ခရစ်ယာန်ဆိုလည်း ရိုမန်ကစ်သလစ်လောက်ပဲ သုံးတဲ့ အခါကျတော့ နည်းသွားတာဖြစ်တယ်”လို့ ဆက်ပြောပါတယ်၊

ရိုမန်ကက်သလစ် ဘုရားကျောင်း တော်တော်များများမှာ ဘုရား ပုံတော်အမျိုးမျိုးကိုတွေ့ရပြီး ဆရာအနေနဲ့ ဘုရားပုံတော်တွေကို အများဆုံး လက်ခံဖြစ်တယ်လို့ ပြောပါတယ်။

“နေရာတစ်ရာက ဘုရားကျောင်းတိုင်းမှာ လိုအပ်တဲ့ ပုံတော်တွေကို ဒီမှာလုပ်ခိုင်းတဲ့အတွက် အများပိုင်းက ဒီ ဘုရားပုံတော်တွေ လုပ်ဖြစ်သွားတာဖြစ်တယ်၊ ဒါပေမဲ့ တစ်ခြား ကိုယ့်အဘိုးအဖွား။ အမှတ်တရအနေနဲ့ ကိုယ်တစ်ပိုင်းပုံစံ၊ ဆုံးသွားတဲ့ အဘိုးအဖွားပုံတော်တွေ သူတို့လိုချင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ပုံတော်တွေကို လုပ်ပေးတယ်”လို့ ပြောပါတယ်။

ပလာစတာပန်းပု ဖြစ်တဲ့အတွက် ကိုယ်လိုချင်တဲ့ပုံ။ အရွယ်အစားကို ရွှံ့နဲ့ကိုင်ပြီး ဦးစွာမတူတူအောင် လုပ်ယူပြီးနောက်ပိုင်းမှပုံစံခွက်လုပ်ယူပြီး ပလာစတာ၊ ဘိလပ်မြေနဲ့လောင်းပြီးအဆင့်ဆင့် ပြုလုပ်ရကြောင်း သိရပါတယ်။

ပုံတစ်ခု လုပ်ရာမှာ အချိန်တစ်လလောက် ယူရပြီး၊ တစ်ပေကို ၁ သိန်းနှုန်းနဲ့ ပြုလုပ်ပေးပြီး၊ ပန်းပုလက်မှုပညာကို စိတ်ဝင်စားတဲ့ မျိုးဆက်သစ် လူငယ်တွေ၊ တတ်ချင်သူတွေ လာရောက်ကြည့်ရှုနိုင်တယ်လို့ ဇိန်ထုံးခါးလီက ပြောပါတယ်။ ■

အက်စတာ

# မနောပျိုမယ် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပြုလုပ်



အောက်တိုဘာ ၂၅

ကချင်ပြည်နယ် အတွင်းရှိ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရှုခင်းလေးများကို ဓာတ်ပုံပညာဖြင့် ဖော်ထုတ်သည့် ‘မနောပျိုမယ်’ ဓာတ်ပုံပြိုင်ပွဲကို အောက်တိုဘာလ ၂၅ ရက်နေ့က မြစ်ကြီးနားမြို့၊ စီတာပူမနောင်ကွင်း၌ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကချင်ပြည်နယ်ဓာတ်ပုံ အသင်းမှ ဦးစီးကျင်းပကာ Fujifilm Myanmar ၏ ကူညီထောက်ပံ့မှုဖြင့် ပထမဦးဆုံးအကြိမ် ပြုလုပ်သည့် ဓာတ်ပုံပြိုင်ပွဲဖြစ်ကြောင်းလည်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်မှတ်တမ်းတင်လိုခြင်းနှင့် ဓာတ်ပုံပညာကို စိတ်ပါဝင်စားသူများ ပိုမိုများပြားလာအောင် ယင်းပြိုင်ပွဲကို ပြုလုပ်ရခြင်း ဖြစ်ကြောင်း ကချင်ပြည်နယ် ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးပေါလုက ဆိုသည်။

ပြိုင်ပွဲတွင် ကြိုက်နှစ်သက်ရာ ကင်မရာအမျိုးအစားဖြင့် ယှဉ်ပြိုင်ခြင်းနှင့် Fujifilm Myanmar ထောက်ပံ့ကူညီမှုဖြင့် ပြုလုပ်ခြင်းဖြစ်သောကြောင့် Fuji ကင်မရာဖြင့် သီးသန့်ယှဉ်ပြိုင်ခြင်းဟူ၍ အမျိုးအစား(၂)ခုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ကိုပေါလုက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“Fuji မြန်မာက ထောက်ပံ့ပြုလုပ်တဲ့အတွက် Fuji ကင်မရာ ကိုင်တဲ့သူတွေအတွက်သီးသန့်ပါဝင်နိုင်တဲ့အမျိုးအစားဆိုပြီး သတ်မှတ်ထားပါတယ်။ ဖူဂျီကင်မရာကိုင်တဲ့သူတွေကတော့(၂)ခုစလုံးမှာ ပါဝင်နိုင်ပါတယ်” ဟု ကိုပေါလုက ဆိုသည်။

ကြိုက်နှစ်သက်ရာ ကင်မရာအမျိုးအစားဖြင့် ယှဉ်ပြိုင်ရာတွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ ရွှေကူ၊ မိုးကောင်း စသည့်မြို့များမှ ဓာတ်ပုံဝါသနာရှင်များ စုစုပေါင်း (၂၄)ဦးယှဉ်ပြိုင်ခဲ့ရာမှ Fuji ကင်မရာဖြင့် ယှဉ်ပြိုင်သူ(၇)ဦးရှိခဲ့ကြောင်းနှင့် ၎င်းတို့မှ မိမိကြိုက်နှစ်သက်ရာ ပုံနှစ်ပုံဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း ကိုပေါလုက ဆက်လက်ပြောသည်။

“မော်ဒယ်လ်အမျိုးသမီးတစ်ယောက် ခေါ်ပြီးတော့ ကျန်တဲ့ ပြိုင်ပွဲဝင်တွေက ဝိုင်းရိုက်ပြီးတော့(၂)ပုံစီ ပြန်ယှဉ်ပြိုင်ရတယ်။ သူတို့ကတော့ (၂)ခုလုံးမှာ ဝင်ပြိုင်တာပေါ့လေ”ဟု ကိုပေါလုက ဆိုသည်။

ပြိုင်ပွဲတွင် ဆုများအဖြစ် ပထမဆု (၁)သိန်းကျပ်၊ ဒုတိယဆု(၇)သောင်းကျပ်၊တတိယဆု (၅)သောင်းကျပ်တို့အပြင် နှစ်သိမ့်ဆု (၃)ဆုအတွက် (၂)သောင်းစီ ချီးမြှင့်ပေးခဲ့ကြောင်းလည်း သိရသည်။

မိမိ ကြိုက်နှစ်သက်ရာကင်မရာအမျိုးအစားဖြင့် ပါဝင်ယှဉ်ပြိုင်သူများထဲက ကိုသိန်းဇော်လင်း (ပထမဆု)၊ ဖာသာတူးဂျာ (ဒုတိယ)၊ ကိုရဲမင်း(တတိယ)ဆု အပြင် နှစ်သိမ့်ဆုများအဖြစ် ကိုဇော်ဦး၊ ကိုKနော်ဆန့်၊ ကိုထွန်းလှအောင်တို့က အသီးသီး ရရှိခဲ့ကြသည်။

၎င်းအပြင် Fuji ကင်မရာ အသုံးပြု ယှဉ်ပြိုင်သူများထဲက ကိုထွန်းလှအောင် (ပထမ)၊ ကိုရဲမင်း(ဒုတိယ)၊ ကိုဇော်လင်းဦး (တတိယ) နှင့် နှစ်သိမ့်ဆုအဖြစ် လယ်မယ်လေး၊ ကိုမြတ်စော၊ ကိုထွန်းလှအောင်တို့က ရရှိခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲတွင် အမှတ်ပေးအကဲဖြတ်ဒိုင်များအဖြစ် ဦးခင်မောင်ဇော်(ခ) ကိုဇော် (ဖားကန့်)၊ ဦးအောင်ဇေယျ (AZY)နှင့် ဦးမင်းမင်း (MU) တို့က ပါဝင်ခဲ့ကြသည်။

ကချင်ပြည်နယ် အတွင်းရှိ သဘာဝရှုခင်းအလှတရားများ၊ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်သွားမည့်အပြင်၊ အခြားသော ဒေသများ၏ အရိပ်အငွေ့များကိုပါ ဓာတ်ပုံပညာဖြင့် အရည်အသွေးများကို ဖော်ထုတ်သွားနိုင်အောင်၊ ကချင်ပြည်နယ်ဓာတ်ပုံအသင်းက ဆက်လက် ကြိုးစားဆောင်ရွက်သွားရန် အစီအစဉ်များရှိကြောင်း ကချင်ပြည်နယ်ဓာတ်ပုံအသင်း ဒုဥက္ကဋ္ဌကို မြတ်စောက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ကချင်ပြည်နယ်ရဲ့ ဒေသ အရိပ်အငွေ့သာမက အခြား ဒေသပါ၊ အဆင့်ဆင့်ပေါ့နော်။ မြန်မာနိုင်ငံမှာလည်း ဒါမျိုးရှိတယ် ဆိုတာတွေ။ ဒေသတွေကို သိလာမယ်။ ယဉ်ကျေးမှုလေးတွေကို သိလာမယ်ပေါ့။ ကြိုးစားလုပ်ဆောင်သွားဖို့ ရှိပါတယ်”ဟု ကိုမြတ်စောက ပြောသည်။

ကချင်ပြည်နယ်ဓာတ်ပုံအသင်းအနေဖြင့် Fuji Film Myanmar နှင့် ပူးပေါင်းကာ ဓာတ်ပုံပြိုင်ပွဲများ ဆက်လက် လုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။ ■

Benadeth